SACCADES • FIXATIONS • REGRESSING • JOURNALS • CONTEXT • SUBVOCALIZATION • POETRY • SKIMMING • PREREADING • PACING • CLUSTERING • COMPREHENSION • NOVELS • MANUALS

# READING SMART®

## စာဖတ်ကျွမ်းခြင်းဖြင့်ဘဝတိုးတက်ရေး

၂

ဝင်းသန့်

Nicholas Reid Schaffzin

# ဇင်သန့်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၌ ၁၉၄၆ ခုနှစ်၊ မေလ (၂၃)ရက်နေ့တွင် အဘ - ဦးအေးမောင်၊ အမိ- ဒေါ်သိန်းတန်တို့မှ မွေးဖွား။

အသက် (၄) နှစ်အရွယ်တွင် မိဘများနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရန်ကုန်မြို့တွင်ပင် ပညာသင်ကြားခဲ့။ ၁၉၆၅ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်။ ၁၉၇၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်။

၁၉၇၁ ခုနှစ် လုပ်သားများကောလိပ်တွင် ရူပဗေဒ အဓိကဖြင့် ပညာသင်ကြားပြီး ၁၉၇၆ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ရရှိခဲ့။

၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း သုတေသနလက်ထောက်၊ လက်ထောက် စီစစ်ရေးမှူးရာထူးများ ထမ်းဆောင်ခဲ့။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ခနေ စီးပွားရေးမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ စာပေရေးသားခြင်း တစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်ခဲ့။

လက်ရှိတွင် အခါအားလျော်စွာ မဂ္ဂဇင်းများ၌ ဝတ္ထု၊ ဆောင်းပါးများ ရေးသားလျက်ရှိပြီး ဘာသာပြန် လုံးချင်းဝတ္ထု၊ စီးပွားရေး၊ အောင်မြင်ရေး၊ တက်ကျမ်းစာအုပ်များ ရေးသားလျက်ရှိ၊ စာရေးသူအနှစ်သက်ဆုံး တက်ကျမ်းစာအုပ်မှာ "အကြံကောင်းတော့ တစ်ချက် " ဖြစ်ပြီး အကြိုက်ဆုံး အတ္တုပ္ပတ္တိ စာအုပ်မှာ "ဒိုက်ဦးမှ စင်ကာပူသို့" စာအုပ်ဖြစ်။

အရုဏ်ကောင်းကောင်းစာအုပ် (၇)

# စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး - ၂

## ကျောင်းစာအကိုကျေညက်အောင် စနစ်တကျဖတ်နည်း

ဇင်သန္နိ

# READING SMART

by

**Nicholas Reid Schaffzin**

အရုဏ်ကောင်းကောင်း စာအုပ်တိုက်
အမှတ် ၄၃ ၈၇ လမ်း ကန်တော်ကလေး
မင်္ဂလာတောင်ညွန့် ရန်ကုန်
ဖုန်း - ၂၈၄၄၃၈

# မာတိကာ


- ဘာသာပြန်သူ့အမှာ
- စကားဦး

၁။ ကျောင်းစာဖတ်မှတ် လေ့လာနည်း ... ၆

၂။ စာကောက်ဆောင်းဖတ်နည်း ... ၁၀၃
Reading Comprehension

# ဘာသာပြန်သူအမှာ

ဤစာအုပ်တွင် မဖတ်မဖြစ်၍ ဖတ်ရသော လုပ်ငန်းဆိုင်ရာစာများ၊ကျမ်းများ၊ ကျောင်းသားတို့ မဖတ်ချင်ဘဲဖတ်နေရသည့် ကျောင်းစာများကို လျင်မြန်စွာ ကျေညက်၍နားလည်သဘောပေါက်ကာ စွဲစွဲမြဲမြဲ မှတ်မိအောင်ဖတ်နည်းများပါဝင်သည်။ အထူးသဖြင့် ကျောင်းသားများနှင့် သက်ဆိုင်သည်ဆိုလျှင် ပို၍မှန်ပါသည်။

မည်သည့် ကျောင်းသားမဆို မည်မျှပင် စာဖတ်ဝါသနာပါသည်ဖြစ်စေ၊ ကျောင်းစာဟု ဆိုလိုက်သည်နှင့် တီ ကိုဆားတို့သလို တွန့်သွားတတ်ကြသည်။တစ်ခါတစ်ရံ အလွန်စိတ်ဝင်စားစရာ ကောင်းသော ဝတ္ထုကိုပင်လျှင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းလိုက်သောအခါ စာဖတ်ဝါသနာပါသူကျောင်းသားကိုယ်တိုင်က ထိုစာအုပ်ကိုမဖတ်ချင်တော့။ စာမေးပွဲပြီးမှ ထိုစာအုပ်ကို အရသာခံကာ ပြန်ဖတ်ချင်ဖတ်မည်။ ဤသည်မှာ လူ့သဘာဝဖြစ်သည်။

ထိုသို့မဖတ်ချင်ဘဲ ဖတ်ရသည့်အခါ တော်တော်နှင့်လည်းမပြီးနိုင်တော့။ ထိုစာများကိုမှတ်မိဖို့ဝေးစွ၊ ခေါင်းထဲ သို့ပင် မဝင်။သို့နှင့် ဖတ်လေဖတ်လေ ငြီးငွေ့လာလေဖြစ် လာသည်။အထူးသဖြင့် ခက်ခဲသော ဘာသာရပ်ဆိုင်ရာစာအုပ်များ ဖြစ်ကပို၍ဆိုးသည်။ကျောင်းစာမို့ စိတ်မဝင်

စားရသည့်ကြားထဲ ဘာသာရပ်က ခက်ခဲနေသဖြင့် ဖတ်နေသော်လည်း ခရီးမရောက်နိုင်တော့။

ထိုသို့သော အခက်အခဲများကို ကျော်လွှားနိုင်ရန် ဤစာအုပ်တွင် နည်းလမ်းများ ပေးထားပါသည်။ မည်သည့်ကျောင်းစာကိုမဆို အချိန်တိုတိုနှင့် ဖတ်ပြီး ကျေညက်နား လည်ကာမှတ်မိသွားနိုင်သည်။ ထို့ကြောင့်ကျောင်းသားအ များကြားတွင်ကိုယ်ကစာပိုကြေသဖြင့်တခြားကျောင်းသား တွေထက် အဆင့်လည်းသာမည်။

နောက်ပိုင်းတွင်လည်း မည်သည့်စာကိုပဲ ဖတ်ဖတ်၊ စ နစ်တကျနှင့် အမြန်ဆုံးဖတ်နိုင်သည့်အပြင် ဖတ်သမျှစာကိုလည်းမှတ်မိသွားနိုင်သည်။သို့ဖြင့် စာတွေအများကြီးဖတ်ဖြစ်မည်။ စာဖတ်များတော့ ဗဟုသုတတွေတိုးပွားမည်။ ဗဟုတတွေများလေ ကြီးပွားတိုးတက်လေ မဟုတ်လား။

ဤစာအုပ်တွင် ကျမ်းစာ၊ အစီရင်ခံစာ၊ စာတမ်း၊ဘာသာရပ်ဆိုင်ရာ ကျောင်းစာများကို စနစ်တကျ ဖတ် တတ်အောင် လေ့ကျင့်ခန်းများနှင့်တကွ ဖော်ပြထားသည်။

လေ့ကျင့်ခန်းများတွင်လည်း စာအုပ်(၁)မှာကဲ့သို့ပင် မူရင်းစာအုပ်ပါနမူနာလေ့ကျင့်ခန်းစာများမှာမြန်မာပရိသတ်အတွက် ခက်ခဲနေမည်စိုးသဖြင့် မြန်မာမှုနယ်ပယ်မှ မြန်မာများနှင့်ရင်းနှီးပြီးသား စာများကို အစားထိုးထည့် ပေးထားပါသည်။ အထူးသဖြင့်'စာဖတ်ပြေးလမ်း' များတွင် ဖြစ်သည်။

ပထမစာအုပ်မှာကဲ့သို့ပင် အခြားလေ့ကျင့်ခန်းများ အပါအဝင် 'စာဖတ်ပြေးလမ်း'များထည့် ထားပါသည်။

စင်စစ်တွင် စာဖတ်ပြေးလမ်း ဆိုသည်မှာ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုသည့်အခါ ပါတတ်သော Reading Comprehension များ ဖြစ်ပါသည်။ ထိုလေ့ကျင့်ခန်းသည် စာဖတ် ကျွမ်းကျင်အောင် လေ့ကျင့်ရာ၌ထိရောက်လသည်။

ဤစာအုပ်၏ ဒုတိယပိုင်းမှာ အင်္ဂလိပ်စာ စာဖြေ ကျောင်းသားများအတွက် Reading Comprehension မေး ခွန်းများဖြေတတ်အောင် အမိက၍ တင်ပြထားပါသည်။အဆိုပါ Reading comprehension များကို စာဖတ်ပြေးလမ်း များဟုသာ အမည်ပေးထားပါသည်။ယင်းမှာ မူရင်းစာအုပ် အတိုင်း ဘာသာပြန်ထားခြင်းဖြစ်သည်။

သို့ရာတွင်ပေးထားသည့်စာပိုဒ်များမှာမြန်မာကျောင်းသားများအတွက် ခက်နေမည်ထင်သဖြင့် ပိုမို လွယ်ကူမည့် အင်္ဂလိပ်စာပိုဒ်များကို အစားထိုး ထည့်ပေး ထားပါသည်။ အင်္ဂလိပ်စာဘာသာရပ်တွင် ဖြေဆိုရမည့် Reading Compehension ဖြစ်သည့်အတွက် စာပိုဒ်များမှာ အင်္ဂလိပ်ဘာသာဖြင့်သာဖော်ပြထားပါသည်။

ဤဒုတိယပိုင်းကို ဖတ်၍ လေ့ကျင့်ခြင်းဖြင့် Reading Comprehension ကိုအမှတ်ကောင်းကောင်း ရအောင်ဖြေ ဆိုနိုင်ကြမည် ဖြစ်သည်။ထိုအပြင်အင်္ဂလိပ်စာဖတ်သည့် အလေ့အကျင့်လည်း၏ရလာနိုင်သည်။

အချုပ်ဆိုရသော် ဤစာအုပ်သည် ကျောင်းသားများ စာကိုကျက်မှတ်ရာတွင် လွယ်ကူသက်သာပြီး စာရလွယ်သောနည်းများကို တင်ပြထားသည်ဖြစ်၍ ကျောင်းသားများအတွက် အထူးသင့်လျော်သည်ဟုဆိုရပါမည်။ ဤစာ အုပ်ကိုဖတ်ကာ ပေးထားသည့်နည်းစနစ်များကိုလက်

တွေ့ကျင့်သုံးခြင်းဖြင့် ညံ့သူတွေ တော်လာပြီး တော်သူတွေ ထူး ချွန်လာမည်ဟုသာ(ကျူရှင်ဆရာ လေသံအတိုင်း)ဆိုချင်ပါသည်။ ။

**ဇင်သန့်**

# စကားဦး

စာကို လျှောလျှောလျူလျူ အလွယ်တကူ ဖတ်သွားနိုင် သူကို တွေ့ဖူးကြပေလိမ့်မည်။ ထိုလူက "ဩော်. . . ဒီစာ အုပ်လား၊ကျုပ်ဖတ်တာ သုံးနာရီပဲကြာတယ်"ဟု ဆိုသော စာအုပ်ကို မိမိဖတ်နေသည်မှာ သုံးပတ်ထဲ ရောက်နေသော် လည်း မပြီးသေးဘဲ ရှိနေသည်လား။ထိုလူကဲ့သို့ မဖြစ်လိုကြ လား။

ထိုလူများသည် ဘာမျှ ပိုထူးခြားသည်မဟုတ်ကြ။ ဦး နှောက်လည်း ပိုကောင်း၍မဟုတ်။ သူတို့ကစာဖတ် နည်းကို သိ၍ ဖြစ်သည်။ ထိုလူတွေကဲ့သို့မိမိတော့ စာဖတ် တတ် တော့မည်မဟုတ်ဟု အားငယ်နေသည်လား။

လုံးဝအားငယ်စရာ မရှိပါ။ စာကို မြန်မြန်နှင့်ကျေ ညက် အောင်ဖတ်တတ်ဖို့ မိမိတော့ မည်သို့မျှ လုပ်ရမည် မ ဟုတ်ဟု မထင်ပါနှင့်။ ထိုလူတွေ မည်သို့ဖတ်သည်ကို အ တုခိုးရန်သာ ရှိပါသည်။

ယခု ဤစာအုပ်မှာ ထိုလူတို့၏နည်းများကို တင်ပြ ထားခြင်း ဖြစ်သည်။

ထိုလူများမှာ စာဖတ်ကျွမ်းသည်၊ သို့သော် သူတို့ကို သူ တို့ အဘယ်ကြောင့် စာဖတ်ကျွမ်းမှန်းပင် မသိကြ။

သူတို့ကအလေ့အကျင့်ဖြင့် အလိုအလျောက်စာဖတ်ကျွမ်းလာကြခြင်းဖြစ်သည်။သူတို့မှာ စာကိုကျွမ်းကျင်လွယ်ကူစွာဖတ်ပြီး ဖတ်သမျှစာကို လည်း အကုန်မှတ်မိနေကြသည်။ သူတို့သည် စာဖတ်နည်း ကို ကျင့်သုံးသွားကြခြင်း ဖြစ်သော်လည်း ထိုသို့ကျင့် သုံး သွားမှန်းပင် သူတို့ဘာသာမသိလိုက်ကြ။

ဤစာအုပ်တွင် စာဖတ်သည့်အခါတွေ့နိုင်သည့် အခက် အခဲများကို ကျော်ဖြတ်နည်းများပါဝင်သည်။ စာကိုမြန် မြန် ဖတ်နိုင်ရုံသာမက ကျေညက်စွာနားလည်သွားစေရမည်။ စာဖတ်သည်ကတော့မြန်ပြီး ကျေညက် အောင်နားမ လည်လျှင် မော်တော်ကားစက်ကို မြန်အောင် လုပ်ထားပြီး ကားဘီးနှင့် စတီယာရင်းတို့ကို သွက်အောင် လုပ်မထား သည်နှင့် တူသည်။ မကြာမီ ထိုကား မှောက်သွားနိုင်သည်။

စာဖတ်ကျွမ်းကျင်ရုံနှင့် မိမိဘဝ ပြောင်းလဲတိုးတက် လာတော့မည်ဟုမထင်ပါနှင့်။ စားပွဲပေါ်တွင် ပိုက်ဆံတွေတင် ထားပြီး မျက်နှာကျက်တွင်လည်း တစ်ရာတန် ငွေစက္ကူတွေ ချိတ်ဆွဲထားသည့်နေရာကို နေ့စဉ်ဖြတ်သွား ရသည် ဆိုပါစို့။ ထိုပိုက်ဆံများကို မိမိယူလိုကယူ၍ ရနိုင်သည် ဆိုပါစို့။ သို့ ဆိုလျှင် စားပွဲထောင့်ရှိ အကြွေစေ့ကလေးများလောက်နှင့် ကျေနပ်ပါသည်ဆိုကာ ထိုအကြွေစေ့ကလေးများကိုသာယူ မည်လား။

စာဖတ်ကျွမ်းကျင်ရုံမျှဖြင့် ချမ်းသာသွားမည်တော့မ ဟုတ်။ သို့သော် စာဖတ်ကျွမ်းကျင်သည်နှင့် ကြီးပွားချမ်းသာရေး ဗဟုသုတတွေ ရလာမည်တော့အမှန် ဖြစ်သည်။ ထိုဗဟုသုတများ ဖြင့်ကြီးပွားတိုးတက် ချမ်းသာလာမည် ဖြစ်သည်။

စာဖတ်ကျွမ်းကျင်သည် ကတော့ကောင်းပါသည်။ သို့သော် စာဖတ်ကျွမ်းကျင်ရုံဖြင့် မိမိဘဝပြောင်းလဲနိုင်စရာ အကြောင်း မရှိဟုဆိုသူများ ရှိကောင်းရှိမည်။

ကျောင်းတွင်ပဲကြည့်ဦး။ ကျောင်းဘာသာရပ်များတွင် စာဖတ်ကျွမ်းကျင်သူနှင့် မကျွမ်းသူ စာမေးပွဲ၌ အဆင့်ကွာ ခြား သွားလိမ့်မည်။ ကျောင်းသားအများကြားတွင် မိမိက ထိပ်ဆုံးအဆင့်ရောက်ပြီဆိုလျှင် မိမိဘဝ ပြောင်းလဲမသွား နိုင် ပေဘူးလား။

အလုပ်သမားတွေကြားထဲတွင်လည်း အလုပ်သမား တစ်ယောက်သည် စာအုပ်ကောင်းတစ်အုပ်နှင့် ပတ်သက်၍ မိမိအလုပ်ရှင်နှင့် ဆွေးနွေးမိသည် ဆိုပါစို့။ထိုအလုပ် သ မားသည်မိမိနှင့် အမြင်တူသည်ဆိုကာ အလုပ်ရှင်က မျက် နှာသာပေးသည်မျိုးလည်းရှိနိုင်သည်။ စာဖတ်အား ကောင်း သည်နှင့် အလုပ်ရာထူး၊ လစာတိုးတက်မှုလည်း ဖြစ်လာ နိုင်သည်။

ထို့ကြောင့် စားပွဲပေါ်မှ အကြွေစေ့ကလေးများကို ပြန်ချ ထားလိုက်ပါ။ ရာတန်များကိုသာလှမ်းဆွဲလိုက်ပါ။ မိမိ ဘာ အလုပ်ပဲလုပ်လုပ် တစ်သက်လုံး စာဖတ်သွား ဖို့တော့ လိုသည်။ ဤစာအုပ်သည် စာဖတ်ကျွမ်းအောင်သင်ကြား ပေး နိုင်ပြီး စာဖတ်အားကောင်းခြင်း ဖြင့်လူတကာ မျှော်လင့် တောင်းတနေကြသည့် ကြီးပွားချမ်းသာမှုကို ရရှိခံစား နိုင် ပေလိမ့်မည်။ ။

■

ကျောင်းစာ

ထော်မှတ်

ရေယာနည်း၊

**"There are no dull subjects. There are only dull writers"**

**- H.L.Hencken**

"ငြီးငွေ့စရာကောင်းသော ဘာသာရပ်ဟူ၍မရှိ ငြီးငွေ့စရာကောင်း အောင်ရေးသားသော စာရေးဆရာသာ ရှိသည် "

-အိတ်ချ်အယ်လ် မင်ကင်း

တာဝန်အရစာဖတ်ရသည်မျိုးတွင် ဖတ်ပုံဖတ်နည်းအ တော်ပင်လိုသည်။ လိုအပ်၍ ဖတ်သည်ဖြစ်သောကြောင့် ရှောင်လွှဲ၍မရ။ ပျင်းစရာလည်းအတော်ပင်ကောင်းလိမ့် မည်။

တစ်ခါတစ်ရံ စာထဲတွင် အရေးကြီးသည့် အချက်အ လက်တွေကများ၊ အရေးအသားကလည်းမကောင်းသဖြင့် အိပ်ပျော်သွားလိမ့်မည်။ ထိုစာမျိုးကို လွယ်လွယ်ကလေး ဟူ သဘောထား၍ဖတ်သွားနိုင် ပါသည်။ တရှွတ်ရှွတ်နှင့်ဖတ်သွား ပြီး အားလုံးသဘောပေါက်ကာ မှတ်မိသွားနိုင်စေပါမည်။

ဤအကြောင်းအရာတွေအားလုံးကို လျှောက်ဖတ်သွား ပြီး မှတ်မိနိုင်စရာ ရှိပါမည်လား။ အချက်အလက်တွေ၊ နေ့ စွဲတွေ၊ ညီမျှခြင်းတွေ၊ နာမည်တွေမှာ မှတ်မိနိုင်စရာမမြင်။ ထိုစာမျိုးဖတ်ရသည့် အလုပ် မြန်မြန်ပြီးစေချင်လိမ့်မည်။ ထိုစာပါအကြောင်းအရာများနှင့် ပတ်သက်၍ ကိုယ့်အ ထက်လူကြီးက ပြန်မမေးပါစေနှင့်၊ ကိုယ့်ဆရာ၊ ဆရာမ တွေကလည်း စာမေးပွဲတွင်ထည့်မမေးပါစေနှင့်ဟုသာဆု တောင်းနေမိလိမ့်မည်။

နောက်ဆုံး မေးလာသောအခါတွင်လည်း ခေါင်းထဲ တွင်ရှိသည့် အချက်အလက်များမှာ နစ်နေသော သင်္ဘော တွင်းမှ ထွက်ပြေးသွားသော ကြွက်များကဲ့သို့ ထွက်ပြေး ကုန်ကြလိမ့်မည်။

ထိုကဲ့သို့သောခက်ခဲသည့်စာများကိုဖတ်သည့်အခါအ ခြေခံနည်းစနစ်တစ်ရပ်ရှိပါသည်။ **သိထားရမည်မှာ စာကို နားမလည်ပဲဖတ်နေလျှင် ထိုစာထဲမှလိုအပ်သည့်အချက် များကို မှတ်မိမည်မဟုတ်။ မှတ်မိသည်ဆိုလျှင်လည်း ထိုအ ချက်အလက်များကိုလက်တွေ့အသုံးချတတ်မည်မဟုတ်။**

ဗားဆေး စာချုပ်ကို ၁၉၁၉ ခုနှစ်တွင်ချုပ်ဆိုသော အချက်ကိုသိရုံမျှနှင့် ဆရာ၊ဆရာမကကျေနပ်ကြမည် မဟုတ်။ ယင်းမှာ ဘာစာချုပ်နည်း၊ ဘယ်သူတွေချုပ်သည့်စာချုပ်နည်း ထိုစာချုပ်ကြောင့် ဘာတွေဖြစ် လာသနည်း စသည်တို့ပါ သိဖို့လိုသည်။

ရူပဗေဒ ဘာသာရပ်မှာပဲဖြစ်ဖြစ် သမိုင်းဘာသာရပ် မှာပဲဖြစ်ဖြစ် ဖတ်စာမှန်သမျှတွင် ကျယ်ဝန်းသော အကြောင်းရပ်တွေပါဝင်သည်။ ယင်းတွင် ပါဝင်သောအချက် များသည် အဆိုပါ အကြောင်းရပ်များကို ပံ့ပိုးခြင်းမျှသာ ဖြစ်၏။

ထို့ကြောင့် ဖတ်စာအုပ်ကို ပထမတစ်ကြိမ်ဖတ်သည့် အခါ နှေးနှေးဖတ်ပြီး အကြောင်းအရာများကို ဆက်စပ် စဉ်းစားပါ။ အမိက ဘာကိုပြော ချင်သနည်းဆိုသည်ကို ကြည့်ပါ။ ရူပဗေဒဆိုလျှင်လည်း မည်သည့်အပိုင်းကို တင် ပြချင်သနည်းဆိုသည်ကိုကြည့်ပါ။ ထိုအခါ အချက်အလက် များကိုသဘောပေါက်လာလိမ့်မည်။ အချက်အလက် များကို ဆက်စပ်မိလာသည်နှင့် ယင်းတို့ကိုမှတ်မိလာလိမ့်မည်။

## ခြေရာတော်ကောက်ခြင်း၊ရုပ်လုံးပေါ်အောင်ကြည့်ခြင်း

**စာ၏ပင်မဆိုလိုချက်နှင့် အဆက်အစပ်ကို ခြေရာကောက်မိရ မည်။ အချက်အလက်ကိုချည်းသက်သက် မမှတ်ပါနှင့်။ ထိုအ ချက်အလက်များသည် အဓိက ဆိုလိုချင်သည့်အ ကြောင်း အရာတွင် မည်သို့ အံဝင်ခွင်ကြပါသနည်းကို ဆက်စပ်ကြည့် တတ်ပါစေ။**

အမေရိကန်သမ္မတဟောင်း နစ်ကဆင်နှင့် ဝါးတား ဂိတ်အရှုပ်တော်ပုံအကြောင်းကိုဥပမာကြည့်ကြပါစို့။နစ်က ဆင်မှာသိက္ခာကျကာ သမ္မတရာထူးမှ နှုတ်ထွက်သွားခဲ့ရ သည်။ သို့ရာတွင်ဝါးတားဂိတ်အဆောက်အအုံအတွင်းခိုး ဝင်သည့်အသေးစိတ်အကြောင်းအရာများထက် သမ္မတတာ ဝန်နှင့်ပတ်သက်၍ အကျိုးသက်ရောက်ပုံ၊ ရွေးခြယ်ခံအစိုးရ တာဝန်ရှိများအပေါ် ပြည်သူတွေသဘောထား ပြောင်းလဲခဲ့ပုံ များက ပို၍အရေးပါသည်။ (ယခင်ကဆိုလျှင် ရွေး ချယ်ခံအစိုးရ တာဝန်ရှိများအပေါ် ပြည်သူတွေအတော် ယုံကြည်ခဲ့ကြသည်။)

ထို့ကြောင့် စာဖတ်သည့်အခါ ယင်းတွင်ပါဝင်သည့် အဖြစ်အပျက်ကြောင့် နောက်ဆုံးတွင် မည်သည့်အကျိုး သက်ရောက်မှု ဖြစ်ခဲ့သနည်း၊ သင်္ချိုဘာသာ၌လည်း စာတွင် ပါသည့် မည်သည့်ညီမျှခြင်းသည် အဘယ်ကြောင့် ပိုအရေး ကြီးသနည်း စသည်တို့ကို မိမိဘာသာ ပြန်မေးပါ။

## ဘောလ်ပင်ကိုင်ပြီးဖတ်

စာဖတ်သည့်အခါ အချက်အလက်များကို မျက်စိရှုမ်မ သွားစေရန် **မည်သည့်ကျောင်းစာအုတ်ကိုပဲဖတ်ဖတ် ဘောလ်ပင်တစ်ချောင်းကိုင်၍ဖတ်ပါ။**

စာတစ်ပုဒ်လုံး အဓိကအကြောင်းအရာကို ဖော်ကျူး နိုင်သည့် စာပိုဒ်ကို ဘေးမျဉ်းသားကာ မှတ်သားပါ။ ထိုစာ ပိုဒ်ထဲမှ အဓိက ကျသည့်အချက်ကို အောက်မှမျဉ်းသား၍ မှတ်ပါ။ ထိုနောက် မှတ်ထားဖို့ လိုသည့် အချက်အလက်ကို ဝိုင်း၍မှတ်ထားပါ။


စာဖတ်ခြင်းနှင့် စာကျက်ခြင်းကို ခွဲခြားတတ်ပါစေ။ စာဖတ် ခြင်းဆိုသည်မှာ စာပါအချက်အလက်များကို အခြေ ခံ၍ ရုပ်လုံးပေါ် အောင်သိမြင်လာခြင်းဖြစ်သည်။ စာကျက် ခြင်းဆိုသည်မှာ စာပါ အချက်အလက်များကို မှတ်မိနေခြင်း ဖြစ်သည်။

## စိတ်မချလျှင်ရေးဆွဲမှတ်သား

ဖတ်စာအုပ်ထဲမှ အချက်အလက်များကို မှတ်မိစေနိုင်သည့် နောက်တစ်နည်းမှာ သက်ဆိုင်ရာ အကြောင်းအရာ နှင့်ပတ်သက်၍ ပုံဖော်ရေးဆွဲ မှတ်သားခြင်းဖြစ်သည်။

ထိုသို့ပုံဖော်ရေးဆွဲရာတွင်**ခုနှစ်ဇယား၊ ဖြစ်စဉ်ဇယား၊ ပတ်လည် ဇယား** စသည်တို့ဖြင့် ပုံဖော်ကျက်မှတ်နိုင်သည်။

**ခုနှစ်ဇယား** မှာသမိုင်း၊ နိုင်ငံရေးသိပ္ပံနှင့်အချိန်ကာလအလိုက် ဖြစ်ပေါ်သော အကြောင်းအရာများကိုလေ့လာ ကျက်မှတ်ရာတွင် အသုံး ကျသည်။ယင်းမှာ မျဉ်းဖြောင့်တစ် ကြောင်းဖြစ်၍ယင်းအပေါ်တွင် ခုနှစ်နှင့် ဖြစ်စဉ်များကို အစဉ်အတိုင်း ရေးမှတ်ထားခြင်း ဖြစ်သည်။ အမေရိကန် တော်လှန်ရေးသမိုင်း လေ့လာရာတွင် မှတ်သာထားသည့် ခုနှစ်ဇယားကို တစ်ဖက်ပါအတိုင်း တွေ့မြင်ရမည်။




**ဖြစ်စဉ်ဇယား**မှာ နိုင်ငံရေးလှုပ်ရှားမှုအကြောင်းများ၊ ဝတ္ထုများ လေ့လာခြင်းနှင့် ခက်ခဲသောသိပ္ပံစာတ်ပြုမှု များ ကို ကျက်မှတ်ရာတွင် အသုံးကျသည်။ ထိပ်ဆုံးတွင်စာ၏ဦး တည်ချက်၊ သို့မဟုတ် စဦး အခြေအနေကိုတင်ထားရမည်။ ထို့နောက်ဆက်လက် ဖြစ်ပေါ်သော အခြေအနေများ ရေးမှတ် သွားရမည်။

**ဝတ္ထုလေ့လာမှု ဖြစ်စဉ်ဇယား**

**'ငွေရီတို့၏ ဘဝဘုံ'**

(၁)

ငွေတာရီသည် ဘောလယ်ကျွန်းကြီးဘက်တွင် ရှိသော ကုက္ကိုဝရွာသူဖြစ်၏။

ကုက္ကိုဝရွာမှ အိမ်ခြေယာခြေအားဖြင့် လေးဆယ်ငါး ဆယ်ခန့် သာရှိသော ရွာကလေးဖြစ်သည်။ မိုးတွင်းဆိုလျှင် ရေဖွေးဖွေး လှိုင်းဖွေးဖွေးနှင့်ရှိတတ်ပြီး နွေဆိုပြန်လျှင် ကန် သင်းရိုးပြတ်များ တစ်ဖက်၌ ပတ်ကြားအက်နေသော မြေ တလင်းကွက်ကြီးများ အတိပြီးနေတတ်သည်။ ထိုရွာ တွင် နေထိုင်ကြသူများသည် လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသလို အင်းအလုပ် တံငါအလုပ်ကိုလည်း ကျွမ်းဝင်ရင်း နှီးသူများ ဖြစ်ပေသည်။

ကုက္ကိုဝရွာတွင် နေထိုင်ခဲ့ရသောညကာလကို ပြန်ပြောင်း စဉ်းစားမိသည့်အခါတိုင်း ငွေရီ့ရင်ထဲ၌ ပျော်မွေ့ ကြည်နူးသည့်မနောဓာတ် ခလေးများ တဖျတ်ဖျတ်ရိုက် ခတ်တတ်သည်။ကောက်စိုက်ချိန်ဆိုလျှင် လိုက်စိုက်မည်၊ ကောက်သင်း ကောက် ချိန်၌ လိုက်ကောက်မည်၊ စပါးရိတ်ချိန်၌ လည်း လိုက်ရိတ်မည်၊ လယ်ကွင်းတွင် သူရင်းငှား အလုပ်မှ လုပ်စရာမရှိလျှင်၊ လယ် ကူလီအလုပ်မှ လုပ်စရာမရှိလျှင် စားစရာအတွက် အပူအပင် အကြောင်းအကြမရှိ၊ မဲဇလီဘက်မှထွက်၍ မိုးမခဘက်ဆီဆင်းကာ အင်းများရှိရာ ဒေသတစ်ဝိုက် လှည့်၍အလုပ်လုပ်မည်။

မည်သို့ပင်ဖြစ်စေ၊ လယ်သိမ်းချိန်နှင့် အင်းသိမ်းချိန် များ၌မူ ပွင့်ရိုက်သရက်ထည်နှင့် မယ်ညိုရှန်သားကလေး များကတော့ ဝယ်နိုင်သည်သာတည်း။

ကုက္ကိုဝရွာ အနောက်ဘက်သို့ ထွက်လိုက်လျှင် ကျယ်ပြောလသော လယ်ကွင်းပြင်ကြီးမှာ မျက်စိတဆုံး ဆန့်တန်း ပြန့်ပြူးလျှက်ရှိသည်။ မိုးကုတ်စက်ဝိုင်းနားအထိ လယ်ကွက် မြေတွေ ပေါလှချည့်ဟု တွေးထင်ခဲ့သည်။ စပါးကလေး

များ ရိတ်သိမ်းပြီးစ၊တလင်းနယ်စ လယ်ကွက်အလိုက် တလင်းအ လိုက် ယာယီတဲကလေးများထိုးကာ နေကြရသည့်အခါမျိုး၌ တေးကိုလည်း ဟစ်အော်မိမည်၊ က ချင် လည်း ကမိဦးမည်။ အပိုးသန်သော ကာလသားတွေ အ ကြောင်း အာကြမ်းလျှာ ကြမ်းနှင့် ဝမခန်း ပြောတတ်သည့် မအုံးမယ်၏တရားကိုလည်း အားပါးတရနားချင်နာမိမည်။

သို့မဟုတ်သေးလျှင် ရွာမျက်နှာမူထားသည့် မြစ်ပြင် ကျယ်နံဘေး၌ လေကမွှေ့လှိုင်းကဖွေ့သဖြင့် ကန့်ကယင် ရွက် တင်ကာ သွားနေကြသော သမ္ဗာန်များ စုန်ကြဆန်ကြ သည် ကိုတွေးကာ ငေးရမည်။ နေဝင်ရီတရောအချိန်က စ၍ ညအ မှောင်ရောက်ချိန်အထိ တိုင်တိုင် စိတ်ပူပင်စရာမရှိ၊ အန္တ ရယ်မရှိ၊ ညအမှောင်တိုးဝင်လာသောအခါ မြစ်ပြင် ကြယ်တွင် ငါရှာစားသူတို့၏ မီးအုပ်ဆောင်းများအောက် မှာတလက် လက်တောက်နေသော မီးရောင်လဲ့လဲ့များကို တွေ့ရမည်။ ထိုအခါမျိုး၌ 'ဒေါင်းဒင်းသံဘာသာနဲ့တံငါ လှေ လောင်းဆင်း အိုးနဒီတွင်းမှာလ နှင်းငွေ့ဆော်ချမ်းလို့ တုန် မလုံကွေးတယ်' ဟူသော တံငါ၏ ဘဝကို ဖွဲ့ဆိုသည့် တေးများကိုပါ လေအဝှေ့တွင် တဝေ့ဝေ့ ကြားနေရတတ်သည်။

အဘယ်မျှပျော်စရာကောင်းခဲ့လေသနည်း။

ဘောလယ်ဘက်က အကြောင်းတွေကို ပြန်ပြောင်း စဉ်း စားမိသောအခါ ငွေရီ၏ရင်တွင်း၌ လေးလံသော ဝန်ထုတ် ဝန်ပိုးကြီးကို ထွေးပိုက်ထားရသလို ဖြစ်လာ လေ၏။ဟို စဉ်က နေခဲ့ရသောဘဝနှင့် ယခုရောက်ရှိနေရသော ဘဝ တို့၏ခြားနားမှုများမှာ သူ့မျက်စိရှေ့တွင် အစီအရီပေါ်

လာလေသည်။ ယခင်ကမူ အရာရာတိုင်းကို ကြည့်၍ ပျော်စရာသာ ထင်ခဲ့၏။ ပျော်လည်းပျော်ခဲ့၏။ ယခုကား မိမိရောက်နေသော ပတ်ဝန်းကျင်နှင့် မိမိတွေ့ထိရင် ဆိုင်နေရသော အရာရာတိုင်း မှာ ဝမ်းနည်းကြေကွဲစရာနှင့် စိတ်ရှုတ်ထွေးညစ်ညူးဖွယ်ရာ များသာ ဖြစ်ချေသည်ဟု လည်း နှိုင်းယှဉ်စဉ်းစား နေမိ ပြန်သည်။

ထိုအခါမျိုးတွင် ငွေရီ့မျက်စိအစုံ၌ မျက်ရည်များရစ် ဝဲလာတတ်သည်။ သို့သော်လည်း သားသမီးများမြင်သွား မည်စိုးသဖြင့် ငွေရီသည် အတင်းအကြပ်ပြန်သိမ်းတတ်ပေ ၏။

ငွေရီ့အသားအရေတွေမှာ ယခင်ကလို စိုစိုပြည်ပြည်မရှိတော့ဘဲ မည်းခြောက်ခြောက် ဖြစ်နေလေသည်။ နေပူမရှောင် မိုးရွာမရှောင် ရာသီဥတုမရွေး သွားလာလုပ်ကိုင်ရခြင်းနှင့် ဖြစ်သလို ပြီးစလွယ် နေထိုင်ရခြင်းကြောင့်သာဖြစ်ပေလိမ့်မည်။ အလှအပ မပြင်နိုင်သည်မှာလည်း ကြာ ပေပီ။ ကုက္ကိုဝတွင် နေ့ခဲ့စဉ်ကမူ သနပ်ခါး ရေကျဲကလေးတော့ နေ့စဉ်လိုလို လိမ်းနိုင်ခဲ့သေး၏။ ယခုမူကား သနပ်ခါးဆိုသည်ကိုပင် သတိမရ။

အရွယ်ကလည်းထောက်၊ အသက်ကလေးကလည်းရလာပြီမို့ခါတိုင်းကဲ့သို့ပင် ပင်ပင်ပမ်းပမ်းမလုပ်နိုင်တော့သည့်အဖြစ် ကိုငွေရီ သတိထားမိသည်။

သို့သော် နေ့စဉ်နေ့တိုင်း မိုးလင်းမှ မိုးချုပ်အထိစားသောက်နေထိုင်ရေးအတွက် ရှာဖွေ ကြံစည်ရသည့် တာဝန်တွေသာ ပိနေသည့်အတွက် သူ့ကျန်းမာရေး မကျန်းမာရေး

တို့အား အရေး တယူ ထည့်သွင်းစဉ်းစားခြင်းငှာ မတတ်စွမ်းနိုင်ရှာချေ။

နေ့စဉ်နှင့်အမျှ ငွေရီ့ ရင်တွင်းက ပူရသည့်အရာမှာ မိမိ၏ ဝမ်းတစ်ထွာအတွက်သာမက သမီးတစ်ယောက်နှင့် သားလူမမည်တစ်ယောက်၏ ဝမ်းတစ်ထွာအတွက်လည်းပါဝင်သည်။ ငွေရီ့ တွင်လင်ရှိသည်။ သူ့လင်ကိုဘိုးထွန်းမှာ လက်သမားအတတ်ကို မတောက်တစ်ခေါက် တတ်သည်မှ အပ အခြားဘာမျှမလုပ်တတ်။ သူတို့ကြည့်ရသည်မှာ သား မယားဝမ်းစာအတွက် တစ်စုံတစ်ခုသော အလုပ်ကိုမားမ ဦးချ မဆိုထားဘိ ခေတ္တခဏလေးပင် ဖြစ်စေကာမူ လုပ်လို ချင်သော စိတ်ဆန္ဒမရှိဟု ထင်ရ၏။ ဤမျှလောက် အေး အေးနေတတ်သည့် ကိုဘိုထွန်းပေသည်။

ထိုကဲ့သို့သောလင်မျိုးကို ရထားသည့်အတွက် ငွေရီ့သည် လင်ကံကောင်းသလား၊ လင်ကံဆိုးသလားဟုသူကိုယ်သူ ခွဲခြမ်းစိတ်ဖြာခြင်းမရမိ။ ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဟုလည်း ဝေခွဲတတ်။ ငွေရီ့ရင်တွင်း၌ အ ကောင်းအဆိုးကို ပိုင်းဖြတ်ရန်နှင့် ဝမ်းသာရန်၊ဝမ်းနည်းရန်တို့အတွက် နေရာမရှိတော့လေပြီလော။

(၂)

'ဟော့ကောင်မ ညည်းလင် မူးလာပြန်ပြီ'

တစ်ဖက်ခန်းမှ ဒေါ်မကြီးက လှမ်းပြောသည်။ ကိုဘိုး ထွန်း မူးလာ|တတ်တိုင်း ဒေါ်မကြီးက လှမ်းပြောစမြဲ၊ ငွေရီ ကလည်းနားထောင်စမြဲ။ ကိုဘိုထွန်းက မူးလာပြီဆိုလျှင်အသံကလေးညှက်ညှက်နှင့် ငွေရီ့ ကိုရန်ရှာလေ့

ရှိသလိုငွေရီ ကြုကလည်း မူးလာတတ်သော ကိုဘိုးထွန်းနှင့် ရန်ရှာ သောမလေ့ကို အံခွနေပြီဖြစ်သည့်အတိုင်း ဘာမျှမထူး သ လို တုံဏှိဘာဝေ နေတတ်ပေ၏။

ဝက်ချေးစော်နှင့် အညစ်အကြေးတို့မှ ထွက်လာသောအနံ့ အသက်များကြောင့် ငွေရီတို့တဲတစ်ဝိုက်မှာ နှစ်ဆယ့် လေး နာရီပတ်လုံး ချဉ်စုတ်စုတ်အနံ့ချည်း ထွက်နေတတ်၏။ တစ်နေ့က မိုးသည်းသည်းထန်ထန်ရွာထားသဖြင့် တဲ ရှေ့ရှိ လမ်းဘေး ကလေးတစ်ခုလုံးမှာ ဗွက်များ ထနေလေ၏။ မူးမူးနှင့် ပြန် လာသော ကိုဘိုးထွန်း၏ ဗွက်ထဲမှ ခြေသံကို ငွေရီ ကြား ရသည်။

'အောင်မယ်လေး ကြီးတော်ကလည်း ဒါပဲ အဆန်း လုပ် လို့' ဟုငွေရီက ဒေါ်မကြီးကြားအောင် ပြန်ပြောသည်။ ငွေရီ့အသံမှာနွဲ့နှောင်းသော မိန်းမသံမပါ၊ နွေရောမိုးပါ ဝက်ခေါင်း၊ ဝက်အူ၊ ဝက်အသည်းဟူသော သူရောင်းနေကျ ကုန်တွေကို အော်ကာဟစ်ကာ ရောင်းစားလာရသူဖြစ် သည့် အတိုင်း အသံမှာ ဩနေ၏။

'အဆန်းမဟုတ်ပါဘူးအေ၊ တော်တော်ကြာသာ လင် မယားနှစ်ယောက် တိတ်တိတ်ပုန်း ကျွတ်စီကျွတ်စီ လုပ် မနေနဲ့'

ဒေါ်မကြီးက 'တိတ်တိတ်ပုန်း ကျွတ်စီကျွတ်စီ လုပ် မ နေနဲ့' ဟုဆိုခြင်းမှာ ငွေရီ့အတွက် များစွာအဓိပ္ပာယ် ရှိပေ သည်။ အဘယ်ကြောင့်ဆိုသော် ကိုဘိုးထွန်း မူး၍ပြန်လာ တိုင်း ငွေရီ့နှင့် ငွေရီနှင့် တိုးတိုးတိတ်တိတ် စကားများကြ သည်။ ရန်ဖြစ်ကြသည်။ ကိုဘိုးထွန်းမှာ ပင်ကိုအားဖြင့် စကားကိုပင်

ကျယ်ကျယ်ပြောသူမဟုတ်သည့်အပြင် မူးလာ သောအခါများ၌ အသံမှာ ပို၍တိုးသွားတတ်၏။ ထို့ကြောင့် သူတို့ လင်မယားစကားများရန်ဖြစ်ကြသည့်အခါတိုင်း အော် ကြီးဟစ်ကျယ်နှင့် တောင်ဘက်ထောင့်စွန်းတဲက ဆိုက်ကားသမား လင်မယားလို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော် ဟစ်ဆဲဆိုကြခြင်းမျိုးမဟုတ်ဘဲ တိတ်တိတ်ကလေးနှင့် ညင်းညင်းသာသာလေး ဆဲဆိုတတ်ကြသည်။ ဒေါ်မကြီးကလည်း ဤအချက်ကို ရည်ရွယ်၍ပြောခြင်းဖြစ်ရာ ငွေရီ့မှာ များ စွာသဘောကျသွားလေ၏။

'ဟဲ့ ကောင်မ ထမင်းကျန်သေးလား'

အရက်နံ့မှာ ကိုဘိုးထွန်း၏ ပါးစပ်ဝမှ တထောင်းထောင်း ထွက်နေလေ၏။

'အင်းအဲဒီလိုပဲ ခွေးမျိုးက ဒီအရက်သောက်တိုင်း မိုက်ရိုင်းလာတယ်၊ လူကိုများကောင်မလေးဘာလေးနဲ့'

ကိုဘိုးထွန်းက ဘာမျှမပြောသေးဘဲ ရီဝေနေသော မျက်လုံးအစုံကို မေးကာ စွေး၍ကြည့်နေလေ၏။ သူ့ခေါင်း မှာ အောက်သို့စိုက်ကျလျှက်ရှိသည်။ နောက်ထပ် တစ်စုံ တစ်ရာသောစကားကို သူ့ပါးစပ်ကထပ်ပြော၏။ သို့သော် အသံထွက်မလာ။

'မင့်ငါကိုစိတ်ဆိုးဟုတ်လား၊ မင့်ငါကိုစိတ်ဆိုးတယ် ဟုတ်လား'

ငွေရီက ဘာပြန်ပြောရမည်နည်းဟု စဉ်းစားရင်း ကိုဘိုးထွန်းကို ကြည့်နေမိသည်။ ဖွားရရာကြဲနေသောဆံပင်များမှာ ရှည်လှပြီး။ ရေစက်တွေကလည်း သီးစက်နေကြသည်။

အရက်မူးမူးနှင့် မိုးရွာတုန်း ပြန်လာသလား၊ သို့မဟုတ်လျှင် အမူပြေအောင် လမ်းထိပ်က ရေဘုံပိုင်တွင်ပဲ ခေါင်ထိုး၍ ရေစိမ်လာသလား ငွေရီမသိ။

'မင်း ငါကိုစိတ်ဆိုးတယ် ဟုတ်လား' ဟု ကိုဘိုထွန်းက လက်ညှိုးကလေးကို ချာလည်လည်ထောက်ကာ ထပ်ပြောသောအခါ၌ ငွေရီမှာ သူ့လင်အပေါ် သနားသလိုလိုဖြစ်သွားပြန်သည်။ 'ဩော် မူးတာလေးလောက်ပဲ ရှိတာပဲ၊ တကယ်ဆိုတော့သူဟာလူကောင်းပါ' ဟုလည်း သူ့ဘာသာသူ တွေးမိပြန်ကာ ချက်ချင်း စိတ်မကောင်းဖြစ်မိသည်။

'ထမင်း ကျန်ပါသေးတယ်၊ ကဲခြေထောက်ဆေး အိမ်ပေါ်တက်ဦး၊ ကျုပ်ခူးပေးမယ်'

'ဘာ ဘာဟင်းရှိသလဲ'

အမူးသမားက ထမင်းကျွေးရန် တောင်းဆိုရုံမျှဖြင့် အားမရသေးဘဲ ဘာဟင်းရှိသလဲဟု ထပ်၍ စစ်ကြောမေး မြန်းလာသည့်တိုင်အောင် ငွေရီသည် စိတ်တိုခြင်း မဖြစ်မိ။

'ဝက်ခေါင်းသုပ်'

ကိုဘိုးထွန်းသည် 'ဝက်ခေါင်းသုပ်' ဟူသော စကားလုံးကို ကြားသည်နှင့်တပြိုင်နက် မီးခဲလို ရဲရဲနီနေသော မျက်လုံး၊ အစ်မို့နေသောမျက်နှာဖြင့် အာယူမော့ ကြည့်လိုက်ပြီးနောက်. . . . . . .

'တစ်ခါလာလည်း ဒီ သောက် ဝက်ခေါင်း ဝက်အူ၊ ဝက်ခေါင်း ဝက်အူ၊ ဝက်ခေါင်း' နောက်ထပ် ကိုဘိုးထွန်း ဘာတွေဆက်ပြောနေသည်ကို ငွေရီ မကြားတော့ချေ။ အဘယ်ကြောင့်ဆိုသော် ခနော်ခနဲ့ ဖြစ်နေသောဝါးကြမ်းခင်း

တွေကို ခပ်ပြင်းပြင်းနင်းကာ မီးဖိုချောင်ဘက်ဆီသို့ထလာခဲ့ခြင်းကြောင့်ပင်တည်း။

ငွေရီသည် အေးစက်တောင့်ခဲနေသော ထမင်းခဲကိုဖွ၍ ပန်ကန်တွင်းသို့ ထည့်၏။ စောစောက သူကို သားအမိစားပြီး နောက် ချန်ထားသေးသော ဝက်ခေါင်းတုတ်ကိုပါ ပန်းကန်နှုတ် ခမ်းနားပေါ်တွင် ပုံထည့်လိုက်သည်။ အမူးသမားဆိုတော့ ချဉ်ချဉ်စပ်စပ် ကြိုက်တတ်မည်ထင်ကာငရုတ်သီးမှုန့်တွေ ထပ်ဖြူးပေးလိုက်၏။ ဒါလောက်ဆိုလျှင်တော်လောက်ပေပြီ။

'ရော့ စပ်စပ်ကလေး သုပ်ထားတယ်၊ စာလိုက်ဦး သိပ်မိုးချုပ်နေရင် မကောင်းဘူး'

လက်မဆေးဘာမဆေးနှင့် မွတ်သိပ်နေသော တိရစ္ဆာန်တစ်ကောင်လို ထမင်းလွေးနေသည့် လင်ဖြစ်သူအား အပေါ်မှ ထိုင်ကြည့်ရင်း ငွေရီသည် တစ်ချက်မျှ သမ်းဝေ လိုက်လေ၏။

ကိုဘိုးထွန်းနှင့် အိမ်ထောင်ကျသည်မှာ ၁၀ နှစ်ကျော်ပြီဟု ထင်သည်။ ကုက္ကိုဝဘက်တွင် မနေရဲတော့သည့်အ တွက် ရန်ကုန်သို့ ပြေးလာပြီးနောက် တစ်နှစ်ခန့် မရှိတရှိ အချိန်တွင် ကိုဘိုးထွန်းနှင့် အိမ်ထောင်ကျခြင်း ဖြစ်သည်။

ကိုဘိုးထွန်း၏ ဇာတိမျိုးရိုးကို မစစ်ဆေးမိ။ လူဆိုးလား၊ လူကောင်းလားဟုလည်း ပိုင်းခြားဝေဖန်ခြင်း မပြုမိ။ အားကိုးရာမဲ့ပြေးလာရသောဘဝတွင် ဆင်မလိုက်ရပ်ကွက် တစ်မိုးခိုရင်း ကိုဘိုးထွန်းနှင့် မျက်မှန်းတန်းမိရာမှ ညား လိုက်ကြခြင်း ဖြစ်လေသည်။ ငွေရီနှင့် ကိုဘိုးထွန်း၏ အိမ် ထောင်ရေး ဇာတ်ကြောင်းမှာ ဤမျှသာဖြစ်သည်။

ယခုမူကိုဘိုထွန်း၏ အသက်မှာ ၄၀ ခန့်ရှိပြီ။ ငွေရီ၏ အ သက်မှာလည်း ၃၅နှစ်ကျော်ပြီ။ သားဖြစ်သူပေါက်စမှာ ၉နှစ်၊ သမီးဖြစ်သူဂွက်ထော်မှာ ၇နှစ် ရှိကြပြီ။ ကိုဘိုးထွန်း ရော ငွေရီပါ အသက်ထက်ပို၍ ရင့်ရော်သော ရုပ်လက္ခဏာ ရှိကြသည်။ တစ်နေ့တစ် နေ့ ဝမ်းရေးနှင့် လုံးထွေးယှဉ်ပြိုင် နေကြရသူ များဖြစ်သဖြင့် သူတို့ရုပ်ရည်များသည် အသက် ထက်ပို၍ ရင့်ရော်သလား၊ နုပျိုသလား မစဉ်းစားတတ်ကြ။ စဉ်းစားရန်လည်း သတိမ ရနိုင်ကြ။

'ငွေရီ ငွေရီ ငါအလုပ်လုပ်တော့မယ်၊ မင်း ဘာမှ မပူ နဲ့တော့'

တစ်ဘက်ခန်းမှ ဒေါ်အမကြီး၏ ခက်ခနဲရယ်သံမှာ ဤ မှာ ဘက်ခမ်းဆီသို့ လွင့်ထွက်လာလေ၏။ငွေရီကလည်း ကျွန်ုပ် မဆည်နိုင်ဘဲ 'ခစ်' ခနဲနေအောင်ရယ်လာလေ၏။

'နင်မေကလိန်း ဒါရယ်စရာလား ငါအကောင်းပြော တာ' ဟု ကိုဘိုထွန်းက မျက်နှာထားသေသေနှင့် ငေါက်နေ ပြန်သည်။ သူ့ပါးစပ်တွင်းမှ ထမင်းလုံး ထွေးမှာ တဖောက် ဖောက်နှင့် ကြမ်းပြင်ပေါ်သို့ ပြန်ထွက် ကျနေလေ၏။

(၃)

သူစကားအတိုင်းပင် ကိုဘိုထွန်းသည် လက်သမား ကန်ထရိုက်တစ်ဦးနှင့်အတူ ဟသာ်တဘက်တို့လိုက်၍ အ လုပ်လုပ်လေသည်။ ထိုအခါ၌ ငွေရီမှာ သူကိုသူ ဝမ်း သာရ မည်းလား၊ဝမ်းနည်းရမည်လား ခွဲခြား၍မတတ်နိုင် လောက် အောင်| ဖြစ်ခဲ့လေ၏။

'ဟိုမှာ အလုပ်အကိုင်လေး ဘာလေးနေရာကျရင် မင်းတို့သားအမိကို ငါခေါ်လာမယ်'

ကိုဘိုးထွန်းက သွားခါနီးတွင် သို့ကလို မှာသွားသည်။ အဘယ်မျှ ဝမ်းမြောက်ကြည်နူးဖွယ်ရာ ကောင်းလိုက်ပါသ နည်း။ အိမ်ထောင်ကျလာသည့်အချိန်ကစ၍ အလုပ်အ ကိုင်အကြောင်းကိုမပြော၊ စားရေးသောက်ရေးအတွက်အ လျဉ်းမပူ၊ အရက်ကလေးသောက်လိုက်၊ လျှောက်လည်လိုက် လုပ်နေခဲ့သည့် ကိုဘိုးထွန်းသည် ယခုတော့သမာဒေဝ နတ်ကောင်းနတ်မြတ်များ တိုက်တွန်း၍လား မသိ။ သူဘာ သာသူ အကြံအစည်ထုတ်ကာ အလုပ်လုပ်လျှက်ရှိနေပေပြီ။

ဟသာ်တသို့ လက်သမား ကန်ထရိုက်နှင့် အလုပ်အတူလိုက်လုပ်သော လင်သည်အကြောင်းကို တွေးမိသည့်အခါ ငွေရီမှာ ကိုဘိုးထွန်းအပေါ် သနားစိတ်ကလေးများပင် ဝင်လာမိသည်။ 'ဩော် အခုတော့လည်း သူခမျာ သနားစရာပါလား' ဟုတွေးမိသည်။

'ရှင် ဟိုရောက်တဲ့အခါကျတော့ သောက်လည်းသောက် ပေါ့တော်၊ သိပ် အလွန်အကျွံလည်းမသောက်နဲ့ဦး၊ သူစိမ်း တွေ ရပ်ရွာမှာ'

သည်လိုနှင့်ပင် ငွေရီတို့ သားအမိကို ထားခဲ့ပြီးနောက် ကိုဘိုးထွန်းသည် ဟသာ်တတို့ ထွက်ခွာသွားခဲ့လေ၏။

အလုပ်သွားလုပ်သော ကိုဘိုးထွန်းကို စောင့်ဆိုင်းရင်း ငွေရီသည် သူ့အလုပ်ဖြစ်သည့် ဝက်ခေါင်း ဝက်အူ စသည့် ဆင်မလိုက် ဝက်သတ်ရုံမှကျသော ဝက်သားတွေကို ရတတ်သမျှ ယူရောင်းသည်။ သူရောင်း၍ ရတတ်သမျှကလေးနှင့် သားအမိသုံးယောက်၏ ဝမ်းရေးကို ရှာကြံဖြည့်တင်းရလေသည်။

တစ်လခန့်ကြာသောအခါ ကိုဘိုးထွန်းထံမှ စာတစ်စောင် ရောက်လာသည်။ ငွေရီသည်စာဖတ်သူမဟုတ်ချေ။ သူသား ပေါက်စနှင့် သမီးဂွက်ထော်တို့မှာလည်း ယခုတိုင် ကျောင်း နေရသည့် ကလေးများ မဟုတ်သည့်အတွက် စာကို မဖတ် တတ်ကြ။

ငွေရီသည် ထိုစာကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဝက်သတ်ရုံ အနောက်ဘက်တန်းလျှားကြီးတွင်နေသော အန်းပိထံ သို့ ယူသွားလျှက်အန်းပိ ကိုဖတ်ခိုင်းသည်။ အန်းပိမှာ အသက် ၃၀ နီးပါးရှိ တရုတ်ကပြားဖြစ်ပြီး ဝက်သားတင် ကားမောင်း သူ ဖြစ်သည်။

ဗမာစာကိုရေရေလည်လည် ဖတ်တတ်သော အန်းပိက မပီကလာပီကလာ ဘာသာစကား၊ ခနော်ခနဲ့ လက်ရေးများဖြင့် ရေးထားသည့်စာကို ဖတ်ပြသည်။

**ငွေရီ**

ငါအလုတ်တွေ အားလုံးအဆင်ပြေသည်၊ ယခုလဒေါ့ ပိုက်ဆံ မပို့သေးဘာ၊ ပိုဒေါ့ တင်ပို့ပေးမြည်၊ နောက်လဆို လာခေါ်မည်၊ အခုမင်းဒတ်ပုံရှိက စာအိတ်ထဲမှာ ထဲ့ပေးလိုက်ဘာ။

**ဘိုးထွန်း**

'သူက ငါ့ဓာတ်ပုံ ဘာလုပ်ဖို့လဲဟဲ့ အန်းပိရဲ့'

ကိုဘိုးထွန်း၏ စာအဆုံးတွင် ငွေရီ၏ဓာတ်ပုံရှိက စာ အိတ်တွင်ထည့်ပေးလိုက်ပါဟု ရေးထားရာ ငွေရီက နားမလည် နိုင်သည့် အတွက် အန်းပိအား မေးလိုက်ခြင်း ဖြစ်သည်။

'အို့ဗျာ ခင်ဗျားဓာတ်ပုံကို သူလိုချင်လို့ပေါ့'

ငွေရီသည် အန်းပိ၏ စကားကိုကြားသောအခါ ပြုံးဖြဖြ လုပ်နေ၏။ အဘယ်ကြောင့် ကိုဘိုးထွန်းက မိမိ၏ဓာတ်ပုံ တောင်းသည်ကို ငွေရီမှာတကယ်ပင်နားမလည်နိုင်ရှာပေ။

'သူ့မိန်းမဓါတ်ပုံ သူ့အနားထားချင်လို့မှာတာပေါ့' ဟု အန်းပိကဆက်ပြောသောအခါ ငွေရီမှာ တစ်ခစ်ခစ်နှင့် ရယ်နေပြန်လေသည်။

'ကြီးကြီးစည်ရာဟယ်' ဟုဆိုရင် ငွေရီမှာ စာကိုယူ၍ အိမ်သို့ ပြန်လာသော်လည်း သူ့လင်ဓာတ်ပုံတောင်းလိုက်သည့်အကြောင်းကို တစိမ့်စိမ့်တွေး ကာ ရှက်နေမိသည်။

ထိုအကြောင်းကိုမူကား ဒေါ်မကြီးအား မပြောဘဲ မနေနိုင်သည့်အတွက် အိမ်ပြန်ရောက်လျှင် ရောက်ချင်း ဖောက်သည်ချမိလေ၏။ ဒေါ်မကြီးမှာ ငွေရီ ဖြစ်ပုံကိုကြည့်၍ တဟားဟား ရယ်မောလေသည်။

'အင်းလေ ကြီးကြီးစည်ရာ ကျွန်မပုံများ လိုချင်ရသေးသတဲ့' ငွေရီက အရှက်ပြေ ပြောနေလေသည်။

'ညည်းကလည်း ဒါပဲ အဆန်းလား၊ သူ့ခမျာ တစ်ရပ်တစ်ရွာနေရတာဆိုတော့ ကိုယ့်သားမယား ဓာတ်ပုံကလေးဘာလေး အနားမှာ ထားချင်တာပေါ့ဟဲ့'

'ကျုပ် ဓာတ်ပုံမှမရှိဘဲ ကြီးတော်ရဲ့'

'ဈေးကြီးဘက်နား ဓာတ်ပုံဆိုင်တွေ တစ်ပုံတစ်ခေါင်းကြီးပါအေရယ်'

ဒေါ်မကြီးက သို့ကလို ပြောသောအခါ ငွေရီသည်သူ့

ခါတ်ပုံကို ကိုဘိုးထွန်းဆီသို့ ပို့ရကောင်းနိုးနိုး ထင်မိလေသည်။ သို့သော်လည်း မပို့ဖြစ်။ ဓာတ်ပုံလည်းသွားမရိုက်ဖြစ်ချေ။

နောက်၁၅ရက်ခန့်အကြာတွင် ကိုဘိုးထွန်းကလိုက်လာ ရန်မှာသည့်အတွက် ငွေရီသည် ဟသာ်တသို့ လိုက်သွားသည်။ တစ်ယောက်မှ မရောက်ဖူးစေကာမူ လင်တစ်ယောက်လုံး ရှိသားပဲဟူသောဇောနှင့် လိုက်သွားခဲ့လေသည်။ သားပေါက်စ နှင့် သမီးငွက်ထော်တို့ကိုလည်းခေါ်သွား၏။ ဒေါ်မကြီးနှင့် တကွသော ဆင်မလိုက် ဝက်သတ်ရုံအနီးတစ်ဝိုက်ရှိ ရပ်ကွက်မှ ငွေရီတို့အပေါ် သိကျွမ်းကြသူများအားလုံးက ငွေရီတစ် ယောက်တော့ လင့်လုပ်စာကလေး ထိုင်စားပြီး အေးအေး ဆေးဆေးနေနိုင်တော့မယ် ဟုဝမ်းမြောက်ဝမ်းသာတွေးမိကြ သည်။ နံနက် ဝေလီဝေလင်းကစ၍ ညမိုးချုပ်သည်အထိ ဈေး တောင်းခေါင်းရွက် ကျရာအလုပ်ကို လုပ်ကိုင်ကာ လင်နှင့်သား သမီးများအား နေပူမရှောင် မိုးရွာမရှောင် ရှာကျွေးနေခဲ့သည့် ငွေရီတစ်ယောက် သက်သာရာရတော့မည်ဟု တွေးကြသည်။

'အေး ဟို တစ်ရပ်တစ်ရွာဆိုတော့ညည်းတို့ သင့်သင့်မြတ် မြတ်နေကြ၊ မောင်ဘိုးထွန်းကိုလည်းနားဝင်အောင်ပြောအေ့၊ လင်ဆိုတာ မယားက နားဝင်အောင်သာပြောအကုန်အဆင် ပြေတာပဲဟာ'

ဒေါ်မကြီးကမှာလေသည်။ ဒေါ်မကြီးသည် ဆွေမျိုးတော် စပ်ခြင်းမရှိသော်လည်း ငွေရီ့အပေါ်၌ သမီးရင်းတူမရင်းသဖွယ် ခင်မင်ရှာလေ၏။ သို့မို့ကြောင့်သာ ဟသာ်တ

သို့ သွားခါနီးတွင် ဒေါ်မကြီးကို ကန်တော့ရင်း ငွေရီမှာ မျက်ရည်ပင် ကျမိလေ၏။

(၄)

'ဟင် ငွေရီဘယ်နှယ်လဲဟဲ့ ညည်းတို့ဥစ္စာ၊ သွားတာမှ ဘာ မှမကြာသေးဘူး၊ အခု ဘာလို့ ပြန်လာတာလဲ'

ခရီးရောက်မဆိုက် ဒေါ်မကြီးက ဆီးမေးသည်။ ဒေါ်မကြီးမှာ တကယ်ပင် အံ့သြနေဟန်လည်းတူသည်။ မည်းပြောင်နေသော ဒေါ်မကြီး၏ မျက်နှာတွင် အံ့သြသည့် လက္ခဏာတွေ ပေါ်နေသလို အလားတူ မည်းပြောင်နေ သည့် ငွေရီ့ မျက်နှာ တွင်လည်းချွေးစက်ချွေးပေါက်တွေ စီးရစ်လျှက် ရှိလေ၏။

'ပြော မပြောချင်တော့ဘူး ကြီးတော်ရေ့၊ ကျွန်မက အား ကိုးတကြီးနဲ့ လိုက်သွားတယ်၊ ဟိုလည်းရောက်ရော ကိုယ်တော် ချောက) မိုးလင်းက မိုးချုပ် မူးနေတော့တာပဲတော်'

'ဒါပဲအေ အဆန်းလား၊ ညည်းလင်က ဒီမှာတုန်းကတော့ မမူးဘူးတဲ့လား'

ဒေါ်မကြီးမှာ သူတို့လင်မယားအပေါ်စိတ်စေတနာကောင်း၏။ ငွေရီတို့ လင်မယားရန်ဖြစ်နေလျှင် သူမကြိုက်။ တည့်နေသည်၊ ချောင်ချောင်လည်လည်ကလေး သုံးစွဲနေနိုင်သည်ဆိုလျှင် ဝမ်းသာနေတတ်သော ဒေါ်မကြီးပေတည်း။

'ဒါပေမယ့် ဟိုမှာကျတော့ရိုးရိုးမူးတာ မဟုတ်ဘူး ကြီး တော်ရဲ့မူးပြီး ပြန်လာပလားဆို ကျွန်မကိုတောင်သူက ရိုက်လားနှက်လား၊ ကလေးတွေကို လည်းဒီလိုပဲ'

ဒေါ်မကြီး ဘာမျှမပြောတော့ဘဲ ငွေရီစကားကိုသာ

နားထောင်နေသည်။ ဂွက်ထော်ကား သူ့အဖေဆီမှ ပြန်လာရ ကောင်းလားဆိုကာ တရှုံ့ရှုံ့ ငိုနေလေ၏။

'ကျွန်မက အစတုန်းကတော့ ကျိတ်ပြီး သည်းခံတယ်၊ တခြား သူစိမ်းတစ်ရံတွေ ကြားထဲသွားရင် မကောင်းဘူးလေ လို့ကိုယ့်စိတ်ကိုယ် ဖြေတယ် ကြီးတော်ရဲ့၊ ဒါပေမယ့် နောက် သူ နှိပ်စက်လွန်းတော့ မခံနိုင်ဘူး၊ အကြီးအကျယ်ကို ဖြစ်ကြ တာပဲ'

ငွေရီသည် ရှမ်းဖက်ဆေးလိပ်တိုတိုကို ကောက်ဖွာကာ မီးခိုးငွေ့ များကို တငွေ့ငွေ့ မှုတ်ထုတ်နေ၏။

'အဲ့ဒါ အခုနောက်ဆုံးပဲ အပြတ်ပြောခဲ့တယ်၊ ငါ့ဘာသာ ငါ ကလေးနှစ်ကောင်နဲ့ ရှာစားမယ်၊ နင်သာ ကြိုက်သလိုနေ ပြန်မလာနဲ့လို့'

'အေးလေ ပြီးတာလည်း ပြီးပစေပေါ့၊ ညည်းတို့ အကြောင်း ငါလည်းစိတ်ရှုပ်တယ်အေ'

ဒေါ်မကြီးက ငွေရီချထားသော ရှမ်းဖက်ဆေးလိပ်တိုကို ယူဖွာ ရင်းပြောလေသည်။ ငွေရီမှာ ဘာမှမဖြစ်သလို ကွမ်းမြှုံ မပျက်၊ မျက်နှာလည်း မပြောင်း။

ထိုအချိန်မှစ၍ ငွေရီသည် တစ်လကျော်ခန့် စွန့်ပစ် ထား ခဲ့သော သူ့မူလ အသက်မွေးဝမ်းကျောင်း အလုပ် ဟောင်းကို ပင် ပြန်လည်လုပ်ကိုင်ရပြန်သည်။ ဝက်ခေါင်း၊ ဝက်အူ၊ ဝက်သွေး၊ ဝက်ခြေထောက်၊ ဝက်သည်း၊ဝက် နား ရွက်စသည် ဖြင့် ဝက်သတ်ရုံမှကြွင်းကျန်သမျှကို တစ် ဆင့်ယူကာ ခေါင်းရွက်ဗျက်ထိုး ရောင်းချရသော အလုပ်ပင် ဖြစ်လေသည်။ သို့ကလိုရောင်းချရာ၌ ကြည့်မြင်တိုင်ဈေးကြီး၊

လှည်းတန်း၊ကမာရွတ် စသည့်ဈေးများမှအစ လှိုင်၊ ဆင်မလိုက်၊ ကြည့်မြင် တိုင် စသည့်ရပ်ကွက်အပြင် လမ်းကြို လမ်းကြားအဆုံး သင့်သလို လှည့်လည်၍ သွားရသည်။

ထိုသို့ ပြန်လည်လုပ်ကိုင်စားသောက်ရသည့်အတွက် ငွေ့ရီ့ စိတ်တွင် စိုးစဉ်မျှဝမ်းနည်းခြင်း မဖြစ်မိ။ ဟသာ်တတွင် မိမိအပေါ်၌ ပစ်ပစ်ခါခါ ပြုလုပ်ခဲ့သည့် ကိုဘိုးထွန်းကို မူကား လင်သားဖြစ်သည့် အားလျော်စွာ မပြတ်မလတ် သတိရမိသည် လည်း ရှိ၏။ သို့သော် ငွေရီ မတုန်လုပ်တော့ချေ။

'ပေါက်စ ကျောင်းနေမယ်' ဟု သားဖြစ်သူ ပေါက်စက ပြောသည်။ ထိုအခါမျိုး၌လည်း ငွေရီသည် တစ်စုံတစ်ရာ ငြင်း ဆိုခြင်းမရှိဘဲ ပေါက်စကို ဆင်မလိုက်ရပ်ကွက်တွင်းမှအလွတ် ပညာသင်ကျောင်းကလေးတစ်ကျောင်းသို့ သွားတက်စေသည်။

'ကလေးတော့ စာလေးဘာလေး ရေးတတ်ဖတ်တတ်မှ ဖြစ်မှာပါ'

ဤကား ငွေရီ့အတွေးပင်တည်း။

ထိုအတွေးဖြင့် ပေါက်စကိုကျောင်းနေစေခြင်းဖြစ်သည်။ တစ်ခါတစ်ရံ စာမတတ်ပေမတတ်ဖြစ်သော ကိုယ့်ဘဝကိုကိုယ် ပြန်၍ လှစ်ခနဲ မြင်ရောင်မိလေသလား မပြောတတ်။

ပေါက်စကျောင်းတက်သောအခါ ငွက်ထော်သာလျှင် အိမ် စောင့်အဖြစ် ကျန်နေတတ်သည်။ ဝက်ချေးနံ့၊ ချောင်းရေပုဒ်နှင့်ဗွက်နံ့တို့မှထွက်သော အနံ့ဆိုးမျိုးစုံရောပြွန်းနေတတ်သည့် သူတို့တဲကလေးတွင် ငွက်ထော်သည် ကစားရင်း၊

ဝိုရင်း ကျန်ရစ်တတ်သည်လည်း ရှိ၏။ သို့သော် ဂွက်ထော်သည်စျေး ရောင်းလိုက်နိုင်သည်။ စျေးရောင်းဖော်တစ်ဦးလည်း ဖြစ်နိုင်ပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ငွေရီသည် သူတာဝန်ကိုသူနိုင် အောင်ထမ်းလေသည်။ ကိုဘိုးထွန်းရှိစဉ်အခါက ဘာမျှကူ၍ လုပ်ကိုင်ခြင်းမရှိစေကာမူ နေရထိုင်ရသည်မှာပြီပြည့်စုံသည်ဟု ထင်၏။ ယခုကိုဘိုးထွန်းနှင့် ကွဲနေသည်ဟူသောအသိက ခြောက်လန့်နေ၍လားမသိ၊ ငွေရီမှာ ပို၍အားငယ်နေသလိုလို ဖြစ်တတ်သည်။

သို့ရာတွင် အားငယ်သည့်အကြားမှပင် ငွေရီသည် မိမိနှင့်သားသမီး လူအမည်နှစ်ဦးတို့၏ ဝမ်းဗိုက်ကို နေ့စဉ်နှင့်အမျှ ဖြည့်တင်းရေးအတွက် မဖြစ်မနေ ကြိုးစားရှာကြံရသည်သာတည်း။

(၅)

'ငွေရီ့ကို ဖမ်းသွားတယ်တော့'

ဆင်မလိုက် ဝက်သတ်ရုံတစ်ဝိုက်တွင် ဤသတင်းမှာ တောမီးပမာ ပျံ့နှံ့သွားလေ၏။ 'ဘာဖြစ်လို့ဖမ်းတာလဲ' 'ဘယ်မှာ ဖမ်းတာလဲ' ဟူသော အချင်ချင်းမေးမြန်းသံတွေလည်း လျှံထွက်လာလေ၏။

'လှိုင်ဘက်မှာလေ၊ သူဝက်သားတွေကို အပုပ်တွေရောင်းတယ်ဆိုပြီးဖမ်းသွားတာပဲ'

ဒေါ်မကြီးမှာ ရင်တမမနှင့် နားထောင်လေသည်။ 'အဲဒါပဲဒေါ်မကြီးရေ၊ ငွေရီတို့အဖြစ်များပြောမပြောချင်တော့ဘူး'ဟုမအုန်းမေက ညည်းသွားနေ၏။ မအုန်းမေမှာ

ငွေရီ့ တို့တဲနှင့် ကျောချင်းကပ်နေသည့်တဲတွင်နေ ပြီးပန်းရန်ကန်ထရိုက်များနှင့်လိုက်၍အုတ်သယ်သည်။ တစ်ခါတစ်ရံအုတ်သယ်ရသည့်အတွက် ပင်ပမ်းလွန်းသောအခါမျိုး၌မအုန်းမေသည် ကြည့်မြင်တိုင် ကမ်းနားသွားကာ ဓနိချသည်၊ ငှက်ပျောခိုင်ရွက်သည်။ မအုန်းမေ၏ယောကျ်ား ကိုအောင်ဘမှာ ယမန်နှစ်က ခတ္တိယဘက်ပြန်၍ ပုစွန်ဖောင်သွားချရာ ခတ္တိယမှာပင် နာဖျားမကျန်းဖြစ်ပြီး ကွယ်လွန်ခဲ့လေသည်။

'ငွေရီနှယ်အေး ဖြစ်မှဖြစ်ရလေ'ဟုဆိုကာ ဒေါ်မကြီးမှာ လည်း စိတ်မကောင်းဖြစ်နေ၏။ ရှည်လျားသောသက်ပျင်းကို ပါ မှုတ်ထုတ်လိုက်လေသည်။

ထိုနေ့ညနေခင်းလောက်တွင် ငွေရီသည် ဆင်မလိုက်ရှိသူတို့တဲ ရှိရာတို့ ပြန်ရောက်လာလေသည်။ အများက ဘူးလေးရာဖရုံဆင့်သလို ဖြစ်နေသော ငွေ့ရီ့အတွက် စိတ်မကောင်းဖြစ်နေကြစေကာမူ ငွေရီကား အပြုံးမပျက်။

ညည်းနှယ်အေး တို့ကတော့ စိတ်ပူလိုက်ရတာ၊ ညည်းမျက်နှာစပ်ဖြဖြနဲ့'

ဒေါ်အမကြီးတို့ မအုန်းမေတို့က ဝိုင်းနှုတ်ဆက်ကြသည်။ 'အမလေး ကြီးတော်ရယ်၊ စပ်ဖြဖြမနေလို့ကော ဘယ်လိုနေရ မှာလဲ၊ ဖြစ်သမျှကုသိုလ်ပေါ့'ဟု ငွေရီက သွားများကိုခဲ့ကာ အော်ကြီးဟစ်ကျယ်ပြောလေ၏။ ဈေးရောင်း၍ အဖမ်းခံရ သော ဈေးသည်တွေ များပေမယ့် ငွေရီလောက် အုတ်အုတ် ကျက်ကျက် မဖြစ်ကြပေ။

'ဘယ်လိုများ ဖြစ်တာတုန်းဟဲ့၊ ပြောစမ်းပါဦး'ဟု ဒေါ်မကြီးက မေးသည်။

'ပုလိပ်ကလာစစ်တယ်လေ၊ ကျွန်မဗန်းထဲကဝက်အူတွေဟာ အပုပ်တွေဆိုပြီး ဖမ်းတာပဲ၊ ကျွန်မက ဒီဝက်အူတွေ ကို ဝက်သတ်လိုင်စင်ဆီက ရတဲ့အတိုင်း ချက်ချင်းရောင်း တာပါ၊ ညအိမ်တောင် အထားပါဘူးလို့ ရှင်းပြောပြပေမယ့် မရဘူးတော်၊ အဲ့ဒီ ဂတ်ထဲကိုခေါ်သွားတာပဲ၊ အဲဒါ ဗန်းကော ချိန်ခွင်ရောသိမ်းထားတယ်။ နောက်လပြည့်ကျော် ၄ ရက် နေ့မှာ အင်းစိန်ကရုံးကို လာရမယ်တဲ့၊ သန်ဘက်ခါ ပေါ့၊ ဘာတွေ ဆက်လုပ်ဦးမလဲ တော့မသိဘူး တော်ရယ်'

'ဖြစ်ရပလေအေ ညည်းနှယ်'

ဒေါ်မကြီးက ဝါးထားသည့် ကွမ်းကို တစ်ချစ်မျှ ပစ်ခနဲ နေအောင် ထွေးလိုက်ပြီးနောက် ပင်ပမ်းနွမ်းနယ်လာဟန်ရှိ သော ငွေရီအား ပြောပြောဆိုဆိုပင် ကြည့်နေလေ၏။

'ဘယ်နှယ်လုပ်မလဲ ကြီးတော်ရဲ့၊ သူဘာသာသူ ဖြစ်လာ တဲ့ ဥစ္စာ'

ငွေရီစကားမှာ တရားသံဝေဂရသည့် လေသံလော၊ သို့တည်းမဟုတ် အတွေ့အကြုံတို့၏ ထုထောင်းရိုက်ပုတ်ချက် များကို လျှစ်လျူပြုရန် ကြိုးစားသောလေသံလော မသိ။ အိမ် နီးပါးချင်းများကမူ ငွေရီ့ အပေါ်၌သာ ကြင်နာသော လေသံဖြင့် သတင်းမေးလာကြသည်။ ကလေးတွေကိုလည်း အာပေး ကြသည် 'ငွေရီရေနင်နောက် ကျနေပြီ၊ ထမင်းချက်မနေနဲ့တော့' ဟုဆိုကာ မအုန်းမေက ညနေစာကျန်သေးသည့် ထမင်းတွေကို လှမ်းသေးသည်။ တစ်တဲကျော်တွင်

နေသော တစင်ရေကျော်မှ ပြောင်းလာသည့် မဲတုတ်တို့ လင်မယားကလည်း သူတို့အိမ်မှာကျန်နေသေးသည့် ငါးမြွေ ထိုးဟင်းခွက်ကို ပို့ပေးသည်။

ထိုညကမူ ငွေရီမှာ တစ်ညလုံး ကောင်းကောင်း အိပ် မပျော်ချေ။ နံနက်နှင့် နေ့ခင်း တွေကြုံခဲ့ရသော သူ့အဖြစ် အ ပျက်တွေမှာ တရေးရေး၊ တရိပ်ရိပ်နှင့် ပေါ်နေလေ၏။ ရင်တွင်း၌လည်းအတန်ငယ်မကြည်မလင်ဖြစ်လေ၏။ တရှူးရှူးနှင့် အိပ်မောကျနေသော ပေါက်စနှင့် ဂွက်ထော်တို့၏ သွားကြိတ်သံ၊ လူးလွန့်သံနှင့် အသက်ရှူသံတွေမှာ တိတ် ဆိတ်သောညကို ဆူပူစွာ ထိုးဖောက်လျက်ရှိလေ၏။

လရောင်သည် ကျိုးတကျဲကွဲနေသော မနိပျစ်များ အကြား မှာထိုးဆင်း၍ဝင်နေ၏။ထိုအခါ၌ ငွေရီသည် ကို ဘိုးထွန်း အကြောင်းကိုပါ လှစ်ခနဲသတိရမိသည်။'အခု လောက်ဆို သူ ဘယ်လိုများနေသလဲ' ဟုလည်း မရဲတရဲ တွေးမိသည်။ငွေရီ သည် ဝိုးတဝါးအတွေးများဖြင့် လုံးထွေး ရစ်ပတ်ရင်း အိပ်မော ကျသွားလျှင်လည်း ကျသွားမည်သာ တည်း။

(၆)

အင်းစိန်ရှိ တရားရုံးတော်တစ်ခုမှ ငွေရီအား ပုပ်နေ သော အများပြည်သူတို့၏ အသက်နှင့် ကျန်းမာရေးကို ထိခိုက် ပျက်စီးစေနိုင်သော အသားများ၊အူများကို ရောင်းချ ကြောင်း ထင်ရှားသည်ဆိုကာ ဒဏ်ငွေ တစ်ဆယ်ကျပ် ပေး ဆောင်စေ ဟု အမိန့်ချလိုက်လေပြီ။

ငွေရီသည် ကတုန်ကယင် ဖြစ်နေ၏။ တစ်ဆယ်မျှ

သော ဒဏ်ကို ဆောင်ရန်အတွက် ဝန်လေးလှသည် မဟုတ်။ မြန်မြန် ဆန်ဆန် ဤကိစ္စပြီးဖို့သာလိုသည်။ ဤကိစ္စ ပြီးလျှင်မိမိ၏ဝမ်း ရေးအလုပ်ကို အလျှင်စလို ဆက်လုပ် ရပေဦးမည်။

'ကျွန်မမှာ ငါးကျပ်ပဲပါတယ်၊ ကြီးတော်ဆီကငါးကျပ် လောက်ခဏပေးပါ'

ရုံးတော်တို့အဖော်လိုက်လာသော ဒေါ်မကြီးက လိုလို မယ် မယ်ဆောင်လာသည့် ငါးကျပ်တန် ညစ်နွမ်းနွမ်းတစ် ရွက်ကို တွယ်ချိတ်ဖြင့်ချိတ်ထားသော ချွေးခံအကျီအိတ် အတွင်းမှ ထုတ် ယူ၍ ပေးလိုက်လေသည်။ သို့နှင့်ပင် ငွေရီ သည် ရုံးတော်အား ဒဏ်ငွေ တစ်ဆယ်ကိုပေးဆောင် နိုင်ခဲ့လေ၏။

အင်းစိန်ရုံးမှပြန်လာသောအခါ ငွေရီသည် ခါတိုင်းကဲ့ သို့ စကားကိုပင်ကျယ်ကျယ်လောင်လောင်မပြော၊ သွက်သွက် လက်လက်လည်းမရှိ၊ ထုံထုံထိုင်းထိုင်းနှင့် လေးလေးလံလံ ဖြစ် လာ၏။

ဆင်မလိုက်သို့ ပြန်ရောက်ပြီးနောက် တဲတံစက် မြိတ် အောက်ရောက်မှ ရုံးတော်ကပြန်လည်ပေးသနားခြင်း မရှိသော လင်ပန်းနှင့်ချိန်ခွင်အကြောင်းကိုတွေးကာ ပို၍နှမြောနေမိ လေ၏။ တဲအတွင်း၌မူ ပေါက်စနှင့် ဝွက် ထော်သည် ညှိုးငယ် သောမျက်နှာကလေးကိုယ်စီဖြင့် သူ့ အလာကို စောင့်နေကြ ရှာ၏။

ထိုအခါ ငွေရီသည် ညှိုးငယ်သော သူမျက်နှာကို ချက်

ချင်းပြင်လိုက်လေသည်။ 'ကြီးတော်ရေ ကျွန်မဆီမှာ လင်ပန်းဟောင်းတစ်ခုတော့ရှိသေးတယ်၊ ကြီးတော် ချိတ်ခွင်ပဲမနက်ကျ ခဏငှားဦးတော်' ဟုလည်း ဘာမျှမဖြစ်သူပမာ ဒေါ်မကြီးဆီ သို့အသံမြှင့်၍ ငွေရီက လှမ်းပြောလိုက်လေသည် တကား။

မောင်နေဝင်း
မငွေရီနှင့် နှစ်လုံးချက်ကြီး
ဝတ္ထုတိုများ
(စာ ၂-၁၉)

# ဖြစ်စဉ်ဇယား

"ငွေရီတို့၏ ဘဝဘုံ"

**မငွေရီ**-အောက်ဆုံးလွှာမှဆင်းရဲသားမိန်းမတစ်ဦး၊ ဘဝဒဏ်ကို လူးလိမ့်ကာ ရုန်းကန်နေရသည်။

↓

ရွာမှနေစဉ်လုပ်ကိုင်ရသည့်အလုပ်များ

**မငွေရီ**ရန်ကုန်ရောက်၊ အိမ်ဖော်ကျ၊

↓

မငွေရီဝက်ကလီစာရောင်း၍မိသားစုကို ရှာကျွေး၊

**ကိုဘိုးထွန်း**မငွေရီခင်ပွန်း အရက်သမား၊အလုပ်မရှိ မိသားစုတာဝန်ကိုမသိတတ်

↓

ကိုဘိုးထွန်း ဟသာင်္တဘက်သို့လက်သမားလိုက်လုပ်၊

↓

မငွေရီ လင်ရှိရာသို့လိုက်သွား၊ နေ့စဉ်အရက်သောက်နှိပ်စက်သဖြင့် ပြန်ခဲ့၊

↓

**မငွေရီ**ကလီစာအပုပ်တွေရောင်းသည်ဟုဆိုကာအဖမ်းခံရ၊

↓

**မငွေရီ**အင်းစိန်တရားရုံးတွင်ငွေတစ်ဆယ်ဒဏ်ဆောင်၊ဈေးတောင်းနှင့်ချိန်ခွင်အသိမ်းခံရ၊ရှိသည့်လင်ပန်းနှင့်ချိန်ခွင်ကို ငှားကာ ဆက်၍ ရုန်းကန်ဦးမည်။

ဆင်းရဲသားမိန်းမတစ်ဦး၏ နာကြည်းစရာ ဘဝဒဏ် အားမာန်

ဆင်းရဲသားယောကျာ်းတစ်ဦး၏ အတွေးအခေါ်နှင့်စရိုက်

**ပတ်လည်ဇယား** သည် ခက်ခဲသော သိပ္ပံတာသာရပ်များ ကျက်မှတ်ရာတွင် အသုံးကျသည်။ ယင်း၏ ဆက်သွယ်ချက်မှာအဘက်ဘက်နှင့် အံဝင်နေသည်။ အရှင်းဆုံးဥပမာပြရလျှင် ၂ + ၂ = ၄ ဟူသော ညီမျှခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ "နှစ်နှင့်နှစ်ပေါင်းလျှင် လေးရသည်"ထိုအတူ"လေးသည် နှစ်နှင့်နှစ်ပေါင်းထားခြင်းဖြစ်သည်" ဟူ၍ဖြစ်၏။


စာ၏ ဆိုလိုချက် ပုံပေါ်လာပြီဆိုလျှင် အချက်အလက်များ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကိုလည်း မြင်လာပေလိမ့်မည်။ ထိုအခါ တစ်သီတစ်တန်းကြီး ရှိနေကြသော အချက်အလက် များကို မှတ်နေစရာ မလိုတော့။ စာ၏ ဆိုလိုရင်း ပုံသဏ္ဍာန် အရ ဆက်စပ်မှုကို မြင်နေ၍ ဖြစ်သည်။ ရှုပ်သွားပြီလား။ မရှုပ် ပါနှင့်။ ထိုနည်းမှာ အဆောင်လက်ဖွဲ့ကလေးတစ်ခု ရထားသ လို အသုံးကျလှသည်။

ဥပမာတစ်ခု ကြည့်ကြစို့။အောက်တွင် ဖတ်စာတစ်ခုမှ စာပိုဒ်တစ်ခု ပေးထားပြီး ယင်းကိုလွယ်ကူစေရန် ပုံကြမ်းဖြင့် ပုံဖော်ထားသည်-

> ရေတွင် ဟိုက်ဒရိုဂျင် မော်လီကျူးနှစ်ခုနှင့် အောက်ဆီဂျင် မော်လီကျူးတစ်ခုတို့ ပေါင်းစပ်ပါဝင်သည်။ထိုသို့ မော်လီကျူးများ ပေါင်းစည်းရန်အတွက်စွမ်းအင်လိုသည်။ စွမ်းအင်မရှိလျှင်ပေါင်းစပ်ခြင်း မပြုနိုင်။အပြန်အလှန်အားဖြင့် မော်လီ ကျူးများ ကွဲထွက်ရာတွင်လည်း စွမ်းအင်လိုအပ်ပြန်သည်။ ဓါတ်ငွေ့ဒြပ်စင်များကို ဒြပ်စင်အခြေအနေမှ ကွဲထွက်စေသည့် အခါမျိုးတွင်ဖြစ်သည်။

အထက်ပါဖတ်စာကိုမှတ်ရန်မှာ လွယ်သည်။ ပုံကြမ်းတစ်ခုဆွဲလိုက်ရုံပင်။ ပုံတစ်ပုံသည် စကားလုံးတစ်ထောင်ထက်ပင် တန်ဖိုးရှိ

သည်။ ထိုပုံကြမ်းဖြင့် စာမေးပွဲတွင် အမှတ်ပြည့်ရနိုင်သည်။အထက်ပါဆိုလိုချက်ကို အောက်ပါအတိုင်း ပုံကြမ်းဆွဲ မည်။ (ပုံကြမ်းဆွဲနိုင်ရန် ပန်းချီပညာတတ်ဖို့ မလိုပေ။မိမိအ မိပ္ပာယ်ပေါက်ရုံ ဆွဲတတ်လျှင် လုံလောက်ပြီ)




စာကျက်သည့်အခါ စာရဖို့အတွက် သက်သတ်လွတ်စား ရန် မလိုပါ။ဆိုလိုရင်း အဓိပ္ပာယ်ကို သဘောပေါက်ထားလျှင် စာရဖို့မခက်ပါ။ ရုပ်ရှင်ကြည့်ပြီးသည့်အခါ ဇာတ်ဝင်ခန်းတွေ၊ အဝတ်အစားတွေ၊ မင်းသားမင်းသမီးတွေ အကုန်မှတ်မိနေ သည် မဟုတ်လား။ထိုအကြောင်းအရာတွေနှင့်ပတ်သက်သော စာရင်းတွေ ကျက်ခိုင်းလျှင်တော့ သတ် မှတ်ချိန်ကာလအတွင်း မှတ်မိအောင်ဖတ်ဖို့ လွယ်မည်မဟုတ်။

ထိုသို့ဖြစ်ရခြင်းမှာ ရုပ်ရှင်ဆိုသည်က ကျယ်ကျယ်ပြန့်ပြန့် မြင်နေရသည်။"တီရှပ်တစ်ထည်" "ချက်ပလက်ကားတစ်စီး" ဆိုသည်ကိုရိုးရိုးမြင်သည်မျိုးမဟုတ်။မင်းသားက အရက်သမား တစ်ယောက်ကို ဘားဆိုင်ထဲမှ ထိုးကြိတ်လွှတ်လိုက်ပြီးနောက် ချွေးတွေဖြင့်စိုရွှဲကာ ရွှံ့စရာကောင်းနေသော မင်းသားကိုယ် ပေါ်မှ တီရှပ်ဖြစ်သည်။မော်တော်ကားဆိုရာတွင်လည်း မင်းသား အာနိုး ရဲစခန်းထဲ မောင်းဝင်သွားသောမော်တော် ကားအနေဖြင့် ကြည့်ခဲ့ရခြင်း ဖြစ်သည်။

ဖတ်နေသည် စာတစ်ပုဒ်ကို သဘောပေါက်ထားလျှင် ယင်းတွင်ပါဝင်သည့် အချက်အလက်တစ်ခုကို ပုံသဏ္ဍာန်ဖြင့် မှတ်မိနေ

မည်။စာမေးပွဲနီး၍ ပြန်ဖတ်သည့်အခါတွင်လည်း ထို ပုံသဏ္ဍာန်အတိုင်း ပြန်မြင်ကာ အလွယ်တကူ ပြန်မှတ်မိနိုင် သည်။

ယေဘုယျအားဖြင့် အချက်အလက်ဆိုသည်မှာ အသုံးကျ သည် မှန်သော်လည်း ပင်မအကြောင်းအရာတွင် အရေးကြီး ဆုံးကဏ္ဍမှ ပါဝင်သည်တော့မဟုတ်။ လူအတော်များများသည် တွေ့သည့်အချက် အလက်မှန်သမျှကို အရကျက်မှတ်ရမည်။ တွေ့သမျှအချက်အလက်၊ တွေ့သမျှ နေ့စွဲ၊ တွေ့သမျှနာမည် တွေကို အကုန်မှတ်ကြသည်။ ကျောင်းသင်ခန်းစာ စာအုပ် ဆိုသည်မှာလည်း ထိုအရာတွေပါဝင် နေကြသည် မဟုတ်လား။

စာဖတ်ခြင်းနှင့် ဖတ်မှတ်ခြင်းကို ခွဲခြားသိဖို့လိုသည်။ နားလည် သဘောပေါက်အောင်ဖတ်ခြင်းနှင့်လေ့လာကျက်မှတ် ခြင်းကိုခွဲခြား သိဖို့လိုသည်။ ဖတ်စာတစ်ခုကို ပထမဆုံးအကြိမ် စဖတ်သည့်အခါ အစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပုံ၊ ပင်မအကြောင်းအရာ၊ ဦးတည်ချက်တို့ကို နားလည်ရန်မှာ အဓိကဖြစ်သည်။

## စာဖတ်ပြေးလမ်း

တစ်ဖက်တွင် ပေးထားသည်များကိုဖတ်၍ အရေးပါသည့် အကြောင်းအရာ၊ အရေးကြီးသည့် စာပိုဒ်နှင့် အသုံးကျမည် ထင်ရသော အချက်အလက်များကို တို့ခြစ်မှတ်သားပါ။ယင်းတို့၏အောက်တွင် မေးခွန်းများပါရှိသည်။အချိန်ကို မမှတ်ပါနှင့်။ကျောင်းစာဖတ်သည့် အခါ ကျေညက်စွာ နားလည်ဖို့လိုသည်။ကျောင်းစာကို "သော့"၍ ဖတ်သွားမည်ဆို လျှင်အရေးပါသည့် အချက်အလက်များ ကျန်ခဲ့မှာ သေချာသည်။

## စွမ်းအင်တည်မြဲမှု

စွမ်းအင်ကို ရူပဗေဒ အစိတ်အပိုင်းအသီးသီး၌ တွေ့ မြင်နိုင်သည်။ သို့ရာတွင် စွမ်းအင်ကို ယေဘုယအားဖြင့် အဓိ ပ္ပာယ်ဖော်ရန် ခက်ခဲလှ၏။ စွမ်းအင်သည် တည်မြဲမှု နိယာမ များကဲ့သို့သော သဘာဝဥပဒေများတွင် အဓိက အခန်းမှ ပါဝင်နေသည်။ အဆိုပါအခန်းကဏ္ဍကိုကြည့်၍ သာလျှင် စွမ်း အင်၏။ အဓိပ္ပာယ်ကို နားလည်နိုင်ပေလိမ့်မည်။

တည်မြဲမှုနိယာမတစ်ခုသည် ရူပဗေဒ စနစ်တစ်ခု အတွင်း အပြန်အလှန် တုန့်ပြန်ဆက်နွယ်မှု၊ သို့မဟုတ် စနစ် တစ်ခုနှင့်ယင်း၏။ ပတ်ဝန်းကျင်တို့အပြန်အလှန် တုန့်ပြန်မှု တို့ကိုဖော်ညွှန်းသည်။ စနစ်တစ်ခုနှင့်ယင်း၏ ပတ်ဝန်းကျင် တို့၏။ အခြေအနေကိုဖော်ညွှန်းသည် ကိန်း ဂဏန်းတို့သည်ထို စနစ်နှင့်ပတ်ဝန်းကျင်တို့ကို ဆက်နွယ်မှု ပြောင်းလဲသွားသည် နှင့်အမျှ ပြောင်းလဲသွားနိုင်သည်။ သို့ရာတွင်မပြောင်းလဲသော သို့မဟုတ် တည်မြဲသော ကိန်းဂဏန်းတစ်ခုတော့ ရှိနေနိုင် သည်။အရှင်းဆုံးဥပမာမှာ ဓာတ်ပြုမှုများတွင် ဒြပ်ထု တည်မြဲနေ ခြင်းမျိုး ဖြစ်သည်။ ဓါတ်ပြုပစ္စည်းများ၏ စုစုပေါင်းအလေးချိန် သည် ဓါတ်ပြုပြီးနောက် ရရှိသည့်အလေးချိန်နှင့် တူညီကြောင်း လက်တွေ့စမ်းသပ်မှု အမြောက်အမြားအရ သိရှိရသည်။ ယင်းမှာ ဓါတ်မပြုမီ ဒြပ်ထုနှင့် ဓါတ်ပြုပြီးဒြပ်ထုတို့ တူညီကြောင်း ပြဆိုသည်။ ယင်းကို ဒြပ်ထုတည်မြဲမှုနိယာမ ဟု ခေါ်သည်။ ထိုနိယာမသည် ဓာတု ဓါတ်ပြုမှုတိုင်းအတွက် မှန်ကန်သည်။

အလားတူ ဖြစ်ရပ်မျိုးကို အရာဝတ္ထုများ တိုက်မိသည့်အခါတွင်လည်း တွေ့မြင်နိုင်သည်။ အရာဝတ္ထုတစ်ခု၏ ဒြပ် ထုသည်းmဖြစ်၍ ယင်းသည် အမြန်နှုန်း V နှင့်ရွေ့လျားနေသည်ဆိုလျှင် အောက်ပါအတိုင်း တွက်ထုတ် နိုင်သည်။

$$\frac{1}{2mv^2}$$

ဤသည်ကို အရာဝတ္ထု၏ အတည်စွမ်းအင်ဟုခေါ်သည် ပျော့ညွတ်သော အရာဝတ္ထု၊ သို့မဟုတ် စပရင်ကဲ့သို့ ရုန်းကန် နိုင်သော အရာဝတ္ထု(အလွန်မားသော ဘောလ်ဘယ် နှစ်ခု)တို့ တိုက်မိသည့်အခါ အမြန်နှုန်းများ ပြောင်းလဲသွားနိုင်သည်။ သို့ရာတွင် စုစုပေါင်းအတည်စွမ်းအင်(တိုက်မိသော အရာဝတ္ထု များ၏ စွမ်းအင် $\frac{1}{2mv^2}$ )မှာ မတိုက်မီကအတိုင်း ပြောင်း လဲမှုမရှိကြောင်း တွေ့ရမည်။ ထိုတိုက်ခိုက်မှုတွင် စွမ်းအင်တည် မြဲနေသည်ဟု ခေါ်သည်။

ထိုအချက်ကိုတွေ့ရှိဖြင့် အတည်စွမ်းအင်ဆိုသည်မှာ ဘာ လဲဟု မသိနိုင်။ သို့သော် တစ်စုံတစ်ခုသော တုန့်ပြန်မှုတွင် တည်မြဲမှု နိယာမကို ပြဆိုရန် အသုံးကျပေသည်။

အဝတ်စဘောလုံး၊ သို့မဟုတ် ပီကေ (ချွင်ဂမ်း)ကဲ့သို့ ပျော့၍ ပုံသဏ္ဍာန်ပြောင်းသွားနိုင်သော အရာဝတ္ထုနှစ်ခုတို့ တိုက်မိကြသော အခါ အတည်စွမ်းအင်သည် တည်မြဲနေခြင်း မရှိကြောင်း တွေ့ရမည်။ သို့ရာတွင် တစ်စုံတစ်ရာဖြစ်ပေါ်သွား မည်။ ပူနွေးလာသည်ကို တွေ့ ရမည်။ အပူချိန်မြင့်တက်လာမှု နှင့် ဆုံးရှုံးသွားသော အတည်စွမ်းအင် ပမာဏတို့ တိကျစွာ ဆက်စပ်မှုရှိနေသည်ကို တွေ့ရမည်။

ဤတွင် အချင်းအရာတစ်တစ်ခု ပေါ်ထွက်လာသည်။ ယင်းမှာ အတွင်းစွမ်းအင် ဖြစ်သည်။ ထိုစွမ်းအင်ကြောင့် အပူချိန်တိကျစွာ မြင့်တက်လာသည်။ ထို့ကြောင့် ဤတိုက်ခိုက်မှုတွင် အတွင်းစွမ်းအင်နှင့် အတည်စွမ်းအင် နှစ်ရပ်ပေါင်းသည် တည်မြဲလျက်ရှိသည်။

ဤတွင် ထူးခြားချက်မှာ စွမ်းအင်အသစ်တစ်မျိုးဖော်ထုတ်ခြင်းဖြင့် စွမ်းအင်တည်မြဲမှုနိယာမကို အခြားဖြစ်စဉ်များ အထိ တိုးချဲ့၍ရနိုင်ပေသည်။ ဤသို့ဖြင့် ဤနိယာမ ပေါ်လာရခြင်းဖြစ်၏။ အရာဝတ္ထု တစ်ခုနှင့်တစ်ခု ထိတွေ့တုန့်ပြန်မှုများကိုလေ့လာသည့်အခါ မူလစွမ်းအင်များ ဆက်လက်တည်တံ့ခြင်းမရှိဟုဆိုလျှင် အခြားစွမ်းအင်အသစ်တစ်မျိုးဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ရပေမည်။ ထို့ကြောင့် အ သစ်ဖြစ်ပေါ်လာသည့်စွမ်းအင်အပါအဝင် စွမ်းအင်အားလုံး ပေါင်းသည် မူလစွမ်းအင်များ စုစုပေါင်းတန်ဖိုးအတိုင်း ရှိနေ ရပေမည်။

ထိုအသစ်ဖြစ်ပေါ်လာသည့် စွမ်းအင်များတွင် အပူနှင့်သက်ဆိုင်သည့်စွမ်းအင်၊ ပျော့ညွတ်၍ ပုံသဏ္ဌာန်ပြောင်းသွားမှုနှင့် ဆိုင်သော စွမ်းအင်၊ လျှပ်စစ်နှင့် သံလိုက်စက်ကွင်းနှင့်သက်ဆိုင်သော စွမ်းအင်၊ရီလေးတီဗီတီ သီဝရီအရဒြပ်ထုနှင့်ဆိုင်သော စွမ်းအင်များပါဝင်လေသည်။ စွမ်းအင်တည် မြဲမှုသဘောတရားသည် အခြားသိပ္ပံ သဘောတရား အချို့ ကဲ့သို့ပင် ကြောဝင္ဇာ ဆိုင်ရာတည်မြဲမှု နိယာမ၏ အသိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ စာကာဝင္ဇာ တည်မြဲမှုနိယာမကိုမူ ခိုင်မာစွာလက်တွေ့ ရှာဖွေတွေ့ရှိခြင်း မရှိသေးပေ။

၁။ စာတွင် အဓိကဆိုလိုချင်သည်မှာ-

(က)စွမ်းအင်တည်မြဲမှုဆိုသည်မှာဘာလဲ၊

(ခ )ပျော့ညွတ်ပုံပြောင်းမှုဆိုသည်မှာဘာလဲ၊

(ဂ )အတွင်းစွမ်းအင်ဆိုသည်မှာဘာလဲ၊

(ဃ)အရာဝတ္ထုများ တစ်ခုနှင့်တစ်ခု တိုက်မိသည့်အ ခါဖြစ်ပျက်မှု၊

(င )စွမ်းအင်ဆိုသည်မှာဘာလဲ၊

၂။ စွမ်းအင်တည်မြဲမှုကို စာပိုဒ်တွင် ဤသို့သရုပ်ဖော်သည်-

(က)ဘောလ်ဘယ်ရင်နှစ်ခု တိုက်မိခြင်း၊

(ခ )ကား၏အရှိန်ကို လျှော့ချခြင်း၊

(ဂ )အသုံးမလိုသည့် မီးကိုပိတ်လိုက်ခြင်း၊

(ဃ)ကာယလေ့ကျင့်ခန်းလုပ်ပြီး၍ အနားယူခြင်း၊

(င )မာတုဓါတ်ပြုမှုများတွင် ဒြပ်ထုတည်မြဲခြင်း၊

၃။ အတည်စွမ်းအင်၏ ပုံသေနည်းများ-

(က) $^1/_2mv$

(ခ ) $^1/_2\,{}^2mv$

(ဂ ) $^1/_2m^2v$

(ဃ) $^1/_2m^2$

(င ) $^1/_2mv^2$

၄။ တပိုဒ်တွင် ဒြပ်ထုတည်မြဲမှုကို ဖော်ပြရသည့်အကြောင်းမှာ

(က)ဓာတုဗေဒနှင့် ရူပဗေဒသည် ဥပဒေများ တူညီသောကြောင့်၊

(ခ)ဓာတုဗေဒသည် ရူပဗေဒ ဘာသာခွဲတစ်ခုဖြစ်သောကြောင့်၊

(ဂ)ယင်းသည်စွမ်းအင်တည်မြဲမှုနှင့် အတူတူဖြစ်သောကြောင့်၊

(ဃ)ယင်းသည် ဓာတုဗေဒဘာသာရပ်တွင် သဘောတရားတစ်ရပ်ဖြစ်သလိုစွမ်းအင်တည်မြဲမှုသည်လည်း ရူပဗေဒဘာသာရပ်၏ သဘောတရား တစ်ခုဖြစ် သောကြောင့်၊

(င)ရူပဗေဒမှ အလုပ်နှင့် စွမ်းအင်အကြောင်းကို သဘောပေါက်စေရန်အတွက်၊

၅။ အတွင်းစွမ်းအင်ကိုအောက်ပါပြောင်းလဲမှုအရ တိုင်းတာနိုင်သည်။

(က)ဒြပ်ထု

(ခ )အပူချိန်

(ဂ )အရွယ်အစား

(ဃ)အလျင်

(င )အတည်စွမ်းအင်

၆။စွမ်းအင်တည်မြဲမှုမှာ-

(က)ဓါတ်ပြုမှုအများစုတွင် ဖြစ်ပေါ်သည်၊

(ခ )အရာဝတ္ထုများ တိုက်မိရာတွင် ဖြစ်ပေါ်သည်၊

(ဂ )စည်းမျဉ်းတစ်ခုကဲ့သို့ အမြဲတမ်းနီးပါး မဖောက်ပြန်၊

(ဃ)စည်းမျဉ်းတစ်ခုကဲ့သို့ အမြဲတမ်းလိုလို ဖောက်ပြန်သည်၊

(င )ဘယ်တော့မှ မဖောက်ပြန်၊

၇။ ကားတစ်စီး ရွှံ့ပုံကြီးတစ်ပုံကို ဝင်တိုက်မိသောအခါ ဖြစ်လာနိုင်သည်မှာ-

(က)စွမ်းအင်ဆုံးရှုံးမည်၊

(ခ )ဒြပ်ထုဆုံးရှုံးမည်၊

(ဂ )အတည်စွမ်းအင် တည်မြဲနေမည်၊

(ဃ)ဒြပ်ထုစွမ်းအင် ပုံသဏ္ဌာန်ပြောင်းသွားမည်၊

(င )ရွှံ့တွင် အပူချိန်မြင့်တက်လာမည်၊

၈။ စွမ်းအင်အသစ်တစ်ခုဖော်ထုတ်နိုင်ခြင်းဖြင့် အောက်ပါအချက်ကိုသိလာရမည်။

(က)သံလိုက်စက်ကွင်း

(ခ )နျူးကလီးယားစွမ်းအင်

(ဂ )အဟုန်စွမ်းအင်

(ဃ)အထက်ပါအားလုံး

(င )အထက်ပါအချက်များ တစ်ခုမှမဟုတ်

၉။ စွမ်းအင်တည်မြဲမှုကို ဤသို့အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

(က)အသွင်တူမှုဖြင့်

(ခ )ဥပမာအဆင့်ဆင့်ပေး၍

(ဂ )သိပ္ပံဝေါဟာရဖြင့်

(ဃ) အထက်ပါတို့ တစ်ခုမှမဟုတ်

(င)အထက်ပါအချက်အားလုံးမှန်သည်

၁၀။ စာပိုဒ်တွင် “ပျော့ညွတ်” ဆိုသည့်ဝေါဟာရမှာ-


(က)မတ်စောက်ခြင်း

(ခ )ကွေးညွတ်လွယ်ခြင်း

(ဂ )ဆွဲဆန့်၍ရခြင်း

(ဃ)မာ၍ကန့်နိုင်ခြင်း

(င )လေးလံခြင်း




စာကျေညက်မှုအဆင့်

ကျေညက်မှုအဆင့်ကို အောက်ပါ ပုံသေနည်းဖြင့် တွက်ထုတ်ပါ။ မိမိမှန်ကန်စွာ ဖြေဆို နိုင်သော မေးခွန်းအရေအ တွက်ကို ၁၀နှင့် မြှောက်ပါ။ ယင်းမှာကျေညက်မှု အဆင့် ရာခိုင်နှုန်းဖြစ်သည်။ ယင်းအဆင့်မှာ ၇၀% ကျော်ရန်လို အပ်သည်။ထိုထက်အောက် ကျသွားပါက စာတွင်ပါသည့် အရေး ကြီးသော အချက်အလက်များကျန်သွားလိမ့် မည်။

## မအံ့သြမှ စာပို ရ

လျှို့ဝှက်သည်းဖိုဝတ္ထုများ၊ ချစ်ရေးချစ်ရာများနှင့်အားက စားယှဉ်ပြိုင်မှုများတွင် နောက်ဆုံးအဖြေကို မသိမှသာလျှင် ရင်ခုန်ရသည်။ ဤသည်မှာပင် အရသာမဟုတ်လား။ တောက်လျှောက် အံ့သြမှုတွေ၊ မမျှော်လင့်သည့်အဖြစ်အပျက်တွေ ပါနေမှကောင်းသည်။

လူသတ်မှုတွင် သေသူကို မည်သူက၊ မည်သည့်အတွက် ကြောင့်၊ မည်သည့်အချိန်တွင်၊ မည်သို့သတ်သွားသည်ကိုသိနေ မှတော့ စုံထောက်မောင်စံရှား ဝတ္ထုမှာ မည်သို့ဖတ်၍ကောင်း ပါတော့မည်နည်း။ ထိုအမှုတွင် စုံထောက်နေစရာလည်း မလိုတော့။ ထိုစုံထောက်ဝတ္ထုမှာ ဆက်၍ဖတ်ချင်စရာလည်းမကောင်း တော့။

တာဝန်အရမဖြစ်မနေဖတ်ရသည်မျိုးတွင်မှု ထိုသို့မမျှော်လင့်သည့်အဖြစ်အပျက်များ တွေ့ရပြီဆိုလျှင် ငါးပါးမှောက် ပြီသာမှတ်။ ကျောင်းဖတ်စာအုပ်ပဲဖြစ်ဖြစ်၊ အစီရင်ခံစာ တစ် ခုပဲဖြစ်ဖြစ် ဖတ်ရင်းမထင်မှတ်သော အကြောင်းအရာတွေ တွေ့ရသည်မျိုးမဖြစ်အပ်။

စာအုပ်တစ်အုပ်တွင် အမေရိကန် ရုပ်ရှင်မင်းသား ဘက် ရေးနိုးအားကမ္ဘာ့အကောင်းဆုံးမင်းသားအဖြစ် အခန်းစဉ် တိုင်းတွင်ရေးထားပြီး နောက်ဆုံးသုံးမျက်နှာကျမှ ဘက်ရေးနိုး အားအညံ့ဆုံးမင်းသားအဖြစ် ရေးထားသည်ဆိုပါစို့။ ထိုစာအုပ် မျိုးဖတ်သည့်အခါ ပထမပိုင်း ရေးခြစ်မှတ်သားထားသည် များမှာ အသုံးမကျ ဖြစ်ကုန်ရလိမ့်မည်။

အစတည်းက ထိုစာအုပ်သည်ဘက်ရေးနိုးအား နှိမ့်ချရေးသားသောစာအုပ်မှန်း သိထားလျှင် စောစောက အချက် အလက်မျိုးတွေကို ရေးမှတ်ခြင်းမပြုဘဲ ဘက်ရေးနိုး အား ထိခိုက်စေ မည့်အချက်အလက်များကိုသာ ရှာဖွေမှတ်သားဖြစ်မည်။

မိမိဖတ်သည့်စာအုပ်တွင် အခန်းတစ်ခုကိုဖတ်တိုင်း အသေးစိတ် မဖတ်မီ ထိုအခန်း၏လိုရင်း ဆိုလိုချက်ကိုအလျှင်သိထား ဖို့လိုပေ သည်။

**ကြိုတင်ဖတ်မှ မမြှတ်ထွက်**

မိမိဖတ်မည့်စာအုပ်၏ ဦးတည်ချက်ကိုသိရှိရန် အ ကောင်းဆုံး နည်းမှာအခန်းစဉ်ကိုကြိုတင်ဖတ်ရှုနည်းဖြစ်သည်။ **ကြိုဖတ်ခြင်း** ဆိုသည်မှာ ဖတ်မည့်စာကို မဖတ်မီ လျှောက်လှမ်းကာ ဦးတည်ချက် ကို ညွှန်းဆိုဖော်ပြနိုင်မည့် အချက်အလက်များအား ကောက်သင်း ကောက်လိုက်ဖတ်ခြင်း မျိုးကိုဆိုလိုသည်။

ပထမ အခန်းခေါင်းစဉ်ကို ကြည့်ပါ၊ ထိုခေါင်းစဉ်သည် ထိုအခန်း တွင်ဖော်ပြမည့် အကြောင်းအရာကို ခြုံငုံမိရဲ့လား၊ ရူပဗေဒစာအုပ် တစ်အုပ်ဆိုပါစို့ ထိုစာအုပ်တွင် အောက်ပါ ခေါင်းစဉ်များဖြင့်အခန်း များကို ဖွဲ့စည်းထားမည်-

-နယူတန် ဒုတိယနိယာမ-မြေဆွဲအား

-အလုပ်နှင့်စွမ်းအင်

-အပူကူးခြင်း

ထိုအခန်းများကို ဖတ်သည့်အခါတစ်ခန်းစီတွင် သက်ဆိုင် ရာ ခေါင်းစဉ်အလိုက်အကြောင်းအရာများရေးထားမည်ကိုမိမိသိနေမည်။ စိတ်ထဲတွင်သက်ဆိုင်ရာအကြောင်းအရာ နှင့်ပတ်သက်သည့်ညီမျှ ခြင်းများ၊ ခေါင်းစဉ်များကိုပါ ခန့်မှန်းမိ နေလိမ့်မည်။ မိမိကိုယ်ကို လည်း ......

"သြော် မြေဆွဲအားအကြောင်းပဲဂိုလ်တွေတစ်ခုနှင့် တစ်ခုလည်း ပတ်ပြီးတည်ရှိနေတဲ့သဘောပဲ။ အရာဝတ္ထုတွေ အမြင့်ကအနိမ့်ကို

ကျဆင်းတတ်တာဟာလည်း မြေဆွဲအားကြောင့်။မြေဆွဲအားဆို တာ ဂြိုလ်တွေ တစ်ခုနှင့်တစ်ခုအကြားမှာလည်းဆွဲငင်တယ်ဂြိုလ် တစ်ခုချင်း အတွင်းမှာလည်း ဆွဲငင် တယ်"

ဟူ၍နားလည်သဘောပေါက်ထားပေလိမ့်မည်။ ထိုအခန်းမျိုး တွင် အခန်းခွဲခေါင်းစဉ်တွေ၊ စာပိုဒ်ခေါင်းစဉ်တွေ လည်း ပါရှိပါမည်။ စာမျက်နှာအလည်လောက်တွင် တပ်ထား သော အဆိုပါခေါင်းစဉ် ကလေးများ၊စာလုံးမည်းနှင့်တပ်ထား သော ခေါင်းစဉ်ကလေးများကို လျှောက်ဖတ်ကြည့်ရမည်။ သို့ မှသာ ဘယ်အကြောင်းအရာပြီးလျှင် ဘယ်အကြောင်းအရာ ရေးသားသည်ကို သိပေလိမ့်မည်။

ဤစာအုပ်တွင် နမူနာကြည့်နိုင်ပါသည်၊ စာအုပ်အစကို ပြန် လှန်ပြီး ခေါင်းစဉ်ခွဲများကို ပြန်ဖတ်ကြည့်ပါ။ ဘယ်အ ကြောင်းအရာ ပြီးလျှင် ဘယ်အကြောင်းအရာတင်ပြသွားသည်ကိုသိသွားလိမ့်မည်။ ဤစာအုပ်ကိုလည်း 'ကြိုဖတ်' ကြည့်ပါ။ အဆင်ပြေသွားသည်ကို တွေ့ရလိမ့်မည်။

မိမိဖတ်သည့်စာအုပ်တွင် အခန်းတိုင်း၏နောက်ဆုံး၌ မေးခွန်း များပါရှိသည်ဆိုလျှင် ထိုအခန်းကို အသေးစိတ်မဖတ်မီ အဆိုပါ မေးခွန်းများကို အလျင်ဖတ်ကြည့်ပါ။ယင်းမှာကျောင်းတွင်ဆရာမက သင်ခန်းစာကိုစမသင်မီစာမေးပွဲ၌မည်သို့မေးလာနိုင်သည်ကိုကြိုတင် ပြောထားသကဲ့သို့ဖြစ်၏။

ထိုမေးခွန်များကို ဖတ်ပြီးသည်နှင့် ဖတ်စာကိုပြန်ဖတ် သော အခါ မေးခွန်းနှင့် အကျုံးဝင်မည့် အချက်အလက်များကို ရှာဖတ်ဖြစ် သွားမည်။ ကျောင်းဖတ်စာများကို ဖတ်သည့်အခါ အခက်အခဲဆုံး မှာ မည်သည့်အချက်တွေကို အရေးတကြီး မှတ်သင့်ပြီး မည်သည့်အချက် တွေကို ကျော်လွှားသင့်သည်ကို မသိနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့်

အဆိုပါမေးခွန်းများကို သိထားခြင်း သည် စာဖတ် သွားစဉ် လမ်းပြ မြေပုံကို ရထားသည် နှင့်တူ သည်။

**စာဖတ်ပြေးလမ်း**

အောက်ပါစာပိုဒ်များကို ဖတ်ပါ။ ခေါင်းစဉ်ခွဲများနှင့် မေးခွန်းများကို'ကြိုဖတ်'ပါ။ မလိုအပ်သောအချက်အလက် များကို ဖယ်၍ ဖတ်ရမည်ကို သိနေသဖြင့်စာဖတ်မြန်လာသည်ကိုတွေ့ရမည်။စာဖတ်ချိန်ကိုမမှတ်နှင့် ကျောင်းစာဖတ် သည့်အခါ မြန်ဖို့အား မထုတ်ပါနှင့်ဦး။ ပေးထားသည့်ဖတ်စာမှာ ရှည်လျားသဖြင့် 'ကြိုဖတ်'ရန် အရေးကြီးပေသည်။

**လူသားဝါဒီ အေဘရာဟင်လင်ကွန်း**

သက္ကရာဇ် ၁၈၀၀ နှင့် ၁၉၀၀ ကြားရှိ ၁၉ ရာစုနှစ် များတွင် ထူးခြားသော ပုဂ္ဂိုလ်များစွာကို ဥဒါန်းတွင် ရစ်အောင်ဆောင်ရွက်ခဲ့ပေသည်။ ပြင်သစ်စစ်ဘုရင် ကြီး နပိုလီယံသည် ပြင်သစ်တော်လှန်ရေး အင်အား စုကို မိမိအာဏာရရှိရေးအတွက်နောက်ဆုံး၌ အသုံး ပြုသည်ဟုဆိုစေကာမူဥရောပတိုက်၌ ရှေးအုပ်ချုပ် ရေးစနစ်များကို ပယ်ဖျက်တော်လှန်ခဲ့လေသည်စာပေ ရေးရာ၌လည်း အင်္ဂလိပ်စာဆိုကြီး ဘိုင်ရွန်သည် ရှေး ခေတ် ထုံးဟောင်းစနစ်များကို ပယ်ဖျက်၍သူ့ခေတ် တွင် နိုင်ငံရေးပြုပြင်မှုနှင့် စာပေမှုကို ပူးတွဲကာစိတ်ကူးယဉ် စာပေတစ်ခေတ် တည်ထောင်ခဲ့လေသည်။

ကားလ်မတ်က်စ်သည် ပြင်းထန်သောလူတန်းစားတိုက်ပွဲများဖြစ်စေသည့် ထူးခြားသော ဝါဒကြီးကို တီထွင်ခဲ့ပေသည်။ ဂျာမနီပြည် နန်းရင်းဝန်ကြီး ဘစ္စမတ်သည်

ဥရောပ တစ်တိုက်လုံးကို ဂျာမနီလက်အောက်ခံဖြစ် အောင် ကြိုးပမ်းခြင်းဖြင့် ရာဇဝင်တွင်ခဲ့လေသည်။

**အနာဂတ်ကိုဖန်တီးသူ**

သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးများ၏ အနေအထိုင် အပြု အမူ အတွေးအခေါ် အမြော်အမြင်တို့ကို နောင်လာနောက် သားတို့ကစိတ်ဝင်စားခြင်းမရှိခဲ့ကြချေ။ အထက်ဖော်ပြ ပါ ပုဂ္ဂိုလ်ကြီး လေးဦး၏ အတ္ထုပ္ပတ္တိကို လေ့လာသော် နောင် လာနောက်သားတို့မှာ ယင်းတို့၏ ဝါဒများ၊ ဆောင် ရွက်မှုများ၊တန်ခိုးအာဏာများ အကြောင်းကိုသာ တွေ့ရ ပေလိမ့်မည်။ထိုပုဂ္ဂိုလ်ကြီး လေးဦးတို့အား သာမန်လူအဖြစ် စိတ်ထိခိုက်လာသည့် အပြုအမူအ ပြောအဆို အနေ အထိုင်တို့ကို တွေ့ရနိုင်မည် မဟုတ်ပေ။

အေဗရာဟင် လင်ကွန်းနှင့် နပိုလီယံ၊ဘိုင်ရွန်တို့မတူ သည့်အချက်မှာ နပိုလီယံ၊ဘိုင်ရွန်တို့က အတိတ်ကာလ၌ မလေ့ထုံးစံတို့ကို ချေမှုန်းခဲ့ကြ၍ လင်ကွန်းကမူ အနာ ဂတ် ကာလတွက် တည်ဆောက်မှုကို ပြုခြင်းပင် ဖြစ်သည်။

ဘစ္စမတ်၊ မတ်ကစ်တို့နှင့် လင်ကွန်းမတူသည်မှာ ထို ပုဂ္ဂိုလ်ကြီး နှစ်ဦးကဲ့သို့ မဟုတ်ဘဲ လင်ကွန်းမှာရိုးသား ဖြောင့်မတ်၍တန်ခိုးအာဏာရှိသော်လည်းအမြင်ကျယ်ခြင်း ပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးတို့ကို ကြည်ညိုလေးစား သည် နှင့်အမျှ လင်ကွန်းအား ကြည်ညိုလေးစားကြရုံသာ မက ခင်မင်မြတ်နိုးကြပေသည်။ ထိုပုဂ္ဂိုလ်ကြီးများမှာ ကြေး ရုပ်၊ ကျောက်ရုပ်များကဲ့သို့ ကိုးကွယ်စရာဖြစ်သော် လည်း လင်ကွန်းမှာကား လူအဖြစ် သဘောထား၍ အား ကိုးစရာ ဖြစ်ပေတော့သည်။

## အကြမ်းအနု

တောကြီးမျက်မည်းတွင် မွေးဖွား၍ အရေးအဖတ်ကို မိမိဘာသာ မိမိ သင်ကြားခဲ့ရသော လင်ကွန်းမှာ သစ်ခုတ်သ မားအဖြစ် သော်လည်းကောင်း၊ လေထိုးသားအဖြစ် သော်လည်းကောင်း အလုပ်ကြမ်းကို လုပ်ရသည်နှင့်အမျှ မိမိဘာသာမိမိ သင်ကြား၍ တတ်မြောက်သောကြောင့် ရှေ့နေလည်းဖြစ်လာခဲ့သည်။ နောက်ဆုံး၌ ကျွမ်းကျင်လိမ္မာသောနိုင်ငံခေါင်းဆောင်လည်း ဖြစ်ခဲ့လေသည်။ ယင်းသို့ အကြမ်းအနု လုပ်ကိုင်ခဲ့ရသူ ဖြစ်သည့်အလျှောက် သူ၌ ကာယအင်အားလည်းရှိသည်။ စိတ်ဓါတ်အင်အားလည်း ထက်သန်သည်။ ဉာဏ် ပညာ အမျော်အမြင်လည်းရှိသည်။ မြင့်မြတ်သော စိတ် ထား လည်းရှိသည်။ ထိုအရည်အချင်းများကြောင့်သာလျှင် လင်ကွန်းသည် သူ့တိုင်းပြည်ကြီး မီးဟုန်းဟုန်းတောက်၍ ပြည်တွင်းစစ်ဖြစ်ကာ ပျက်စီးနေသည့်အထဲမှလွတ်မြောက် အောင် ရှေ့ဆောင်အုပ်ချုပ်နိုင်ခဲ့ပေသည်။ သူ့ခေတ်ကဖြစ်ပွား သောစစ်ကြီးမှာကား သာမန်စစ်စစ်မဟုတ်။ ညီအစ်ကိုအချင်း ချင်းသတ်ဖြတ်သည့် ပြည်တွင်းစစ်ကြီးဖြစ်လေရာ နိုင်ငံရေး ဝါဒ၊ ကိုယ်ကျင့်တရား ကိစ္စတို့၌ အချင်းချင်းကွဲလွဲ၍နေသော အခိုက်အခါကြီးလည်းဖြစ်လေသည်။

## ပြည်ထောင်စုမပြိုကွဲရေး

မိမိတို့တစ်ပြည်တည်းသားချင်း မျိုးဖြုတ်ရန် လက်နက်ကိုင်စွဲလျှက် တိုက်ခိုက်သည့် ပြည်တွင်းစစ်ကြီးမှာ အခြားသော စစ်များထက် ပို၍ ကြေကွဲဖွယ်ကောင်းလှချေ သည်။ လင်ကွန်းမမွေးဖွားမီကတည်းက တဖြည်းဖြည်း ယိုယွင်း

ပျက်စီးလားသော အခြေအနေတို့သည် လင်ကွန်း သမ္မတ ရာ ထူးလက်ခံပြီးနောက် ရက်သတ္တ များမကြာမီလောက်တွင် ပြည် တွင်းစစ်ကြီး ဖြစ်ပေါ်လာအောင် ပို့ဆောင်ခဲ့လေသည်။ လင် ကွန်းခမျာမှာ သမ္မတဖြစ်သည်နှင့် တစ်ပြိုင်နက်"လွတ် လတ် ရေးကို အရင်းတည်၍ လူလူချင်း တန်းတူထားသည့် ဝါဒနှင့် တည်ထောင်ထားသော "ပြည်ထောင်စုကြီးမှာ နှစ် ခြမ်းကွဲ၍ ပဋိပက္ခကြီး ဖြစ်ပေါ်လျှက်ရှိလေပြီ။

နှစ်ခြမ်းကွဲ၍ လက်နက်ကိုင်စွဲကာ အချင်းချင်း တိုက် ခိုက် ကြခြင်းဖြင့် စည်ပင်သာယာမှုပျက်ပြားကာ ပျက်စီးယိုယွင်း မှု သာ ထွန်းကားလျှက်ရှိသည့်အပြင် စစ်ကြောင့် အခွန်တော် တိုးရ၊လက်နက်လူငွေတို့ကိုစုဆောင်းရသည်သာမက နိုင်ငံခြား မေတ္တာကိုခံယူနေကြတော့သည်။ ယင်းသို့ နိုင်ငံ ခြား မေတ္တာ ကိုမရရှိပါက သူပုန်တို့အား နိုင်ငံခြား ကငွေအာ းလူအား နှင့် ထောက်ပံ့မည်ကို စိုးရိမ်သောကြောင့် နိုင်ငံခြား ဆက်နွယ် မှုဖြင့် ကြိုးပမ်းဆောင်ရွက်နေကြရသည်။ ပုန်ကန် သောင်းကျန်း သူတို့ ကြောင့်အခြေပျက်နေသော အစိုးရကို လည်း အခြေမပျက် အောင်ဦးစီး၍ နေရလေသည်။ ယင်းသို့ လျှင် ခက်ခဲများမြောင် လှသော တာဝန်ဝတ္တရားတို့သည် လင်ကွန်းအပေါ်သို့သာ စုပြုံ ကျရောက်နေကြလေတော့သည်။

ခိုင်မာသောစိတ်ဓာတ်ဖြင့်လင်ကွန်းသည် ပြည်ထောင်စု ကြီးပြိုကွဲပျက်ပြားမှုကို အပြင်းအထန်ကာကွယ်လေသည်။ ပထမ သမ္မတကြီး ဝါရှင်တန်နှင့် သမ္မတ ဂျက်ဖာဆင်တို့ ပြုစု ပျိုးထောင်ခဲ့သော ပြည်ထောင်စုကြီးကို တောင်ပိုင်း ပြည်နယ်များက နုတ်ထွက်ဖျက်ဆီးရုံနှင့်ပြိုကွဲ ပျက်ပြား

သွားရမည်ကိုလင်ကွန်းက မရှုဆိတ်ဘဲ အပြင်းအထန်ကာကွယ် ခဲ့လေသည်။ သူသည်စက်စုတ် ဖွယ်ကောင်းလှသည့် ကျေးကျွန် စနစ်ကိုအ ရင်းတည်၍ ပြည်ထောင်စုမှ ခွဲခွာသွားခြင်းကို အပြင်းအထန် ကန့်ကွက်ခဲ့လေသည်။ သူ့အလိုကား ပြည်ထောင်စု ကြီးမှာမည် သို့ပင်ဖြစ်စေ ဥမကွဲသိုက်မပျက် တည်နေရမည်ဖြစ်၏။ အိမ် ကြက်ချင်းအိုး မဲသုတ်၍ ခွပ်သည့်အဖြစ်ကို မည်သည့်နည်းနှင့် မျှမလို လားချေ။

## မြင့်မြတ်သူ့အတွက် ဆုလာဘ်

သွေးချောင်းစီးလျှက် ပျက်စီးမှု အထွေထွေနှင့် ပြည့်လျှံနေသည့် ပြည်တွင်းစစ်ကြီးသည်ကား လေးနှစ်တိုင်တိုင် ဖြစ်ပွား လျှက် ခေတ်ကြီးတစ်ခေတ်လုံး၏ စည်းစိမ်နှင့် နောင်ရေးကို ဖျက်ဆီးပစ်လိုက်လေသည်။ တောင်ပိုင်းနယ်သူပုန်များကို နောက်ဆုံး၌ ပြည်ထောင်စုဘက်မှနှိမ်နင်း၍အောင်ပွဲရသော် လည်း တိုင်းပြည်ကြီးတစ်ခုလုံးမှာရစရာမရှိအောင် ပျက်စီး ယိုယွင်း နေလေသည်။ လင်ကွန်း၏ အရေးအကြီးဆုံးအလုပ်သည်ကား ကွဲအက်သွားသော ပြည်ထောင်စုကြီး ပြန်၍ရင်ကြားစေ့အောင် ဆောင်ရွက်ကာ အပိုင်းပိုင်း အစစ ဖြစ်နေသည့် တိုင်ပြည်ကြီးတစ်ပြည်လုံးကို သမ္မတကြီးဝါရှင်တန်နှင့် ဂျက်ဖာဆင်တို့ စတင်တည်ထောင်ခဲ့သည့် အတိုင်း ခိုင်ခံ့သစ်လွင်သော ပြည်ထောင်စုကြီး ပြန်လည်ဖြစ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းပင် ဖြစ်လေသည်။

ယင်းသို့လျှင် အမေရိကန် ပြည်ထောင်စု အတိတ်ကာလ သမိုင်းနှင့် အနာဂတ်ကာလ အခြေအနေတို့ကို ညီညွတ်အောင် ပေါင်းစပ်ပေးနိုင်ခြင်းအားဖြင့် လင်ကွန်း

သည်ပြည်တွင်းစစ်ကြောင့် ပြာကျရသော ပြည်ထောင်စုကြီး အစား လွတ်လပ် ရေးနှင့် ညီညွတ်ရေးတို့ကို ပြန်လည်အရင်း တည်သည့် တိုင်းပြည်သစ်ကြီး တစ်ပြည်ကို တည်ထောင် ပေးခဲ့ လေသည်။ ယင်းသို့ မော်ကွန်းတင်လောက်သည့် လုပ် ငန်းကို ဆောင် ရွက်ရသည့်အတွက် လင်ကွန်းအဖို့ ရရှိသော ဆုသည် ကား လူသတ်သမား၏ သေနတ်ကျည်ဆန်ပင်ဖြစ် ချေ သည်။ ပြည်တွင်းစစ်ကြီးပြီးဆုံးပြီးသည့်နောက် များမကြာမီ ၁၈၆၅ ခုနှစ်၌ လူသတ်သမား၏ သေနတ်ကျည်ဆန်သည် မြင့် မြတ်လှသော လင်ကွန်း၏ နှလုံးသွေးကို ရပ်တံ့စေ တော့သည်။**သမိုင်းမှတ်တိုင်**

လင်ကွန်းကိုရည်စူး၍ တည်ဆောက်ထားသော အထိမ်း အမှတ် အဆောက်အအုံများမှာ အမေရိကန်ပြည်၌ သာမက ကမ္ဘာအရပ်ရပ်၌ တည်ရှိလေသည်။ လင်ကွန်း အတ္ထုပ္ပတ္တိ စာအုပ်စာတမ်းများမှာ ဘာသာစကားအရပ်ရပ်ဖြင့် ပြန်ဆို ရေးသားပြီး ရှိလေသည်။

ယင်းသို့လျှင်လင်ကွတ်းအား အမှတ်ရစေသည့်အချက် အလက် များစွာရှိသော်ငြားလည်း လင်ကွန်းအား အထူး အမှတ်ရစေသည့် ပစ္စည်းတစ်ရပ်ကား ညီညွတ်ခြင်းတိုး တက်လျှက်ရှိသော အမေရိကန်ပြည်ထောင်စုကြီးပင်ဖြစ်ပေ တော့သည်။အမေရိကန်ပြည်ထောင်စုကြီးသည်ကား မှန် ကန်သောတရား ထွန်းကားစေရန် ဒုက္ခကြီးစွာ ခံစားခဲ့ကြ ရလေသည်။ ပြည်ထောင်စုအချင်းချင်း မညီညွတ်၍ သွေး ချောင်းစီးရသော ပဋိပက္ခမှုကြောင့်တိုးတက်ရခြင်းမှာ နစ်နာ

လှသည်ဟူသောသင်ခန်းစာကြီးကိုလည်းရရှိပြီးဖြစ်သည်။ သာယာငြိမ်းချမ်းစွာ တစ်စတစ်စ ပြောင်းလဲခြင်းသည်သာလျှင် လွတ်လပ်ရေးတည်မြဲ၍ နောင်ရေးသာယာကြောင်းကိုလည်း သိရှိနားလည်ခဲ့လေသည်။ ပြည်ထောင်စုအချင်းချင်းပင် အရှေ့ အနောက် တောင် မြောက် ခွဲခြားတတ်သောစိတ်မျိုး၊ လူဖြူ လူမည်း ခွဲခြားတတ်သောစိတ်မျိုး မရှိအပ်ကြောင်း၊ညီညွတ်မှုသာလျှင် အရေးကြီးဆုံးဖြစ်ကြောင်း သမ္မတကြီးလင်ကွန်းထံမှ သင်ခန်းစာနာယူရရှိခဲ့ကြပေသည်။

လင်ကွန်းသည် ပြန်လည်ဖွဲ့စည်းတည်ထောင်သော အမေရိကန် ပြည်ထောင်စုသစ်၌ နီဂရိုးတို့အား ကျွန်ဘဝမှ လွတ်မြောက်စေခွင့် ပေးလိုက်ရာတွင်လင်ကွန်းသည် လူဖြူတို့ သခင်လုပ်သော ခေတ်ကြီးကို ပျက်သုဉ်းစေ၍ လူအချင်းချင်း အဆင့်အတန်း ခွဲခြားမှုမရှိသည့်လူ့ခေတ် အစစ်ကို တီထွင် လိုက်ပေသည်။

တက်တိုး
အေဗရာဟင်လင်ကွန်း
( ၈၁ ၉ - ၁၆ )

၁။ ၁၉ ရာစုနှစ်တွင် ဘိုင်ရွန်သည်-

(က)ရှေးအုပ်ချုပ်ရေးစနစ်ကို ပယ်ဖျက်တော်လှန်ခဲ့သည်။

(ခ )စိတ်ကူးယဉ်စာပေတစ်ခေတ်ကိုတည်ထောင်ခဲ့သည်။

(ဂ)လူတန်းစားတိုက်ပွဲကိုဖြစ်ပွားစေမည့်ဝါဒကြီးကိုတီထွင်ခဲ့သည်။

(ဃ)ဥရောပတစ်တိုက်လုံး ဂျာမနီလက်အောက်ခံဖြစ်အောင်လုပ်ခဲ့သည်။

၂။ စာပိုဒ်တွင် ပါရှိသည့်'နိုင်ငံရေးပြုပြင်မှု'ဆိုသည်မှာ-

(က)ပြင်သစ်တော်လှန်ရေး အင်အားစုကို မိမိအာဏာရရှိအောင် အသုံးပြုခြင်း၊

(ခ)ဥရောပတိုက်ကိုဂျာမဏီလက်အောက်ကျစေကာရာဇဝင် တွင်စေခြင်း၊

(ဂ)လူတန်းစားတိုက်ပွဲ ဖြစ်ပွားစေခြင်း၊

(ဃ)အထက်ပါအားလုံးမှန်သည်၊

(င)အထက်ပါအားလုံးမှားသည်။

၃။၁၉ရာစုပုဂ္ဂိုလ်ထူးလေးဦးအကြောင်းကိုလေ့လာသောအခါ-

(က)ယင်းတို့၏ ဝါဒများအကြောင်း တွေ့ရမည်။

(ခ)ယင်းတို့၏ဆောင်ရွက်မှုများကို တွေ့ရမည်။

(ဂ)ယင်းတို့၏တန်ခိုးအာဏာများအကြောင်းတွေ့ရမည်။

(ဃ)အထက်ပါအားလုံးမှန်သည်။

(င)အထက်ပါအားလုံးမှားသည်။

၄။ အခြားပုဂ္ဂိုလ်သုံးဦးနှင့်မတူသည့်အချက်မှာ လင်ကွန်းတွင်-

(က)တန်ခိုးအာဏာရှိခြင်း။

(ခ)စိတ်ထိခိုက်သည့်အပြုအမူ အပြောအဆို အနေအထိုင် ရှိခြင်း။

(ဂ)အတိတ်ဓလေ့ထုံးစံများကို ဖျက်ဆီးချေမှုန်းခြင်း၊

(ဃ)အနာဂတ်ကာလအတွက် တည်ဆောက်မှုကိုပြုခြင်း။

(င)လူတန်းစားတိုက်ပွဲ ဆင်နွှဲခြင်း။

၅။ လင်ကွင်းသည် အကြမ်းအနု လုပ်ကိုင်ရသောကြောင့်-

(က)ရှေ့နေ ဖြစ်ခဲ့သည်။

(ခ)နိုင်ငံမီးဟုန်းဟုန်းတောက်ခဲ့ရသည်။

(ဂ)ကျွမ်းကျင်သောနိုင်ငံခေါင်းဆောင် ဖြစ်ခဲ့ရသည်။

(ဃ)ပျက်စီးနေသောနိုင်ငံကို လွတ်မြောက်အောင် ရှေ့ဆောင်အုပ်ချုပ်နိုင်ခဲ့သည်။

(င)လေထိုးသားဖြစ်ခဲ့ရသည်။

၆။ အမေရိကန်ပြည်တွင်းစစ်တွင် ညီအစ်ကိုချင်းဖြစ်ရသည့်စစ်ဟုဆိုသည်မှာ-

(က)ဆွေမျိုးအရင်းအချာချင်း ဖြစ်သောကြောင့်၊

(ခ)လူဖြူနှင့်လူမည်း ဖြစ်သောကြောင့်၊

(ဂ)လူသားအချင်းချင်း ဖြစ်သောကြောင့်၊

(ဃ)တောင်ပိုင်းသားနှင့်မြောက်ပိုင်းသားဖြစ်သောကြောင့်၊

(င)ကိုလိုနီ အရှင်သခင်ကို ပြန်တော်လှန်သောကြောင့်၊

၇။ နိုင်ငံခြားမေတ္တာကိုခံယူနေရသည်ဆိုသည်မှာ-

(က)နိုင်ငံခြားမှအကူညီများရယူနေရသည်။

(ခ)နိုင်ငံခြားနှင့်ကုန်သွယ်ရေးကောင်းနေသည်။

(ဂ)သူပုန်များအား နိုင်ငံခြားမှ မကူညီနိုင်ရန် သံတမန် ဆက်ဆံရေးကောင်းအောင် လုပ်နေသည်။

(ဃ)နိုင်ငံခြားမှ သူပုန်များအား ကူညီနေသည်။

(င)သူပုန်များအား နိုင်ငံခြားအကူညီဖြင့်တိုက်သည်။

၈။ အမေရိကန်နိုင်ငံ၏ ပထမဆုံးသမ္မတမှာ-

(က)ကနေဒီ

(ခ)ဂျက်ဖာဆင်

(ဂ)နစ်ကဆင်

(ဃ)ဝါရှင်တန်

(င)လင်ကွန်း

၉။ လင်ကွင်း၏ မော်ကွန်းတင်လောက်သည့် လုပ်ရပ်အတွက် ဆုလာဘ်

(က)ဝါရှင်တန်မြို့မှ လင်ကွန်းရုပ်ထု၊

(ခ)လင်ကွန်း၏ အာဇာနည်ဗိမာန်၊

(ဂ)လင်ကွန်း အတ္ထုပ္ပတ္တိစာအုပ်များ၊

(ဃ)ကျည်ဆန်၊

(င)လူမည်း ကျွန်လွတ်မြောက်ရေး၊

၁၀။လင်ကွန်းကို'အထူး'အမှတ်ရစေသည့် အချက်မှာ-


(က)လင်ကွန်းအထိမ်းအမှတ် အဆောက်အအုံများ၊

(ခ)အတ္ထုပ္ပတ္တိစာအုပ်များ၊

(ဂ)လင်ကွန်း အာဇာနည်ဗိမ္မာန်၊

(ဃ)ညီညွတ်၍တိုးတက်လျက်ရှိသော အမေရိကန် ပြည်ထောင်စုကြီး၊

(င)အမေရိကန်ပြည်တွင်းစစ်သမိုင်း၊




စာကျေညက်မှုအဆင့်

ကျေညက်မှုအဆင့်ကိုအောက် ပါပုံ သေနည်းဖြင့်တွက် ထုတ်ပါ။ မိမိမှန်ကန်စွာ ဖြေဆို နိုင်သော မေးခွန်း အရေအ တွက်ကို ၁၀ နှင့် မြှောက်ပါ။ယင်းမှာ ကျေညက် မှု အဆင့် ရာခိုင်နှုန်း ဖြစ်သည်။ယင်း အဆင့်မှာ ၇၀% ကျော်ရန်လို အပ် သည်။ထိုထက်အောက် ကျသွားပါက စာတွင်ပါဝင်သော အချက် အလက်များ ကျန်သွားလိမ့်မည်။

## သိပ္ပံဘာသာ ဖတ်စာများ

သိပ္ပံဖတ်စာများတွင် အခြေခံစည်းမျဉ်းများကစ၍ ရေး ထားတတ်သည်။ ပထမ တစ်ခမ်းနှစ်ခမ်းတွင် နောက်ပိုင်းအ ခန်းများကို နားလည်စေရန်လိုအပ်သော အခြေခံအကြောင်း ရပ်များဖြင့် ဖိုးပေးထားတတ်သည်။ ထို့ကြောင့် သိပ္ပံအပိုင်း ကို အချိန်ယူ၍ ဖတ်မည်ဆိုလျှင် အစမှသာစ၍ဖတ်သင့်သည်။

သို့ရာတွင် ထိုဖတ်စာများ၏ အစပိုင်းတို့သည် အခြေခံ အကြောင်းအရာများကို ရေးထားသဖြင့် ငြီးငွေ့ဖွယ်ကောင်း လှသည်။ အခြေခံသဘောတရားတွေမှ ကျော်၍ဖတ်မိကာမှ စာမေးပွဲတွင် ပါလာသော် အခက်။ ထို့ကြောင့် ဖတ်၍ကောင်း မည့် အဓိကအပိုင်းသို့ ခုန်ကူး ဖတ်သည်မျိုး မလုပ်ပါနှင့်။

ခက်ခဲသော ကျောင်းစာတစ်အုပ်ကို အလယ်သို့ကျော်၍ ဖတ်သည်ဆိုခြင်းမှာ မိမိကိုယ်ကို ပြန်၍ခွဲစိတ်ကြည့်ပြီးရုံနှင့် ဆရာဝန်လုပ်ချင်သူမျိုးနှင့်တူနေလိမ့်မည်။ အစပိုင်းတွင်မိမိအ တွက်သိသင့်သိထိုက်သော အချက်များပါနေမည်မှာ သေချာသည်။ထိုအချက်များကို မသိလိုက်လျှင်ကိုယ့်အတွက်နစ်နာ သွားနိုင်သည်။

အချို့ကဖတ်စာအုပ်ကို သမ္မာကျမ်းစာကြီးလိုတရိုတ သေထားကြသည်။ မထိရက်မကိုင်ရက်ကြ။ မိမိစာဖတ်ခန်းမှ စာအုပ်များကိုလည်းထိုအတိုင်းပင်။ဖတ်စာအုပ်ကို မကြာ ခဏ ဖတ်မည်ဆိုလျှင်ထိုသို့ဖတ်ရန် အပိုတစ်အုပ်ထားပါ။ သိပ္ပံဖတ် စာအုပ်ကို ဖတ်သည့်အခါ မျက်စိနှင့်ချည်း ဖတ်ရ သည်မဟုတ်။ မင်နှင့်ရေးခြစ် မှတ်သားကာ ဖတ်ရခြင်းဖြစ်သည်။ **စာအုပ်ထဲတွင်ရေးခြစ်မှတ်သားပါ။မျဉ်းသား ပါ။မှတ်စုရေးပါ။**

ဤသို့ဖတ်ခြင်းဖြင့် စာဖတ်ရှိန် မြင့်လာမည်ဟုတော့မဆို လိုပါ။ သို့ရာတွင်ထိုသို့ဖတ်ခြင်းဖြင့်စာမေးပွဲအတွက်မည်သည့်အချက်များကအရေးကြီးသည်ကိုသိလာလိမ့်မည်။နောက်ပြီး အကောင်အထည်နှင့်လက်တွေ့ရှင်းပြ၍မရနိုင်သောနိယာမများအတွက် မည်သည့်ဥပမာနှင့်တွဲ၍ မှတ်ရ မည်ကိုလည်း သိနေလိမ့်မည်။

ဥပမာအားဖြင့်မြေဆွဲအားဆိုသည်မှာစကြဝဠာသဘောတရားတစ်ခုဖြစ်၍ မူလဝေါဟာရအတိုင်းဆိုလျှင် နားရှုပ်၍'လည်' သွားနိုင်သည်။ယင်းကို ရောမ ဗလာနယ်ကြီး တစ်ခုနှင့် နှိုင်းယှဉ်၍ ကြည့်မည်။ထိုဗလာနယ်ကြီးသည်အရာ ရာကိုစုပ်ယူဆွဲငင်သည် ဆိုပါစို့။ ထိုသို့ ဥပမာဖြင့်ယှဉ်တွဲစဉ်း စားလိုက်သည်နှင့်ချက်ချင်း သဘောပေါက် မှတ်မိသွားပေ လိမ့်မည်။

## ရှုပ်နေအောင် ခြစ်ပစ်

**စာအုပ်ထဲတွင် ရေးခြစ်မှတ်သားပြီး မှတ်စုလည်း တို့ထား ပါ။အရေးကြီးသောအချက်များ သဘောတရားများကို စာအုပ် ပေါ်တွင်တို့မှတ်ထားပါ။ ထိုအခါ အဆိုပါ သဘော တရား ရှုပ်လုံးပေါ်ကာ သဘောပေါက်လာလိမ်မည်ရေးခြစ်မှတ်သား ထား ခြင်းမရှိသော စာအုပ်မှာ နောက် တစ်ကြိမ် ပြန်ဖတ် သည့်အခါ ဘာမျှအသုံးမကျတတ်ချေ။ ထိုစာအုပ်မျိုးတွင် စာမျက်နှာတိုင်းသည်အခြား ရိုးရိုး စာအုပ်များကဲ့သို့ပင် မိမိ အတွက် အလွယ်တကူ သဘော ပေါက်စေရန် လမ်းညွှန်မည့် အမှတ်အသား တစ်ခုတလေမျှ မပါဘဲ ရှိနေလိမ့်မည်။အချက် အလက်တွေကို မင်ဖြင့် ဝိုင်းထားခြင်း၊ ဘေးမျဉ်းအတွင်း၌ အရေးကြီးသည့် သဘော တရားကို တို့မှတ်ထားခြင်းတို့ဖြင့် မိမိမင်ဖြင့်ဝိုင်းလိုက်ပုံ၊ဘေးတွင် မှတ်ချက်ရေးလိုက်ပုံတို့ကို ပြန်လည်မြင်ယောင်နေကာထိုအချက်များလည်းခေါင်းထဲတွင် စွဲ နေလိမ့်မည်။**

သို့ပွဖတ်စာအုပ်များတွင် သဘောတရားတစ်ခုကို စာ တစ်ပိုဒ်စီ ခွဲ၍ ရေးထားတတ်သည်။ ထိုသဘောတရားများကိုဘေးမျဉ်းအတွင်း စာပိုဒ်၏ဘေးတွင်အတိုကောက်ရေးမှတ် ထားခြင်းမှာအလွန်ကောင်း သည် ဤသို့မှတ်ခြင်းဖြင့်ဖတ်သွား ရင်း အခန်းတစ်ခုလုံး ကောက် ကြောင်းပေါ် သွားရာကျ ပေသည်။

ထိုအခန်းကို ပြန်ကျက်သည့်အခါ အဆိုပါမှတ်စုက လေးများကို လက်နှင့်ထောက်၍ ပြန်ဖတ်သွားရုံပင်။ အချိန် ကုန်လည်းသက်သာ သည်။ထိုအတိုင်းပြင်အောင်လုပ်သွား နိုင်လျှင်စာမေးပွဲတွင် အလွယ် ကလေး ဖြေနိုင်ပေလိမ့်မည်။

## ခက်ဆစ်ကို အဆက်အစပ်နှင့်ဖတ်

အချို့ခက်ခဲသော ဘာသာရပ်များတွင်ရင်တို့၏သီးခြား ဝေါဟာရအသုံးအနှုန်းတွေရှိတတ်သည်။ ထိုဝေါဟာရအသုံးအ နှုန်း တွေကို အတိအကျ နားလည်နေရန်မလိုလှပေ။

မိမိနားမလည်လှသောဝေါဟာရများမကြာခဏ တွေ့လာပြီ ဆိုလျှင် ထိုဝေါဟာရကြောင့် အိပ်ချင်လာလိမ့်မည်။ ထိုဝေါဟာရ ကြောင့်နားရှုပ်လာမည်။ထိုစာကိုဆက်၍ဖတ်ချင် စိတ်လည်းကုန် ခမ်းသွားလိမ့်မည်။

သို့သော် စာဖတ်ကျွမ်းကျင်သူတစ်ယောက် ဖြစ်ရမည် ဟူသောစိတ် ကူးကိုဝေါဟာရအခက်အခဲကြောင့် မပစ်ပယ် လိုက်ပါနှင့်။

## လက်မလျှော့နှင့်

အတတ်ပညာဆိုင်ရာဝေါဟာရကိုကျော်လွှားရာတွင် နည်း နှစ်နည်းရှိသည်ပထမအနေဖြင့်ဝေါဟာရတစ်ခုတွေ့တိုင်းအဓိပ္ပာယ် ကိုသိအောင် ရှာဖွေနေမည်ဆိုလျှင် ခရီးရောက်မည်မဟုတ်။ထို ဝေါဟာရကိုအဆက်အစပ်ဖြင့်သူဘာသာသူအဓိပ္ပာယ်ပေါက်စေရန် လွှတ်ထားပြီး ဆက်၍ဖတ်သွားရမည်။ ထိုအခါရပ်လိုက် ပြန်ဖတ် လိုက် ဖြစ်မနေတော့ ဘဲ တစ်ဆက်တည်းလျှောခနဲ ဖတ်ဖြစ်သွား လိမ့်မည်။

ထိုပထမနည်းဖြင့် စာဖတ်ရှိန်မပျက်ဘဲလျောလျော လျူလျူ တစ်ဆက်တည်း ဖတ်သွားနိုင်ပေလိမ့်မည်။

အောက်ပါစာပိုဒ်ကိုဖတ်၍မိမိမမြင်ဖူးသောဝေါဟာရများကို ရှာဖွေခြင်းမပြုဘဲဆက်ဖတ်သွားခြင်းဖြင့်အလိုအလျောက်အဓိပ္ပာယ် ပေါက် မပေါက်ကြည့်ပါ-

**တွင်းမည်း**တို့သည် မြေဆွဲအား အဆမတန်ကောင်းကြသည်။ယင်းအနီးသို့ရောက်သွားသည့်ဂြိုလ်ငယ်နှင့်အရာဝတ္ထုမှန်သမျှကို ဆွဲငင်စုပ်ယူနိုင်၏။ အရာဝတ္ထုများကို သာမက ၎င်းဆီသို့ ကျရောက်သော **အလင်းဖိုတွန်** မှန်သမျှကိုလည်း စုပ်ယူသဖြင့် အလင်းပြန်ခြင်းမရှိချေ။ ကိုယ်ပိုင် အလင်းဖိုတွန် များမှာလည်း မြေဆွဲအား ကြောင့်ပြန့်လွင့်နိုင်ခြင်းမရှိ။ ထိုကြောင့် မည်းမှောင်၍ နေခြင်းဖြစ်သည်။ **တွင်းဖြူ**များကမူ ၎င်းနှင့်ဆန့်ကျင် ဘက်ဖြစ်သည်။မြေဆွဲအား အလွန်နည်းသဖြင့် အခြား အရာ ဝတ္ထုများကိုမစုပ်ယူဘဲတွန်းကန်ကန် တတ်သည့် သဘောရှိသည်။ အခြားမှကျရောက်လာသည့် အလင်း ဖိုတွန်များ ကိုတွန်းကန်ပစ်သဖြင့် အလင်းပြန်ခြင်းရှိသည်။ မိမိကိုယ်တိုင်လည်းအလင်းဖိုတွန်များ ထုတ်လွှတ် နေရာ ဖြူဖွေးလင်းလက်၍ နေသည်။

အထက်ပါစာပိုဒ်ထဲမှတွင်းမည်းနှင့်တွင်းဖြူဆိုသည်များမှာ စကြဝဠာအတွင်းရှိဧရာမဂြိုဟ်ကြီးများကဲ့သို့သောအာကာသအရာဝတ္ထုကြီးဟု သဘောပေါက်ပါရဲ့လား။

ကိုယ်တိုင်မသိသည့်ဝေါဟာရတွေပါသောစာကိုဆက်ဖတ်သွားနိုင်ရန်လေ့ကျင့်ရသည့်မှာအခတ်အခဲတော့ရှိမည်သို့ရာတွင် နားလည်သောဝေါဟာရကြောင့်ဆက်မဖတ်ဘဲရပ်သွားရသည်မျိုး မဖြစ်ဖို့လိုသည်။

ကိုယ်တွေ့ဘူးသောဝေါဟာရကိုအဆက်အစပ်ဖြင့်အဓိပ္ပာယ် ဖော်နိုင်လျှင် အဆိုပါ ခက်ခဲသောဝေါဟာရကြောင့် စာဖတ်ရှိန် အဟန့်အတား မဖြစ်နိုင်တော့။

အောက်ပါ စာပိုဒ်များတွင် စာလုံးမည်းဖြင့် ရေးထား သည့် ဝေါဟာရများ၏အဓိပ္ပာယ်ကိုအောက်တွင်ပေးထားသည့်ကွက်လပ်တွင် ဖြည့်ပါ။ ပထမတစ်ပုဒ်ကို နမူနာ လုပ်ပြ ထားသည်-

၁။ ဖြတိုက်ကို မလွယ်ပေါက်မှဝင်ရန် **မင်းတုပ် ပေါက်**ကိုပထမ **သံတကျင်**ဖြင့် လျှို၍ ကလန့်ပါ။ မရလျှင် အခြား **သံတကျင်** ဖြင့် ကလန့်ပါလေ။

သော့အိမ်နှင့် သောတံ

---------------------------------

၂။ချမ်းသာသောနိုင်ငံများသည် **မြောက်ကမ္ဘာခြမ်း** တွင်ရှိကြသည်။

---------------------------------

၃။ ဝင်ရိုးစွန်း ဝက်ဝံများနှင့် ပင်ဂွင်းငှက်များသည် ကမ္ဘာ့မြောက်ဖျားအရပ်တွင် နေထိုင်ကြသည်။

---------------------------

၄။ ရာဇဝတ်သားကို နောက်တစ်နေ့တွင် ကွပ်မျက်ရန် **ဖြဲတိုက်** သို့ ပို့စေ၏။

---------------------------

၅။ မင်းတုန်းမင်းတရားကြီး ရွှေဘိုကိုချီတက်လာပြီး ရွှေဘိုကို **လုပ်ကြံ** ရာမှာ-

---------------------------

၆။မင်းတုန်းမင်းတရားကြီး လက်ထက်တော်က မြောက်နန်းမဆောင်ကို တည်ဆောက်ရန် **ပြေကြီးမှူး** ဦးထွန်းကို တာဝန်

ပေးခဲ့သည်။ **ပြော့**ကြီးမှူးသည် ကျွမ်းကျင်သော **ပြော့** တစ်ရာကို ဦးဆောင်ကာ မြောက်နန်း သစ်သားဆောင်ကို ဆောက်လုပ်ခဲ့သည်။

-----------------------------

၇။ မန်နေဂျာသည် အင်တာနက်နှင့်ဆက်သွယ်လိုသဖြင့် ကွန်ပြူတာမှ**မိုဒမ်**ကိုကောက်ယူကာ နားတွင်ကပ် ထားသည်။ထိုနောက်လိုအပ်သော နံပါတ်ကိုလှည့်လိုက်သည်။ ခဏကြာတော့တစ်ဘက်မှအသံ ပေါ်လာ၏။

-----------------------------

၈။ "----"မဂ္ဂဇင်းတွင် အမျိုးသမီးများနှင့် သက်ဆိုင်သည့် အကြောင်းများကို သာရေးလေ့ရှိသည်။ ဆယ်ကျော်သက်မိန်းခလေးများကို **ဈေးကွက်**ပစ်မှတ်အဖြစ် ရည်ရွယ်သည်။

-----------------------------

၉။ **'ဒူးရီးယန်း'**အသီးကို မြန်မာနိုင်ငံတွင်စိုက်ပျိုးကြသည် သို့ရာ တွင် မြန်မာပြည်တောင်ပိုင်း တနင်္သာရီဒေသတွင် သာ ပေါက်ရောက်သည်။ အခြားအာရှဒေသများမှထွက် သော အသီးများထက် မျိုးကောင်းသည်။ အသီးမှာ အခွံ မာ၍ မာသောဆူးများရှိသည်။ အစေ့အိမ်တွင် တစ်ကန့် လျှင် နှစ်စေ့မှသုံးစေ့အထိပါ၍ အစေ့ပေါ်ရှိအသားမှာ ထူသည်။ ထိုအသားကိုစားရပြီး အလွန်မွှေးကြိုင်ကာချို သည်။

-----------------------------

၁၀။ စကြဝဠာအတွင်း ကြယ်ကြီးများ**စူးပါနိုဗာ**ဖြစ်ကာ ချပ်ငြိမ်း ပျောက်ကွယ်သွားတပ်ကြသည်။ ထိုသို့ ဖြစ်သည့်အခါ အပူ

ရှိန်မြင့်မားစွာတောက်လောင်လာပြီး အနီးဆုံး ဂြိုလ်များကို ကူးစက်တောက်လောင်ကျွမ်းသည်။လောင် မြိုက်ရန်မကျန်တော့သည့်အဆုံးတွင် ထိုကြယ်ကြီးမှာပြာ အဖြစ် လွင့်ပါးပျောက်ကွယ်သွားတော့သည်။

-----------------------------

● ● ●

စာရေးဆရာတို့သည် ဘယ်တော့မှရိုးရိုးနှင့်ရှင်းရှင်း မရေးကြ။ သူတို့ဝေ့လယ်ကြောင်ပတ်လျှောက်ရေးသည်များကို မိမိဘာသာရှင်းအောင်လုပ်ဖတ်ဖို့သာရှိသည်။ဝေါဟာရအသစ်များကိုတွေ့သည့်အခါ အဆက်အစပ်ကို ကြည့်ကာ အဓိပ္ပာယ်ဖော်ယူတတ်ခြင်းဖြင့် ခတ်ဆစ်တွေအဘိန်ဓာန်တွေကိုအချိန်ကုန်ခံ၍ကြည့်နေရန်မလိုတော့။ စာကိုသာ ဆက်၍အာရုံစိုက်သွားပေသည်။

စာကိုဖတ်နေရင်း ရပ်နေရလျှင် အာရုံပျက်ရသည်။ ထမင်းစာနေရင်း ဟင်းမှ မဆလာအနံ့တစ်ခု ရသည်ဆိုပါစို့။ စားနေရင်းတစ်ဝက်တစ်ပျက်နှင့်မည်သည့်မဆလာအမျိုးအစားနည်းဟုကြောင်အိမ်ထဲသွားရှာကြည့်မည်လော။ ထို့သို့သွားကြည်နေလျှင် ပြန်လာသည့်အခါ ထမင်းတွေ၊ ဟင်းတွေ အေးကုန်လိမ့်မည်။

ထို့အတူ ကိုယ်ဖတ်နေသည့်စာ ပြန်အေးသွားသည်မျိုး အဖြစ်ခံပါမည်လား။ စာ၏ အဆက်အစပ်ကိုသာကြည့်ပါ။စကားလုံး၏ အဓိပ္ပာယ်ကို တွေ့ရှိလာပါလိမ့်မည်။ စာကို ဖတ် ပြီးမှ ခတ်ဆစ်အဖြေတွေ အဘိဓာန်တွေကို ကြည့်ချင်ကြည့်။

## ဘာသာပြန်ကြည့်

အလွယ်တကူသဘောပေါက်နိုင်ရန် ဒုတိယနည်းကို ဘာသာပြန်ခြင်းဟုခေါ်သည်။ **ဘာသာပြန်ခြင်း** သည်နားမလည်နိုင်သည့် ပညာရပ်

ဆိုင်ရာ ဝေါဟာရတစ်ခုကို မိမိနားလည်သလို ပြန်ရေးချခြင်း ဖြစ်သည်။ ထိုစကားလုံးကို ပြန်တွေ့တိုင်း မိမိဖော်ထားသည့် အဓိပ္ပာယ်နှင့် ယှဉ်၍ကြည့် ရမည်။

ပညာရပ်ဆိုင်ရာ စာအုပ်များကို ရေးသားသူများသည် အများအားဖြင့် သက်ဆိုင်ရာ အတတ်ပညာများတွင်သာ ကျွမ်းကျင်သူများဖြစ်သည်။ စာဖတ်သူတွင် ထို အတတ်ပညာ နှင့်ပတ်သက်၍ ဗဟုသုတမရှိသည်ကို သူတို့မသိကြ။ဖြစ်လေ့ဖြစ်ထရှိသော ဝေါဟာရပြဿနာတွေ ဖြစ်နိုင်သည်ကို သိဖို့ဝေးစွ၊ ထိုပြဿနာမျိုး ရှိသည်ကိုပင် မသိကြ။ ထို့ကြောင့် အဆိုပါ ပညာရပ်ဆိုင်ရာ ဝေါဟာရများကို အဓိပ္ပာယ်ပေါ် အောင်လုပ်ယူရန်မှာ မိမိတာဝန်သာ ဖြစ်သည်။

အောက်ပါ ဥပမာကိုကြည့်ပါ။ ပေးထားသည့် စာပိုဒ် ကိုဖတ်၍ ဘာသာပြန်ပေးထားပုံကိုလည်း လေ့လာပါ-

> အရာဝတ္ထုတို့၏ ဒြပ်နှင့်ဆိုင်သော ဂုဏ်သတ္တိများသည် ယင်း၏ ဒြပ်ထုသိပ်သည်းခြင်းပင် ဖြစ်သည်။ **ဒြပ်ထုသိပ်သည်းခြင်း** မှာသတ်မှတ်ထားသော နေရာအကျယ် အဝန်းအ တွင်း ထိုအရာဝတ္ထု အရေအတွက်ပါဝင်မှုကို ရည်ညွှန်းသည်။ ယင်းကို တစ်ယူနစ်ထုထည်ရှိသော အရာဝတ္ထု၏ ဒြပ်ထု နှင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ရှုပ်ထွေးလှသည်။ နားလည်နိုင်ရန် မလွယ်။ ယင်းကို အောက်ပါအတိုင်း ဘာသာပြန်ကြည့်မှသာ ပိုမိုအဓိပ္ပာယ်ပေါက်လိမ့်မည်-

> သိပ်သည်းခြင်းဆိုတာ နေရာအကျယ်အဝန်း တစ်ခုမှာ ရှိတဲ့ အရာဝတ္ထုအရေအတွက်ပဲ။ အဲ. . . . . သိပ်သည်းခြင်း

ဆိုတာ နေရာအကျယ်အဝန်း တစ်ခုမှာရှိတဲ့ ပစ္စည်း အရေအတွက် ပဲ။ ငါ့မှာ ပစ္စည်းတွေအများကြီးရှိနေရင် သိပ်ပြီး သိပ်သည်းနေပြီ။ အဲ့ဒီ ငါ့နေရာ အကျယ် အဝန်းအတွင်းမှာပဲ ပစ္စည်းက နည်းနေရင် သိပ်သည်း မှုနည်းတယ်ပေါ့။ ငါ့အခန်းဆိုပါတော့၊ တစ်ခန်းလုံးမှာ အဝတ်အစားတွေနဲ့ ပစ္စည်းပစ္စယတွေ သိပ် များနေပြီဆိုရင် အခန်းထဲကို ဝင်ရတာဘယ်လွယ်မလဲ။ ပစ္စည်း ပစ္စယတွေ နည်းနေရင်တော့ ဝင်ရတာ လွယ်မှာပေါ့။ ဒါကြောင့် သိပ်သည်းခြင်းဆိုတာဟာ ပြွတ်သိပ်နေတာကိုပြောတာပဲ။

ယခု ဘာသာပြန်ပြလိုက်သည်ကိုပင် အချို့ လူများအဖို့ နားလည်ဦးမည်။ အရေးကြီးသည်က အဓိပ္ပာယ်ကို မိမိနား လည်သလို ပြန်ရေးနိုင်ဖို့သာ လိုသည်။ ထို့ကြောင့် "သိပ်သည်း ခြင်း" ဟူသော စကားလုံးကိုတွေ့တိုင်း "သြော်-ပြွတ်သိပ်နေတာ ကို ပြောတာပဲ"ဟု မှတ်လိုက်ပါ။ရှင်းသွားပါလိမ့်မည်။

အထက်ပါ ဘာသာပြန်ချက်မျိုးကို အကုန်လုံး စာပိုဒ် ဘေးရှိဘေးမျဉ်းအတွင်းတွင် ရေးထားရန်မလို။ ထိုအတိုင်း မိမိခေါင်းထဲတွင် ဘာသာပြန်ကြည့်ပြီး ဘေးမျဉ်းအတွင်း၌ "သိပ်သည်းခြင်း=ပြွတ်တွဲခြင်း"ဟူသာ ရေးမှတ်ထားဖို့လိုသည်။နောက်တစ်ကြိမ်"သိပ်သည်းခြင်း"ဆိုသော စကားလုံးကိုတွေ့ တိုင်း"ပြွတ်တွဲ"ကို ပြန်တွေ့မိပါ။

ထိုသို့ ဘာသာများများပြန်ကြည့်လေ၊ ရှုပ်ထွေးသော ဘာသာရပ်မှာ ပို၍ရှင်းလာလေဖြစ်မည်။ စာဖတ်သည်ဆိုခြင်း မှာ ရှင်းဖို့လို သည် မဟုတ်ပါလား။ များများရှင်းလေ ကောင်းလေဖြစ်၏။

စာဖတ်ခြင်းဆိုသည်မှာ လက္ခဏာအမှတ်အသားတွေကို အဓိပ္ပာယ်ဖော်ယူခြင်းပင် ဖြစ်သည်။လက္ခဏာအမှတ်အသား တွေကို အဓိပ္ပာယ်

ဖော်ရန် ဦးနှောက်ကို များများခိုင်းလေ စာ ဖတ်နေလေ ဖြစ်မည်။ ဘာသာပြန်ကြည့်ခြင်းသည် ထိုလုပ်ငန်း စဉ်ကို ပို၍မြန်အောင် လုပ်ပေးနိုင်သည်။

ထို့ကြောင့် ဝေါဟာရကြွယ်ဝလေ ကောင်းလေဖြစ်၏။ယခုအတော်အတန် ဘာသာပြန်ကြည့်ခဲ့ပြီးပြီ ဖြစ်သည်။နောက်အခန်းတွင် ထပ်၍တွေ့ရဦးမည်။

## လေ့ကျင့်ခန်း

အောက်ပါ ဆောင်းပါးကိုဖတ်၍ ပညာရပ်ဆိုင်ရာ ဝေါ ဟာရများကိုမိမိနားလည်သလိုဘာသာပြန်ရေးမှတ်ပါ-

## ငွေကြေးသဘောတရား

မျက်မှောက်ခေတ်တွင်စီးပွားရေးလုပ်ငန်းများ၌ ငွေကြေး(Money)အရေးပါမှုနယ်ပယ်မှာအလွန်ကျယ်ဝန်းလှသည်။

စာဖတ်ပရိတ်သတ်သည် ပြည်တွင်းစီးပွားရေး၊နိုင်ငံတကာကုန်သွယ်ရေး၊လွတ်လပ်စွာယှဉ်ပြိုင်ရောင်းဝယ်သောဈေးကွက်စီးပွားရေးစနစ်၊ငွေကြေးရှင်းတမ်း၊အခွန်အကောက် ဘတ်ဂျက်၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သော ဘဏ်လုပ်ငန်း၏ အရေးပါမှု၊ ငွေကြေးဆိုင်ရာမူဝါဒ(Monetary Policy)စသည့်ရှုပ်ထွေးပွေလီသောငွေကြေးဆိုင်ရာ လုပ်ငန်းများအကြောင်းကို မလေ့လာမီ၊ငွေကြေး၏ သဘော သဘာဝ၊ငွေကြေးသမိုင်း၊ဘဏ်လုပ်ငန်းနှင့် ငွေကြေးဖြန့်ဝေမှု (The banking system and the supply of money) စသော အခြေခံသဘောတရားများကို သိသင့်သည်ဟု ထင်ပါသည်။

## ငွေကြေးသဘာဝ

မြန်မာစကား 'ငွေကြေး'ဆိုသည်မှာ 'money' ဆိုသော အင်္ဂလိပ်စကားကို ခေါ်ခြင်းဖြစ်သည်။အမှန်မှာ မန်းနီး (money) သည်ငွေ (သတ္တု)၊ကြေး (သတ္တု)များ သာမက ရွှေ လည်း ဖြစ်နိုင်သည်၊ စက္ကူလည်း ဖြစ်နိုင်သည်။ ခေတ်ကာ လအလျောက် ပလတ်စတစ်လည်း ဖြစ်နိုင်သည်။

ရှေးက 'မန်းနီး' ဆိုသော သဘောအတွက် မြန်မာများက 'ငွေ' သတ္တုနှင့် 'ကြေး' သတ္တုကိုအသုံးပြုခဲ့ကြသောကြောင့်သာ money သည် မြန်မာ အသုံးအနှုန်းတွင် 'ငွေကြေး' ဖြစ်နေ ရသည်။

စင်စစ် ငွေကြေး၏ အဓိပ္ပာယ်မှာ မည်သည့်အရာပင် ဖြစ်စေ ကုန်ကူးသန်းရောင်းဝယ်ရာတွင် အလှဲအလှယ်ပြုသော ကြားခံ ပစ္စည်းအဖြစ် (medium of exchange) တစ်ခုခု သတ် မှတ်၍ သုံးစွဲခြင်းကို ခေါ်ခြင်းသာဖြစ်သည်။

တစ်နည်းဆိုသော် ငွေကြေးသည် ကုန်စည်ဖလှယ်ရာ တွင်ဖြစ်စေ၊ ဝန်ဆောင်မှုအတွက် တန်ဖိုး ဖလှယ်ရာတွင်ဖြစ် စေကြားခံပစ္စည်းအဖြစ် သုံးသောကြောင့် ၎င်းသည် တန်ဖိုး၏ အတိုင်းအတာ (a measure of value) တစ်ခု ဖြစ်လာရပြန် သည်။ တစ်နည်းဆိုလျှင် ဝန်ဆောင်မှုအတွက် ပေးရသော ပေးချေမှု၏ အတိုင်းအတာ (a measure of payment) လည်း ဖြစ်လာသည်။

ငွေကြေး၏ ဖြည့်ဆည်းရသော အဓိကကိစ္စမှာ သုံးရပ်ရှိသည်။၎င်းတို့မှာ-

(၁) ဖလှယ်မှု၏ ကြားခံပစ္စည်းအဖြစ် ဆောင်ရွက်ခြင်း၊

(၂) တန်ဖိုးကို သိုမှီးထားသော ကိစ္စ (store of value) ကို ဆောင်ရွက်ခြင်းနှင့်

(၃) ငွေစာရင်း၏ ယူနစ် (unit of account) ကိစ္စကိုဆောင်ရွက်ခြင်းဖြစ်၏။

မည်သည့်အရာပင်ဖြစ်စေ တန်ဖိုးလဲလှယ်ခြင်းအတွက် ကြားခံပစ္စည်းအဖြစ် အသုံးပြုသော အရာဖြစ်လျှင် ထိုအရာသည်(စက္ကူ ၊ ပလတ်စတစ်၊ ရွှေစ ၊ ကြေးစ ၊ ဘာပဲဖြစ်ဖြစ်) ငွေကြေး (money) ဆိုသောစကားကို ရည်ညွှန်းသည်ချည်းသာ ဖြစ်သည်။

သို့ဖြစ်ရာ လဲလှယ်မှု (ဖလှယ်မှု) ၏ ကြားခံပစ္စည်းအဖြစ်သောငွေကြေး၏စီးပွားရေးဘဝ၌ ပါဝင်ဆောင်ရွက်နေသော ကိစ္စများသည် အလွန့်အလွန်ပင် များသည်ဟု ဆိုနိုင်သော် လည်း အမှန်မှာ အထက်တွင်ဆိုခဲ့သောကိစ္စသုံးရပ်ကိုဆောင်ရွက်ခြင်းသည်ပင် ငွေကြေး၏ အဓိကသဘောတရားများ ဖြစ် လေသည်။

လူတို့၏ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၌ တန်ဖိုး သတ်မှတ်ပြီး အလဲအလှယ်ပေးချေခြင်း သဘောသည် အစဦး က ကုန်ပစ္စည်း ဖလှယ်ရာတွင် သော်လည်းကောင်း၊ ဝန်ဆောင် မှု တန်ဖိုးကို ပေးချေရာတွင် သော်လည်းကောင်း ဆန် ဖြစ်ဖြစ်၊ဆား ဖြစ်ဖြစ် ကုန်ပစ္စည်းဖြင့် သာပေးချေခဲ့ကြလေသည်။

နောင်တွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ဈေးကွက် နယ်ပယ် ကျယ်ဝန်းလာသောအခါတွင် ကုန်ပစ္စည်းချင်း

ဖလှယ်ရေးကိစ္စသည် ဝန်လေးလာသည်။ ထိုအခါ တန်ဖိုးရှိသော သတ္တုတစ်မျိုးကို ကုန်ပစ္စည်းဖလှယ်ရာတွင် ကြားခံပစ္စည်းအ ဖြစ် သတ်မှတ်ပြီး အသုံးပြုသော အလေ့အထ ပေါ်ပေါက်လာ သည်။

ငွေသတ္တု၊ ကြေးသတ္တု၊ ရွှေသတ္တုများကို ကုန်တန်ဖိုးအ လိုက် တန်းဖိုးသတ်မှတ်ပြီး ထိုပစ္စည်းဖြင့် ဝယ်ခြင်း၊ ရောင်းခြင်းကို ပြုလုပ်သည်မှစ၍ ထိုကုန်ဖလှယ်မှု ကြားခံ ပစ္စည်းသည်'ငွေကြေး'ဟူသောအမည်ဖြင့် ထင်ရှားလာ သည်။

ငွေကြေး စတင်ပေါ်ပေါက်စဉ်က ရွှေစ၊ငွေစ၊ကြေးစများကိုတန်ဖိုးထားချိန်တွယ်၍ ကုန်ပစ္စည်းတန်ဖိုးနှင့် လဲလှယ်ခဲ့ကြသည်။

သို့ရာတွင် ကာလကြာမြင့်သောအခါ ထိုလဲလှယ်မှုတွင် တန်ဖိုးကို အတိအကျသတ်မှတ်ရေးနှင့် ငွေစာရင်းတွင် ယူနစ် သတ်မှတ်ပြီး တိုင်းတာရေးကိစ္စများမှာ ခက်ခဲလာပြန်သည်။

ထို့ကြောင့် အမှတ်တံဆိပ်ပါသော ငွေဒင်္ဂါး၊ငွေစက္ကူတီ ထွင်ဖန်တီးမှုကို ကုန်သွယ်ရေးဘဏ်များ (commercial bank) က စတင်ဆောင်ရွက်ခဲ့လေသည်။ ငွေကြေးသမိုင်းဦးအစတွင် ယခုခေတ်သုံး ငွေစက္ကူ၊ငွေဒင်္ဂါးမျိုး မဟုတ်သေးပါ။ စတင်၍ ပုံနှိပ်ထုတ်ဝေသော ငွေမှာ ဘဏ်ငွေစက္ကူများ (bank-notes) ဖြစ်ပါသည်။ ၎င်းတို့မှာ ယခုအခါ အတိုးနှုန်းထား သတ်မှတ် ပေးသောဘဏ်၌ စာရင်းရှင်အပ်ငွေသဘော (deposit creation) ကိုပါ ဖြစ်ပေါ်စေခဲ့လေသည်။

သုံးစွဲမှုအရဖြစ်သော ငွေကြေးအဓိပ္ပာယ် (operation definition of money) ငွေကြေးသည် ယခုအခါ သုံးစွဲမှု၏ ကြားခံပစ္စည်း ဖြစ်လာပြီဖြစ်ရာ ထိုသုံးစွဲမှုတွင် ငွေကြေး၏ ပုံသဏ္ဍာန်သည် အခြေခံ အားဖြင့် သုံးမျိုးဖြစ်လာပါသည်။

ငွေကြေးထောက်ပံ့မှု(money supply)တွင် အပိုင်းသုံးပိုင်းပါဝင်သည်။ သတ္တုဖြင့်သွန်းထားသော ငွေဒင်္ဂါး (current-coins)၊ စက္ကူဖြင့် ပုံနှိပ်ထားသောငွေစက္ကူ (paper-money-notes) ၊ နှင့်စာရင်းရှင်အပ်ငွေ(demad deposit) တို့ဖြစ်သည်။

ထို့ပြင် ငွေတန်ဖိုးအရ ပိုင်ဆိုင်မှုများလည်း များစွာရှိ သေးသည်။၎င်တို့ကို နီးစပ်သောငွေကြေး(near-money)၊ ဟုလည်းခေါ်ကြသည်။ အဓိကကျသည့် နီးစပ်သောငွေခေါ် ပိုင်ဆိုင်မှုတန်ဖိုးတစ်ခုမှာ အပ်ငွေစာရင်း(deposit account)ပင်ဖြစ်သည်။ဤတွင်ငွေကြေးနှင့်နီးစပ်သောငွေကြေး ဆိုသောသဘောနှစ်ရပ်၏အကြား ကွဲပြားခြားနားမှုမှာ အတွေ့ အကြုံနှင့်ဆိုင်သော ကိစ္စရပ်တစ်ခုပင်ဖြစ်သည်။

ငွေကြေးဆိုသည်မှာအဘယ်နည်းဆိုသောမေးခွန်းပုစ္ဆာ သည် ငွေကြေး၏အဓိပ္ပာယ်ကို သတ်မှတ်ခြင်းသဘောနှင့် ဆိုင်သည်။ ငွေကြေး၏ အဓိပ္ပာယ်၊ နီးစပ်သောငွေကြေး၏ အဓိပ္ပာယ်ကို သတ်မှတ်နိုင်ရန်မှာ ကျွန်ုပ်တို့ဖော်ဆောင်သော သဘောတရားအပေါ် မှာ တည်ပါသည်။

ကိစ္စများစွာအတွက် ကျဉ်းမြောင်းသော အဓိပ္ပာယ်သတ်မှတ်ချက်များတွင် ငွေဒင်္ဂါးနှင့် အပ်ငွေ စာရင်းများသည် သာလျှင် အသုံးဝင်သည်။

တစ်နည်းအားဖြင့် နီးစပ်သောငွေကြေးခေါ်သည့် အပ်ငွေစာရင်းများသည်သာ ကိစ္စများတွင်အကျိုးသက်ရောက်မှုရှိ သော ခိုင်မာသောငွေကြေး၏ အစားထိုးပစ္စည်းဖြစ်လာသည်။

ဤကိစ္စမှာလည်း လက်တွေ့စမ်းသပ်မှုနှင့်ဆိုင်သော ကိစ္စ တစ်ခုသာ ဖြစ်သည်။

ငွေကြေးသုံးစွဲမှုသမိုင်းတွင် အစပိုင်း၌ ငွေကြေးထုတ်ဝေ ခြင်းမရှိတော့ချေ။ ရွှေ၊ ငွေ၊ ကြေး၊ ဆေး စသည်တို့ကို မြေမှ တူးဆွယူခြင်းဖြင့်ရင်း မြေမှာစိုက်ပျိုးထုတ်လုပ်ခြင်း ဖြင့်လည် ကောင်း လူ ပုဂ္ဂိုလ်အလိုက်ဆောင်ရွက်ခဲ့ကြသည်။

ခေတ်သစ်စီးပွားရေးစနစ်ပေါ်ပေါက်လာသောအခါမှသာ ငွေကြေးကို **ဗဟိုအာဏာပိုင်** အဖွဲ့အစည်း (central authority) က တာဝန်ယူ၍ ၎င်းတို့၏ မူဝါဒနှင့်အညီ ထုတ်ဝေခြင်းအလေ့ အထ ပေါ်ပေါက်လာခဲ့လေသည်။

သက်ဆိုင်ရာအာဏာပိုင်များက ငွေကြေးကို တာဝန်ယူ ထုတ်ဝေသောခေတ်သို့ ရောက်လာသောအခါ ငွေကြေးတန်ဖိုး သတ်မှတ်ခြင်းနှင့် ပတ်သက်သော သဘောနှစ်မျိုးထွက်ပေါ် လာသည်။ ထိုအချက်ကို စီးပွားရေးအမြင်ရှိလိုသူတိုင်းကောင်း စွာသဘောပေါက်ရန် အားထုတ်သင့်ပေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအလိုက် ထုတ်ဝေသော မည်သည့်ငွေ ကြေး(money)မှာမဆို သတ်မှတ်တန်ဖိုးများရှိပါသည်။ သို့သော် ထိုငွေကြေးသည် သတ်မှတ်ထားသောတန်ဖိုးအတိုင်း ဈေးကွက်ထဲတွင် မတည်ပါ။

ဈေးကွက်တန်ဖိုး(market value)သည် သတ်မှတ်တန်ဖိုး အတိုင်း ဖြစ်ခဲ့သည်။ ဈေးကွက်ထဲတွင် ငွေတန်ဖိုး အတက် အကျ ရှိနေသည်။ ငွေတန်ဖိုးကျသွားသောအခါ ယခင်က တစ် မတ်တန်ပစ္စည်းကို တစ်ကျပ်ပေး၍ဝယ်ရသည်။ ထိုအတူ ငွေ တန်ဖိုး တက်လာသောအခါ ယခင်က တစ်ကျပ်တန်ပစ္စည်းကို တစ်မတ်ပေး၍ ဝယ်လျှင်ရသည်။

ငွေကြေး သဘောတရား ပညာရှင်များက ထိုကဲ့သို့ ဖြစ် ရခြင်းသည် ငွေကြေးထုတ်ဝေသော အဖွဲ့အစည်း၊ အစိုးရ၊ ဗဟို ဘဏ်၊ စသည့်တို့အပေါ်တွင် လူတို့၏ယုံကြည်အားထားမှု (confidence) နှင့်ဆိုင်သည်ဟုဆိုကြသည်။

၎င်းတို့၏ အယူအဆမှာ ငွေစက္ကူ ငွေဒင်္ဂါး ထုတ်လုပ်ရာဌာန၊ အဖွဲ့အစည်းအပေါ်တွင် လူတို့၏ ယုံကြည်အားထားမှု၊ စိတ်ချမှု ပိုမိုများပြားလာလေလေ ထိုငွေသည် ဈေးကွက်တန်ဖိုးအရ တည်ငြိမ်မှု ရှိလာလေလေဖြစ်သည်။ ရွှေကဲ့သို့ပင် ဖြစ်သည်ဟုလည်း ဆိုကြသည်။

သဘောမှာ လူအများ စိတ်ချယုံကြည်မှုရှိသော ငွေကြေးသည် ရွှေကဲ့သို့ပင် ပင်ကိုတန်ဖိုးကို ဆောင်နိုင်သည်ဟုဆိုလို ခြင်း ဖြစ်သည်။

ဤကဲ့သို့ သုံးစွဲသူတို့၏ ယုံကြည်စိတ်ချမှုရှိစေရန် ရှေးအခါက ငွေစက္ကူများစတင်ထုပ်လုပ်စဉ် ရွှေပန်းတိမ်ဆရာများ ကို အစိုးရကငွေစက္ကူ ထုတ်လုပ်ခွင့်လိုင်စင် (licence to print money) ကို ထုတ်ပေးခဲ့ကြသည်။

ထိုရွှေကုန်သည်များသည် ၎င်းတို့ထုတ်ဝေလိုသော ငွေစက္ကူတန်ဖိုးနှင့်အညီ ရွှေကို သိုမှီးပစ္စည်း (stock) အဖြစ် ကျားကန်ထားကြရလေသည်။ ယခုအခါတိုင်အောင် ကမ္ဘာ့

ငွေကြေးဈေးကွက်ထဲတွင် တစ်ကမ္ဘာလုံးက ယုံကြည်စိတ်ချစွာ လက်ခံသုံးစွဲသော ငွေမာများသည် ထိုကဲ့သို့ ရွှေကိုတန်ဖိုးထား ကျားကန်၍ ထုတ်ဝေသောငွေကြေးများဖြစ်ကြပါသည်။

သို့ရာတွင် ယခုအခါ ကမ္ဘာပေါ်၌ ထုပ်ဝေသုံးစွဲနေသော ငွေကြေးတိုင်းသည် ထိုကဲ့သို့ရွှေကို ကျောထောက်နောက်ခံပြု၍ ထုတ်ဝေသောငွေကြေးများချည်း မဟုတ်ကြပါ။

ပြည်တွင်းသုံးငွေများကို သက်ဆိုင်ရာအစိုးရ၏ ငွေကြေး ပေါ်လစီအရ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့်ညှိနှိုင်း၍ နိုင်ငံ၏လိုအပ်ချက်နှင့်အညီဝင်ငွေထွက်ငွေရှင်း တမ်းအရထိမ်းကွပ်မှုများဖြင့် ထုတ်ဝေကြပါသည်။ ပြည်တွင်း သုံးငွေများမှာ နိုင်ငံတကာ ငွေကြေးဈေးကွက်တွင် တန်ဖိုး မရှိကြပါ။

သို့သော်ငွေကြေးခိုင်မာမှု၊ ငွေကြေးအပေါ် လူတို့၏ ယုံ ကြည်စိတ်ချ အားထားမှုရှိရေးသည် ရွှေဖြင့် ကျားကန်မှု တစ်ခု တည်းအပေါ်မှာသာ တည်ရှိနေသည် မဟုတ်တော့ပါ။ နိုင်ငံ တစ်နိုင်ငံ၏ စီးပွါးတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ထိုနိုင်ငံ၏ ငွေကြေးသည်လည်း တန်ဖိုးခိုင်မာလာနိုင်သည်။

စီးပွားတိုးတက်မှု အရှိန်အဟုန် ကြီးမားလာလေလေ၊ ငွေ ကြေး၏တန်ဖိုးမှာ ခိုင်မာလာလေ ဖြစ်ပါသည်။

ဤတွင်စီးပွားရေးပညာရှင်များက စီးပွားရေးခိုင်မာမှုအ တွက် ငွေကြေးစနစ်ခိုင်မာမှုလည်းလိုသည်။ A sound economy requires a sound money systemဟု ဆိုပါသည်။

ဆိုလိုသည့်အတိုင်း ဖြစ်ရန်မှာလည်း ငွေကြေးကိုစီးပွား ရေး၏ မနေအင်အားဖြင့် ကျားကန်မှသာ ဖြစ်နိုင်ပါသည်။ ငွေ ကြေးကို သဘာဝအရင်းအမြစ်များ၏ တန်ဖိုးဖြင့်လည်း ခိုင်မာ အောင် ကျားကန်နိုင်သည်ဟု ဆိုပါကြောင်း။

တက္ကသိုလ်အောင်မျိုး
၁၉၉၀၊အောက်တိုဘာလ၊မနေမဂ္ဂဇင်း
(စာ ၆၈ - ၇၁)

ယခုဤနည်းသည် ပညာဆိုင်ရာ ဖတ်စာများအတွက် အချိန်တိုတိုနှင့်ဖတ်နိုင်ပြီး စိတ်ရှုတ်စရာလည်း မလိုတော့။ သင်္ချာစာအုပ်တစ်အုပ်ကို ခေါင်းအုံးအောက် ထားအိပ်ရုံဖြင့် နိုးလာသည့်အခါထိုသင်္ချာတွေအကုန်တွက်တတ်သွားနိုင်သည့်လောကီပညာမျိုးရှိသည်ဆိုလျှင်တော့ ရရချင်းစာဖတ်သူအား ကျွန်ုပ်တို့ပေးပါမည်သို့သော်ထိုပညာမျိုးမပေါ် သေးပါ။ အထက်ပါနည်းများကိုသာတိတိကျကျကျင့်သုံးပါ။ ထိုဘာသာ ရပ်များကိုထူခြားစွာနားလည်လာသည်ကိုတွေ့ရလိမ့်မည်။တစ်ချိန်တည်းတွင်စာဖတ်အမြန်နှုန်းလည်း တတ်လာပါလိမ့်မည်။

## သိပ္ပံနည်းမကျသော နည်း

သို့သော် မဖတ်မဖြစ် ဖတ်ရသည့်စာအုပ်တိုင်း သိပ္ပံဖတ်စာများမဟုတ်ကြ(တော်ပါသေးရဲ့)။ အလုပ်ဌာနများ၏ စီမံကိန်း အစီခံစာများ၊ စိတ်ပညာ၊သမိုင်း၊ ဒဿနိကနှင့် လူမှု ရေးသိပ္ပံများမှာ ဘာသာရပ်ဆိုင်ရာဝေါဟာရများတော့ပါ သည်။ သို့သော်သိပ္ပံဝေါဟာရတွေသင်္ချာသဘော ကိန်းဂ ဏန်းတွေ သိပ်သည်းစွာပါသည်မျိုးမဟုတ်။

ထိုစာမျိုးကိုဖတ်ရာတွင်နားလည်ရန်သိပ်မခက်သဖြင့်ထူးထူးထွေထွေနည်းတွေ မလိုလှ။

"သမိုင်းမလေ့လာသူသည် သမိုင်းမှ ဆိုးကျိုးမျိုး ပြန်ကြုံရတတ်သည်"

သမိုင်းပညာရှင်ကျော့ဆန်တာယာနာကဆိုခဲ့ဖူးသည်ထိုအတိုင်းပင်သမိုင်းဖတ်စာအုပ်ကိုမကျေသည့်ကျောင်းသားသည်ထိုအတန်းမှာပင်ပြန်ထိုင်ရသည့် ဆိုးကျိုးကို ကြုံရတတ် သည်။

လူမှုရေးသိပ္ပံ သမိုင်း၊ လူမှုဗေဒ၊ အနုစာပေ၊ စိတ်ပညာ နှင့်အခြားဖတ်စာအုပ်များတွင် ဝေဖန်ရေးအမြင်များပါရှိတတ် သည်။ ဖတ်သည့်အခါ ခေါင်းစဉ်ကို အလျှင်ကြည့်ရမည်။ ဝေ ဖန်ရေးအမြင်လား၊ အဖြစ်မှန်အခြေအနေလား ဆိုသည်ကို ကြည့်ဖို့လိုသည်။"ဥရောပနှင့်ယောက်ျားကြီးစိုးရေးဝါဒ ပြဿ နာများ" ဟူသောစာအုပ်ဆိုလျှင်ရှင်းသည်။ ထိုအကြောင်းများ နှင့် ပတ်သက်၍ချည်း ရေးထားသည်ကိုသိနိုင်သည်။ သို့ရာတွင် "အမေရိကန် တော်လှန်ရေး" ဆိုလျှင်မူ မှန်းရန်ခက်လှသည်။

## လေ့ကျင့်ခန်း

အောက်ပါခေါင်းစဉ်များကိုဖတ်ကြည့်ပြီး ခေါင်းစဉ်အရ အတွင်းမှာရေးသားမည့် အကြောင်းအရာတို့သည် စာရေးသူ ၏ဝေဖန်ချက်လား၊ အမြင်လားဆိုသည်ကိုကြည့်၍ ထိုအ ကြောင်းအရာကို ခန့်မှန်း၍ရနိုင် မရနိုင် သက်ဆိုင်ရာခေါင်း စဉ်ဘေးတွင် ရေးချပါ-

- အခြေခံဘဏ္ဍာရေး စာရင်းအင်းပညာ
- ဗီယက်နမ်

လူမသိသေးသည့် အစိုးရခြစားမှု

- ငါးမှလူသို့
  ဆင့်ကဲဖြစ်စဉ်အဆင့်ဆင့်
- ရုရှားနိုင်ငံ၏ အနုတ္တရာယ်
- အမေရိကန်နိုင်ငံ၏အလှ
- လူအဖွဲ့အစည်းနှင့် လူမှုအဆောက်အအုံများ
- အထီးအမ ဒဏ္ဍာရီများ
- ကျွန်ုပ်သတ်ခဲ့ရသည့်အကြောင်း
  စိတ်ပညာအရ ဆန်းစစ်မှု
- မိဘနှင့် ကလေးများ
  ဆက်သွယ်မှုကွာဟချက်
- ဈေးကလီးယား မဟာဗျူဟာ ဆင့်ကဲဖြစ်စဉ်
- ဇင်ဘာသာနှင့်မော်တော်ဆိုင်ကယ်ပြုပြင်ရေး
  အတတ်ပညာ
- အဆင့်မြင့် ပါစကယ်နိယာမ
- ဝတ္ထုရေးဆရာ ဖြစ်လိုသော်
- စာဖတ်ကျွမ်းလိုသော်
- ဂျပန်နိုင်ငံ စီးပွားရေးလောကအတွင်း သတင်း၊
မက်လုံး နှင့်ဈေးစစ်မှုများ

* * *

စာအုပ်မှရနိုင်သမျှ ကြိုးသိနိုင်သည့်အချက်များကို ခြေရာ ကောက် တတ်ဖို့ အရေးကြီးသည်။ အထူးသဖြင့် အမြင်နှင့် ဝေဖန်ချက်သဘော ပါသည့်စာအုပ်များမှာ ခန့်မှန်းရလွယ်ကူသည်။ ထိုစာအုပ်များတွင် အများအားဖြင့် အစပိုင်းတွင်ဖော်ပြတတ် သည့်ကောက်ချက် ကို ရောက် အောင် အဆင့်ဆင့် တင်ပြသွား တတ်သည်။

**ဤစာအုပ်မျိုးကိုဖတ်သည့်အခါဘောပင်ကိုကိုင်၍ဖတ်ရန် လိုအပ်၏**စာအုပ်အစမှအဆုံး ရက်ရက်စက်စက်သာခြစ် မှတ်သွားပါ။ စာရေးဆရာသည် ဝေဖန်သုံးသပ်မှုတစ်ခုကို ဦး တည်၍ ရေးထားသည်ဆိုလျှင် စာဖတ်နေသည့်တစ်လျှောက် လုံး ထိုဦးတည်ချက်ကို ခေါင်းထဲတွင်ထားကာ ဖတ်သွားပါ။ တင်ပြမည့်အချက်များကို မိမိသိကောင်းသိနေမည်။ သို့သော်မည်သို့ ဆက်စပ်တင်ပြမည်ကိုသာ မသိခြင်းရှိမည်။ စာအုပ်ဆုံးသော အခါ ထိုအချက်အလက်များကိုပြန်လည် မှတ်မိသွားလိမ့်မည်။

## ဦးတည်ချက်ကို ခြေရာကောက်

စာပိုဒ်တိုင်းသည် စာရေးသူတင်ပြသည့်အချက်၊ သို့မ ဟုတ် အခြားသူများ၏ အမြင်အပေါ် ဝေဖန်သုံးသပ်ချက်တို့ကို ပို၍ ခိုင်မာသွားအောင် တည်ဆောက်သွားကြလိမ့်မည်။ ဘော ပင်ကို ကိုင်၍ဖတ်သွားခြင်းဖြင့် စာအုပ်၏ဦးတည်ချက်ကို အ မြန်ဆုံး တွေ့ရှိသွားလိမ်မည်။ ထိုဦးတည်ချက်ကို ဘောမျဉ်းအတွင်းရေးခြစ်ကာခြေရာကောက်သွားရမည်။

ပထမဆုံးစာပိုဒ်တွင် "ရိုးသားခြင်းဟူသည် ကောင်းသော အချင်းအရာဖြစ်သည်" ဟူ၍ ရေးထားလျှင် နောက်စာ ပိုဒ်၌ ထိုအဆိုအားပေါ် လွင်အောင် တင်ပြသွားသည့်အချက် များကို မျဉ်းသားကာမှတ်ရမည်။ ထိုအတိုင်းလုပ်သွားလျှင်နောက်ဆုံး၌ စာတစ်အုပ်လုံးကိုကောက်ကြောင်းဆွဲလိုက်သလို မှတ်စုထုတ်ပြီးသား ဖြစ်သွားလိမ့်မည်။

## အချက်အလက်တွေကို ခွဲထုတ်

စာအုပ်မှာဘာအကြောင်းတွေရေးထားလိမ့်မည်ဟုအကြမ်းအားဖြင့်သဘောပေါက်ပြီးလျှင်အဓိကအချက်အလက်နှင့်သာမည

အချက်အလက်တို့ကို ခွဲပစ်ရမည်။ **အဓိကအချက် အလက်**ဆိုသည်မှာ နေ့စွဲများ၊နာမည်များ၊ ညီမျှခြင်းများ စ သည်တို့ဖြစ်သည်။ ယင်းတို့ မပါဘဲ အကြောင်းအရာကို ဆွေး နွေး၍ရနိုင်မည်မဟုတ်။ **သာမည အချက်အလက်**များမှာစိတ်ဝင်စားစရာတော့ကောင်းသည်၊ သို့သော် အဖြစ်အပျက်နှင့် ပတ်သက်၍ မလိုအပ်လှ။

အမေရိကန်တော်လှန်ရေးအကြောင်းဆိုလျှင် ၁၈၇၆ ခုနှစ်၊ ဂျော့ ဝါရှင်တန်၊ ဘော်စတွန် လက်ဖက်ရည်ပွဲ စသည်တို့ မှာ အဓိကအချက် အလက်များဖြစ်၍ ထိုအချက်များမပါဘဲ အမေရိကန်တော်လှန်ရေး အကြောင်းကို ဆွေးနွေး၍ရမည် မဟုတ်။

ဘော်စတွန်မြို့ဆိပ်ကမ်းသို့ တပ်ဖွဲ့များ မည်မျှလွှတ်လိုက် သည်၊ လက်ဖက်ခြောက်အကောက်ခွန်ကို မည်မျှအထိသတ် မှတ်လိုက်သည်၊ အင်္ဂလန်နိုင်ငံမှ တတိယမြောက် ဂျော့ဘုရင်၏ အသက် မည်မျှရှိသည် ဆိုခြင်းတို့မှာ စိတ်ဝင်စားစရာတော့ ကောင်းသည်၊ အကြောင်းအရာ နှင့် သက်ဆိုင်သည်၊ သို့သော် ထိုအချက်များ မပါဘဲနှင့်လည်း အမေ ရိကန်တော်လှန်ရေးအ ကြောင်းကို ဆွေးနွေး၍ရသည်။ ၎င်းတို့ကို သာမညအချက်အ လက်များအဖြစ် ထားရမည်။

ထိုသို့ မခွဲတတ်ဟုဆိုလျှင် "ဒီအကြောင်းအရာကို ဒီအ ချက် အလက်တွေမပါဘဲ ပြန်ပြောလို့ရပဲ့မလား" ဟူ၍ မိမိကိုယ် ကို ပြန် မေးကြည့်ပါ။ အသေးအမွှား အချက်ကလေးများကြောင့် ကြီးမားသည့် အကြောင်းအရာကြီးကို ရှုပ်ထွေးမသွားပါစေနှင့်။ အချက်အလက် များသည်စာတစ်အုပ်လုံး၏ လိုရင်းအကြောင်း အရာနှင့် မည်သို့ ပတ်သက်သည်ကို ကြည့်ပါ။လိုရင်းအ ကြောင်းအရာကို ကောက်မိပြီ ဆိုလျှင် အရေးကြီးသည့် အချက် အလက်များ မိမိထံသို့ အလို အလျောက် ခုန်ထွက်လာပါလိမ့်မည်။

**အမိကနှင့် သာမညအချက်အလက်**

**အမိကနှင့်သာမညအချက်အလက်များကိုခွဲနိုင်ရန်အကောင်းဆုံးနည်းမှာ အဖြစ်အပျက်တစ်ခုကို အရှင်းဆုံး/အတို ဆုံးဖြစ်အောင်စ၍ ကြည့်ပါ။ ထို့နောက် နောက်ထပ် အချက်အ လက်တွေကို လိုရင်းအကြောင်းအရာ ပုံပေါ်လာသည်အထိ ထပ်ထည့်သွားပါ။**

အမေရိကန်တော်လှန်ရေးကိုပဲ ထပ်ကြည့်ကြပါဦးစို့။အ ခြေခံကစကြည့်မည်။

၁။ ပဋိပက္ခတစ်ခု ဖြစ်ခဲ့သည်။

ထိုမျှလောက်နှင့် အကြောင်းအရာ မပေါ်သေး။ထို့ကြောင့်ထပ်ဆက်မည်။

၂။ ကိုလိုနီခေတ် အမေရိကန်နှင့် အင်ပါယာသခင် ဗြိတိန်တို့ အကြား ပဋိပက္ခ ဖြစ်ခဲ့သည်။

မပေါ်သေး။ လိုသေးသည်။

၃။ဆယ့်ရှစ်ရာစုအတွင်း ကိုလိုနီ အမေရိကန်နှင့်အင် ပါယာသခင် ဗြိတိန်တို့အကြား "ကိုယ်စားလှယ်ထားခွင့် မရဘဲအခွန်ကောက်ခံမှု" ပြဿနာကိုအကြောင်း ပြု၍ဖြစ်လာသည့် ပဋိပက္ခမှာ အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။ အမေရိကန်စစ်တပ်ကို ဂျော့ဝါရှင် တန်ကြီး ဆောင်သည်။ သူသည်နောက်တွင် အမေရိကန်ပြည်ထောင်စု၏ပထမဆုံးသမ္မတဖြစ်လာသည်ဗြိတိန်ဘက်မှ(ကိုယ်တိုင်ဝင်မတိုက်

သော်လည်း)ဦးဆောင် သူမှာတတိယမြောက် ဂျော့ဘုရင်ဖြစ် သည်။ အမေရိကန် တို့ဘက်က အနိုင်ရသည်။

ထိုမျှလောက်ဆိုလျှင်အကြောင်းအရာမှာပုံပေါ်လောက်ပေပြီ။ နောက်ထပ်ဆက်မည်ဆိုလျှင်သာမညအချက်အလက်များပါလာပေတော့မည်။ နောက်ပိုင်းမိမိဘာသာခဲ့ယူရုံပင်။

## လေ့ကျင့်ခန်း

အောက်ပါအကြောင်းအရာများကိုဖတ်၍ အရေးကြီး သည့်အချက်များကို ဘယ်ဘက်ဘေးတွင်ရေးချပါ။ စိတ်ဝင် စားစရာကောင်းသော်လည်း အဓိကအကြောင်းအရာ နှင့်မပတ်သက်သည့် သာမည အချက်အလက်များ မပါဝင်စေ ရန်သတိပြုပါ။

## သားဆက်ခြားခြင်း အပိုင်း(၂)

စာရေးသူသည် သားဆက်ခြားခြင်း အကြောင်း အခန်းဆက်ဆောင်းပါး ရေးသားရန် အချက်အလက်များ၊ စာအုပ်စာ တမ်းများ စုဆောင်းရှာဖွေနေစဉ် မိတ်ဆွေ ဆရာဝန်တစ်ဦးနှင့် ဆုံမိကြ၏။ မိတ်ဆွေဆရာဝန် ဝေးလံခေါင်းပါးသော ဒေသတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်၏။ ရန်ကုန်မြို့သို့မရောက်ဖြစ်သည်မှာကြာပြီဖြစ်၍ ရှေးဟောင်းနှောင်းဖြစ်များအချိန်အတန်ကြာအောင် စကားလက်ဆုံကျနေမိ၏။ ငယ်စဉ် ကအဖြစ်အပျက်များအကြောင်း ပြောဆိုနေကြရင်းမှ စာသင် ကောင်းသော ငယ်စရာပါရဂူ ဆရာဝန်ကြီးအကြောင်း သို့ ရောက်ရှိသွား၏။ ဆရာဝန်ကြီးက စာသင်လျှင် ကိုယ်တွေ့ အဖြစ်များဖြင့်စိတ်ဝင်စားဖွယ်ကောင်းအောင် သင်ကြား ပို့ချတတ်၏။

ဂုဏ်ဆရာဝန်ကြီး နုစဉ်အခါကာလက အမျိုးသမီးများ သည်သားဆက်ခြားခြင်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် မ သိကြသေးပေ။ ပြည်သူလူထုအကြား ကျန်းမာရေးဗဟု သုတ ဖြန့်ဝေမှုအား နည်းခဲ့သောကာလဖြစ်၍ သားဆက် ခြားခြင်း ပြုလုပ်ရကောင်းမှန်းမသိကြသေးပေ။ လွတ်လတ်ရေး ရပြီးကာ စကာလဖြစ်၍ ပြည်တွင်းသောင်းကျန်း ဆူပူမှုက အားကောင်း နေသဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်း ဖိဖိ စီးစီး မလုပ်နိုင်ခဲ့ခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ် ခဲ့၏။ တောရွာငယ်ကလေး တစ်ရွာမှ သားသမီးများသဖြင့် မနိုင်မနင်းဖြင့် လူမှုဒုက္ခ အထွေထွေ ကြုံတွေ့ရပုံကို "ကိုဖိုးခွေး တို့ဇနီးမောင်နှံ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာဝန်ကြီးက မကြာမကြာ ဥပမာပုံဆောင်၍ သင်ကြား ပို့ချလေ့ရှိ၏။

ကိုဖိုးခွေး၏ ဇနီးဖြစ်သူသည် ကိုယ်ဝန်ဆောင်ချိန် တစ်ခု နှင့်တစ်ခု နီးကပ်လွန်းသဖြင့် သွေးအားနည်းရောဂါ ရခဲ့ပုံ၊ မွေး ဖွားရာ၌ အခက်အခဲတွေ့ရပုံ၊မွေးပြီးနောက်ပိုင်း ၌လည်း မီးယပ် ရောဂါရခဲ့ပုံ စသောအကြောင်းအရာတွေကို စိတ်ဝင် စားဖွယ် ပြောတတ်၏။ အကယ်၍ သားဆက်ခြား ခြင်းလုပ်ငန်း ကို လုပ်ဆောင်ခဲ့လျှင် ကိုဖိုးခွေး၏ ဇနီးသည် သည် ထိုဒုက္ခမှကင်း ဝေး၍ ကျန်းကျန်းမာမာ ရှိနိုင် ကြောင်းဖြင့် သားဆက် ခြားခြင်း၏အကျိုး တရားများကို ရှင်းလင်း သဘောပေါက် အောင်သင်ကြားပေးတတ်၏။

စာရေးသူတို့ စကားဝိုင်းသည် ထိုဆရာဝန်ကြီး အကြောင်းမှ ဆက်နွှယ်၍ အလုပ်သင်ဆရာဝန်ဘဝက အဖြစ် အပျက်တစ်ခုအကြောင်း ရောက်ရှိသွားပြန်၏။ ထိုစဉ်က

စာရေး သူနှင့် မိတ်ဆွေတို့မှာ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ညဂျူ တီကျနေချိန် ဖြစ်၏။ ကလေးဖျက်ချပြီးနောက် Spetic Shock ဟုခေါ်သော ပိုးဆိတ်ဝင်၍သွေးလန့်ခြင်း ဖြစ်နေသော လူနာ တစ်ဦးရောက်ရှိလာပြီး ခဲရာခဲဆစ် ကုသ ပေးနေသည့်ကြားမှ ကွယ်လွန်သွားပုံကို ပြန်ပြောင်း ပြောပြ နေမိ၏။ ထိုလူနာသည် သားဆက်ခြားခြင်းလုပ်ငန်းလုပ် ဆောင်ထားခြင်းမရှိဘဲ ကိုယ်ဝန်ရှိလာမှ မလိုချင်ဟု ဆိုကာ ဖျက်ချသူဖြစ်၏။ အကယ်၍သာ ထိုလူနာသည် သားဆက်ခြားခြင်းကို ကြိုတင်လုပ်ဆောင်ခဲ့ပါ လျှင် ဤကဲ့သို့ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်မျိုး ကြုံတွေ့ရမည် မဟုတ်ပေ။

မိတ်ဆွေဆရာဝန်က ဆွေးနွေးရင်းမှ စာရေးသူအား ခေတ်မှီ သားဆက်ခြားဆေးများအကြောင်း ရှာဖွေစုဆောင်း ပေးရန် မေတ္တာရပ်ခံပါသည်။ ပဋိသန္ဓေတားဆေးများသည် ကလေးနို့တိုက်နေသော သားသည်မိခင်အတွက် သင့် လျော် ခြင်းရှိမရှိကိုလည်း အချက်အလက်များ ရှာဖွေပေးရန် တိုက်တွန်းပြောကြားရာစာရေးသူကရှာဖွေပေးမည် ဖြစ် ကြောင်း ကတိပေးပြောကြားရင်း စကားဝိုင်းကို အဆုံး သတ် ကာ နှုတ်ဆက်ခွဲခွာခဲ့ကြ၏။

ယခင်က ထုတ်လုပ်ခဲ့သော ပဋိသန္ဓေတားဆေးများ သည် အီစထရိုဂျင် ဟော်မုန်းဓာတ် ပါဝင်သဖြင့် ကလေး နို့တိုက် နေသော သားသည်မိခင်များအတွက် သင့်လျော်မှု မရှိ ပေ။ အီစ ထရိုဂျင် ဟော်မုန်းဓာတ်သည် နို့ထွက်နှုန်းကို လျော့နည်းစေသည်။တစ်မျိုးတည်းကို သာအားထား နေရသော ရင်သွေးငယ်တစ်ဦးအတွက် ထိုအချက်သည်

အရေးပါလှ၏။ မိခင်နို့ထွက်နှုန်းလျော့နည်း သွားပါက ရင်သွေး ငယ်အဟာရချို့တဲ့၍ ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးသွားမည် ဖြစ်၏။အဟာရမပြည့်စုံမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကူစက်ရောဂါများ ရလွယ်၏။ဝင်းအပြင် အီစထရိုဂျင် ဟော်မုန်းဓာတ်သည် နို့ထွက် နှုန်းကိုသာ လျော့နည်းစေခြင်းသာ မဟုတ်ဘဲ၊ မိခင်နို့၏ အရည်အသွေးကိုလည်းပြောင်းလဲစေနိုင်၏။

ခေတ်မီသားဆက်ခြားခြင်း အယူအဆသဘောတရားအရ နို့တိုက်နေသောသားသည်မိခင်များသည်လည်း သားဆက်ခြားခြင်းကိုလည်းလုပ်ဆောင်ရန်အရေးကြီး၏၊ကလေးနို့ တိုက်နေသောမိခင်တစ်ဦးသည် သာမန်အိမ်ထောင်ရှင်မတစ် ဦးနှင့်နှိုင်းယှဉ်ပါကပဋိသန္ဓေရရှိရန်အခွင့်အရေး နည်းပါးသည် ဖြစ်သော်လည်း ထိုအချက်ကို သားဆက်ခြားခြင်းအတွက် အားကိုး၍မရပေ။ ပဋိသန္ဓေရရန် အခွင့်အရေးနည်းပါးသည် ဆိုသော်လည်း လုံးဝမရနိုင်ခြင်းမဟုတ်။ ရာနှုန်းပြည့် စိတ်မချရ ပေ။ ကလေးနို့တိုက်နေရင်း ပဋိသန္ဓေရရှိသွားသူ သားသည်မိ ခင်ရှိနေသည့်အတွက် ဆေးဝါးကုမ္ပဏီများက ခေတ်မီသော ဆေးဝါးတစ်မျိုးထုတ်လုပ်ရန် ကြိုးပမ်းလာကြသည်။

Organon ကုမ္ပဏီသည် သားဆက်ခြားခြင်း လုပ်ငန်း နှင့်ပတ်သက်၍ အစဉ်တစိုက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သောကုမ္ပဏီဖြစ်၏။ နှစ်ရှည်လများ ခဲရာခဲဆစ် သုတေ သနပြုလုပ်ရာမှအကျိုးတရားအနေဖြင့်**နို့တိုက်နေသော သားသည်မိခင်များနှင့်သင့်လျော်သည့်ပဋိသန္ဓေ**

**တားဆေးအသစ်တစ်မျိုးကို ရှာဖွေဖေါ်ထုတ်နိုင်ခဲ့၏။ ထိုဆေးမှာ Exlution အမည်ရှိဆေးဖြစ်၏။ ၎င်း Exlution တွင် Lynestrenol အမည်ရှိ ဆေးမယ် တစ်မျိုး ၀.၅ မီလီဂရမ် ပါ၀င်၏။ Lynestrol သည် ပရိုဂျက်စတီရုန်း ဟော်မုန်းအမျိုးအစားဖြစ်၏။ အီစထရိုဂျင်ဟော်မုန်းဓာတ်လုံး၀မပါ၀င်သဖြင့် အခြား ပဋိသန္ဓေတားဆေးများနှင့်မတူပဲ တစ်မူထူးခြား၏။**

Exlution သည်ပရိုဂျက်စတီရုန်း တစ်မျိုးတည်းသာ ပါ၀င်သဖြင့် နို့တိုက်ခြင်းကို ထိခိုက်မှုမရှိပေ။ နို့ထွက်နှုန်းလျော့ နည်းသွား၍ ရင်သွေးငယ် အာဟာရချို့တဲ့ခြင်း မဖြစ်နိုင်ပေ။ ရင်သွေးငယ် ခန္ဓာကိုယ်ကြီးထွားမှုကို မထိခိုက်ပေ။ ပဋိသန္ဓေ တားခြင်းအတွက် အစွမ်းထက်သဖြင့် စိတ်ချရသောဆေးဖြစ် ၏။ ပဋိသန္ဓေတားခြင်းနှင့်ပတ်သက်၍ စိတ်ချမှုရှိမရှိသိနိုင်ရန် ပညာရှင်များက Peral-Index ဟုခေါ်သော တိုင်းတာသည့် နည်းစနစ်တစ်ခု တီထွင်ထား၏။ ၎င်းနည်းစနစ်အရ Exlution အားတိုင်းတာရာ ၀.၄ သာရှိသဖြင့် function Relavility ရှိကြောင်း တွေ့ရှိ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် စိတ်ချလက်ချ သုံးစွဲနိုင်သော ဆေး၀ါးဖြစ်ကြောင်းPeral-Index ဖြင့် သက်သေပြနိုင်၏။ Exlution ကိုကလေးမွေးဖွားပြီး ရက်သတ္တပါတ် ၆ ပါတ်ကြာလျှင် စတင်သုံးစွဲရ၏။

Exlution ဆေးကတ် တစ်ကပ်တွင် ဆေးလုံး ၂၈ လုံး ပါရှိ၏။ ဆေး လုံးတစ်လုံးစီတွင် Progestagen ဟော်မုန်းဓာတ်တစ်မျိုးဖြစ် သော Lynestrenol ၀.၅

မီလီဂရမ် ပါဝင်၏။ Exlutionသည် ဆေးချိန်အဆ ပါဝင်သော Low Dose Oral Contraceptiveတစ်မျိုးဖြစ်၏ဆေးကိုဆက်တိုက်သောက်ရန်လိုအပ်ပြီးတစ်နေ့ တစ်လုံး မှန်မှန်သောက်ရ၏။ဆေးကိုဆက်တိုက် သောက်ရန် လိုအပ်ပြီး ရာသီလာနေချိန်တွင်လည်း ရပ်ဆိုင်းထားရန် မလို ဘဲဆက်တိုက်သောက်ရမည်ဖြစ်၏။

Exlution သည် သားအိမ်ခေါင်းအဝမှ ထွက်သော ချွဲများ Cervica Mucus ပေါ်တွင်အကျိုးသက်ရောက်မှု ရှိပြီး သား အိမ်နံရံပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိ၏။ မျိုးဥလွှတ် ခြင်း(Ovulation)နှင့် ကောပပ်စ်လူတီယမ် ဖြစ်ပေါ်ခြင်း (Corps Luteum Formating) တို့ကို တားဆီးပေး၏။Exlution သည် ထိုအာနိသင်များရှိ သဖြင့် ပဋိသန္ဓေဖြစ်ပေါ်ခြင်းကို တား ဆီးပေးနိုင်၏။ Exlution ၏ထူးခြားချက်မှာ နေရာလွဲသန္ဓေ တည်ခြင်း Ectopic Pregnancy ဖြစ်ပွားရန် ရာနှုန်းလွန်စွာ နည်းပါးခြင်း ဖြစ်၏။Exlution ကို အမိကထားနို့တိုက်နေသော သားသည်မိခင်များအတွက်ရည်ရွယ်သော်လည်း နို့တိုက် မဟုတ်သူ မိခင်များ အတွက်လည်း သုံးစွဲနိုင်ပါ သည်။ အထူး သဖြင့် အီစ ထရိုဂျင် ဟော်မုန်းဓာတ်ပါဝင် သော အခြား ပဋိသန္ဓေတား ဆေးများနှင့်မတည့်သော အမျိုး သမီးများ အတွက် အီစထရိုဂျင်လုံးဝမပါသော Exlution သည် အထူးသင့်လျော်သောဆေးဝါးဖြစ်၏။

Exlutionကို သုံးစွဲပုံ သုံးစွဲနည်းမှာ ကလေးမွေးဖွား ပြီး ၂တစ်လခွဲအကြာတွင် သောက်သုံးရပါမည်။ တစ်နေ့လျှင်

တစ်လုံးကျ အချိန်မှန် သောက်သုံးရပါမည်။ဆေးကတ် တစ်ကတ် ကုန်သွားပါက နောက်ထပ်တစ်ကပ်ကို ဆက်တိုက် သောက်ရ ပါမည်။ ကြားထဲတွင် ဆေးလုံးဝမ သောကသော ရက် ဟူ၍ မရှိစေရ။ ဆေးလုံးသောက်ချိန် အချိန် မှန်ရန်အရေး ကြီးပါသည်။ ဥပမာ ညနေ၆နာရီသောက်ပါက နေ့စဉ် ညနေ ၆ နာရီရောက်တိုင်း သောက်ရပါမည်။ ဆေးလုံး တစ်လုံးနှင့်တစ်လုံးအကြားကွာခြား ချိန်မှာ ၂၇ နာရီထက် မပိုရပါ။ ၂၇နာရီထက်ပိုမိုကွာခြားသွား ပါက ဆေး၏ အာနိသင် လျော့ပါးသွားပြီး အကျိုးအာနိသင် မထိရောက် တော့ပါ။ သို့ဖြစ်ပါ၍ နေ့စဉ် ဆေးသောက်ချိန် အချိန် မှန်ရန် အရေးကြီးပါသည်။

သားပျက်သားလျှောဖြစ်ခြင်း (သို့မဟုတ်) ကလေး ပျက် ကျခြင်းဖြစ်လျှင် ပျက်ကျပြီးလျှင်ပြီး ခြင်း Exlution ကိုစတင် သောက်ရပါမည်။ သို့မှသာ ပဋိသန္ဓေတားနိုင်သော အ ကျိုးအာ နိသင်ကို ရရှိမည်ဖြစ်ပါသည်။ အကယ်၍ ကလေး မွေးဖွား သော မိခင်မဟုတ်ဘဲ ကလေးမရသေးသူအိမ်ထောင် ရှင် အမျိုးသမီးဖြစ်ပါက Exlution ကိုသုံးစွဲရပါမည်။ တစ်နည်း ဆိုလျှင် တစ်ခါမှမသောက်ဖူးသေးသူ အတွက် မမှတာလာလာ ခြင်း စတင်သောက်သုံးရပါမည်။ **အချို့ အမျိုးသမီး များသည် ဗီစထရိုဂျင်ပါသော ပဋိသန္ဓေတား ဆေးများသုံးစွဲရာမှ မတည့်သဖြင့် ဆေးအမျိုးအစားပြောင်း လဲရန် ဆရာဝန် ထံ အကြံဉာဏ်လာရောက်တောင်းခံတတ်** ပါသည်။ ထိုကဲ့သို့ သောအမျိုးသမီးများအတွက် Exlution သည် အသင့်လျော် ဆုံးဖြစ်ပါသည်။

Exlution လုံးဝမသုံးစွဲဘဲရှောင်ကြဉ်ရသည့် အခြေ

နေများလည်း ရှိပါသည်။ ၎င်းတို့မှာ ကိုယ်ဝန်ရှိနေခြင်း၊ အသည်း ရောင်ရောဂါရှိခြင်း၊ သည်းခြေပွန် ပိတ်ဆို့ခြင်းကြောင့် အသား ဝါရောဂါ ရရှိခြင်း၊ ရိုတာရောဂါ လက္ခဏာစု၊ ဒူဘင် ဂျွန်ဆင် ရောဂါလက္ခဏာစု၊ အသည်း ရောဂါ ဖြစ်ပွားပြီး နောက် ပုံမှန် ပြန်မရောက်သေးသော အခြေအနေ၊ စတီးရွိုက် များပါသော ဆေးဝါးများ သုံးစွဲမှု ကြောင့် ဖြစ်ပေါ်လာသော အသားဝါရောဂါ၊ ကိုယ်ဝန်ဆောင် နေစဉ် အသားဝါခြင်း၊ ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်း သေချာမသိရ သေးသော မိန်မကိုယ်မှ သွေး ဆင်းနေသည့်အ ခြေအနေ၊ မျိုးဥပွန်၌ သန္ဓေတည်ဖူးခြင်း၊ မျိုး ဥပွန်ရောင်ရမ်း နေခြင်း၊ ဆိုးရွားသောယားယံမှုကြောင့် စတီး ရွိုက်ပါသော ဆေးဝါးများ သုံးစွဲဖူးခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ရေယုန်ရောဂါ ဖြစ်ဖူးခြင်း စသော အခြေအနေများ ဖြစ်ပါ သည်။

Exlutionကို အညွှန်းအတိုင်း တိတိကျကျသုံးစွဲပါက ပဋိ သန္ဓေတားရာ၌ အစွမ်းထက်မြက်ပါသည်။ သို့သော် ဆေး သောက်ရာ၌ တိကျမှုမရှိဘဲ အချို့ရက်များ၌ဆေး မသောက် ဖြစ်၍ လွတ်သွားပါက ဆေး၏ထိရောက်မှု လျော့ နည်းသွား မည်။ ထိုအချက်ကို သုံးစွဲသူ သားသည်မိခင်များ အထူးသတိ ပြုရန် လိုအပ်ပါသည်။ နေ့စဉ် မပျက်မကွက် သောက်သုံးရန် တာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ထား ၍ ဆောင်ရွက် ရပါသည်။

ဆေးမှန်မှန်သောက်သော်လည်း အချို့သောအခြေအနေ များ၌ ဆေး၏စွမ်းရည် လျော့နည်းသွားခြင်းမျိုးလည်း ရှိ တတ် ပါသည်။ Exlution သုံးစွဲသူများအနေဖြင့် ၎င်း

အချက်ကိုသတိ ပြုရန်လိုပါသည်။ Exlution သည် သောက်ဆေး ဖြစ်သဖြင့် အစာလမ်းကြောင်းမှစုပ်ယူ၍ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပါ သည်။

အကယ်၍ ဆေးသောက်ပြီး ၄ နာရီအတွင်း အော့အန်ခြင်း၊ ဝမ်းလျှောခြင်းဖြစ်ပါက ဆေး၏စွမ်းရည် လျော့နည်းသွား တတ်၏။ ဒုတိယအချက်မှာ တချို့ဆေးဝါးများနှင့် Exlution ကိုအတူတကွသုံးစွဲပါက ဆေး၏စွမ်းရည် လျော့နည်းသွားတတ် ၏။ ထိုဆေးများမှာ Anticon-Valsants ဟုခေါ်သောအတက် ရောဂါအတွက် သုံးသောဆေးများ၊ Babiturates ဟုခေါ်သော အိပ်ဆေးများ၊ Refampic ဟုခေါ်သောတီဘီရောဂါဆေး၊ အချို့သော ဝမ်းနှုတ်ဆေးများ ဖြစ်ကြပါသည်။

Exlution သည် နို့တိုက် နေသော သားသည်မိခင်များအ တွက် သားဆက်ခြားခြင်းပြုလုပ်လိုပါက အထူးသင့်လျော်သော ဆေးဝါးဖြစ်ပါသည်။ နို့တိုက်နေသောသားသည်မိခင်များဟု ဆိုရာ၌ ယေဘုယျအချက်၌ တူညီမည်ဖြစ်သော်လည်း မိခင် တစ်ဦးချင်းကိုလိုက်၍ ကွဲပြားခြားနားသောအချက်များလည်း ရှိနိုင်သည်ဖြစ်ရာ အကယ်၍သုံးစွဲလိုပါက နီးစပ်ရာဆရာဝန် နှင့် တိုင်ပင်ပြသပြီးမှ သုံးစွဲရန် အထူးတိုက်တွန်းလိုပါသည်။ ဆက်လက်၍ အခြားသားဆက်ခြားနည်းများကို လာမည့်လ တွင် ဆက်လက်တင်ပြပါဦးမည်။

**အောင် (ဆေး-၁)**

**၁၉၉၈၊ စက်တင်ဘာလ၊ ဇီဝကမဂ္ဂဇင်း**

**(စာ ၆၄-၆၇)**

## ပုံလှလှကလေးတွေကို မေ့မထားနှင့်

ဂရပ်များ၊ဇယားများ၊ပုံများကိုအများအားဖြင့်ကျော်၍ ဖတ်သွားတတ်ကြသည်။ ယင်းတို့ကိုသေသေချာချာလေ့လာကြည့်ပါ။ယင်းတို့တွင်သက်ဆိုင်ရာအခန်း၏အရေးကြီးသော အချက်လက်များပါနေတတ်သည်။ပုံစာများနှင့်ပုံစံပြတွေကိုဖတ်ပါ ဘဝလမ်းကြောင်းတစ်ခု၊ ပြဿနာတစ်ခုတို့ကို လျှင်မြန် စွာခြုံငုံသုံးသပ်နိုင်စေရန် ဇယားတွေ၊ ဂရပ်တွေ၊ ပုံတွေထက် အထောက်အကူဖြစ်သည်မျိုး မရှိ။

သို့ရာတွင် သူတို့ချည်းအားကိုး၍ တော့မရ။ တစ်ခါက ကျောင်းသားတစ်ယောက်သည် ဂရပ်တွေ၊ ဇယားတွေ၊ ပုံတွေ ချည်းအားကိုးမိသောကြောင့်စာမေးပွဲတွင်ပုံလှလှလေးတစ်ပုံသာရေးဆွဲသွားနိုင်ခဲ့ဖူးသည်။

## ယူသင့်သောအရာများ

ကျောင်စာဖတ်သည့်အခါ စာတွင်စိတ်ပါစေရန်မှာ အာရုံစူးစိုက်မှုနှင့် နည်းပညာကိုသုံးတတ်မှုအပေါ်တွင် မူတည်သည်။ ကျောင်းစာများတွင် အချက်အလက်တွေက ထူပြောသဖြင့် ဖတ်ရန်မလွယ်၊ စိတ်ရှုပ်စရာလည်းကောင်းသည်မဟုတ်လား။

သို့ရာတွင်စာဖတ်ကျွမ်းကျင်သည့်ကျောင်းသားကတော့ဘောလ်ပင်တစ်ချောင်းကိုကိုင်၍ အဓိကဆိုလိုချက်ကို ခြေရာခံပြီးအရေးကြီးသည့်အသေးစိတ်အချက်များကိုကောက်မှတ်သွားခြင်းဖြင့်အဆိုပါအခက်အခဲများကို ကျော်လွှားကာ အသာကလေး ဖတ်သွားနိုင်မည် ဖြစ်သည်။

ထိုကျောင်းသားသည် ပုံတွေကို ကြည့်မည်။ ခေါင်းစဉ်တွေကို ဖတ်မည်။ ဘာသာပြန်ကြည့်ပြီးဖတ်မည်။ ဝေါဟာရတွေကို ဆက်စပ်

ကြည့်ပြီး ဖတ်သွားမည်။ နောက်ပြီးအားလုံးကိုမှတ်မိအောင် မကြိုးစား။ အားလုံးကို နားလည်အောင်လုပ်ပြီး အရေး ကြီးသည့် အပိုင်းကိုသာ မှတ်ထားမည်။

## စာဖတ်ပြေးလမ်း

အောက်ပါအကြောင်း အရာကိုဖတ်၍ 'ကြိုဖတ်'ခြင်းနှင့် မေးခွန်းများကိုလေ့လာခြင်းဖြင့် အကြောင်းအရာကိုဖတ်သည့် အခါ လမ်းညွှန်ဖြစ်ပါစေ။ မိမိသိထားပြီး၍ မလိုအပ်သော အချက်အလက်များကို အလေးမထားဘဲဖတ်သွားခြင်းဖြင့် စာဖတ်ပိုမြန်လာသည်ကို တွေ့ရပါလိမ့်မည်။ သို့သော် အချိန်ကို မမှတ်ပါနှင့်ဦး။ ကျောင်းစာဖတ်သည့် အခါ အချိန် အကန့်အသ သတ်မထားသင့်သေး။ ဤအကြောင်းအရာမှာရှည် သဖြင့်'ကြိုဖတ်'ရန်အရေးကြီးသည်။

## 'ဦးပုည အတ္ထုပ္ပတ္တိ'

စလေမြို့သူကြီးရိုး နှစ်မျိုးရှိရာတွင်မဟာသမန်းရိုး ခေါ် မင်းမျိုး မဟုတ်ဘဲ ပုညသမန်းရိုးခေါ်မြို့စား၊ ရွာစား မျိုး ဖြစ်သည့် အဖ ဦးမြတ်စံ၊ အမိဒေါ်လှရင်တို့မှဦးပုညကို သက္ကရာဇ် ၁၁၇၄ ခုနှစ်၊ ကဆုန်လဆန်း ၃ရက် ကြာသပတေးနေ့ မွန်းတည့်အချိန်တွင် ဖွားမြင်သည်။

အဖဦးမြတ်စံမှာ သာယာဝတီ မင်းတရားကြီး၏ မင်္ဂလာအိမ်တော်တွင်အကြည်တော်အဖြစ်ရေးသားထမ်းရွက်သူဖြစ်၍ အမိ ဒေါ်လှရင်မှာ စလေ၊ ပုခန်းငယ်၊ မြို့သူကြီးသမီး ဖြစ်ပေသည်။

ဦးပုညကို ဖွားမြင်သောနေ့၌ ဒုတိယ ကြက်သွန်ခင်းဆရာတော်နှင့် မုံရွေးဆရာတော်တို့သည် ရွှေစက်တော်မှ

အပြန် နှင့်ကြုံကြိုက်သောကြောင့် အိမ်သို့ကြွဝင်လာပြီး လျှင် ဆရာ တော်တို့က ဦးပုညလောင်း၏ လက္ခဏာသွင်ပြင် ကိုကြည့် ပြီး လျှင် "မောင်မြတ်စံ၏ သားသည် ပညာရှိဖြစ် လိမ့်မည်၊ လော ကီရေးရာ တွင် ကျော်စောထင်ရှားလိမ့်မည်၊ သို့ရာတွင် ဗေဒင် အလိုအရ နိစ်-ပြတို့သည် နံပြိုလ်ပေါ်၌ စီး၍ နေသောကြောင့် ဥပစ္ဆေဒကံ မကင်းတတ်၊ လောကီကျိုး လောကုတ္တရာကျိုး ဖြစ် အောင် ရဟန်းပြုရာ၏"ဟုဟောပြော ကြပြီးနောက် ကြွသွား တော်မူသည်။

၂ နှစ်သားအရွယ်သို့ရောက်သော်အခါအမိ၊ အဖတို့ သည် စလေမြို့မှ အမရပူရမြို့ သာယာဝတီ မင်တရားကြီး ၏ အိမ်တော်သို့ အခ စားလာရောက်ကြသည်တွင် ပါလာသော သားငယ်သည် စည် တော်ရုံသို့ဝင်ကြည့်ခိုက် စည်ကြီးများ ကို ပုတ်ခတ်ကစားဘိ ၏။ ထိုကိုရည်၍ သာယာဝတီမင်းက 'မောင်ပုတ်စည် တွင်စေ' ဟု အမည်ပေးတော်မူလိုက်သည်။

၆နှစ်အရွယ်တွင် အမိအဖတို့က မောင်ပုတ်စည်အား တူးမောင်း ဆရာ တော်ဦးဒီပထံတွင် အပ်နှံ၍ စာပေသင်ကြား စေလေသည်။ ပညာ ဉာဏ်ထူးချွန်ထက်မြက်လှသည့်အ လျောက်လည်း ၇ နှစ်သား ၈နှစ် သားအရွယ်၌ပင် သဒ္ဒါ ကျမ်းများ၊ အဘိဓမ္မာ ကျမ်းများကို သင် ကြားခွင့်ရပေသည်။ ၈နှစ်သားအရွယ်တွင် တူးမောင်း ဆရာတော် ပျံလွန်တော် မူသောအခါ အမရပူရမြို့ ဗန်မော်ဆရာတော်ထံတွင် ဆက် လက်၍ပညာသင်ကြားခဲ့ရ ပြန်သည်။ ထိုစဉ်အတွင်း ဗန်းမော် ဆရာတော်အထံ၌ပင် ရှင်သာမဏေပြု၍ "သျှင်ပုည" ဘွဲ့ကိုခံယူရရှိသည်။ သာမဏေ အဖြစ်ဖြင့်လည်းသုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို လေ့လာပေါက်မြောက်ခဲ့ပေ၏။

သက္ကရာဇ် ၁၁၉၄ ခုနှစ်တွင် သျှင်ပုည စလေ ပုခန်းငယ် နှစ်မြို့အုပ်က ရဟန်းဒါယကာခံ၍ရဟန်းပြုပြီးသော် ဗန်မော်တိုက်၌ပင် ပိဋကတ်၊ ဗေဒင်၊ ကဗျာ၊ လင်္ကာ အများကို ဆက်လက်သင်ကြားသည်။ ဦးပုည အသက် ၂၄နှစ်အရွယ် သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် အဖဦးမြတ်စံ နှင့် အမိ ဒေါ်လှရင်တို့ နှစ်ဦးစလုံးပင် အနိစ္စရောက်ကြသည်။

သက္ကရာဇ်၁၂၀၃ ခုနှစ်တွင် သာယာဝတီမင်းသည် ရန်ကုန်မြို့သို့စုန်ဆင်း စံတော်မူမည်ပြုသောအခါ စလေ ဦးပုည လည်းလိုက်ပါမည် ဟုကြံစည်ဆဲ ကျောင်း၌ ဒါယကာမများ အလာ၊ အရောက်၊ အလူအတန်းများခြင်း နှင့်ပတ်သက်၍ ပဥ္စင်းဒါ ယကာ မြို့အုတ်မင်းနှင့် မသင့်မတင့် ဖြစ်ရကာ လူထွက်လိုက်ပြီး ရန်ကုန်မြို့သို့လိုက်ပါသွားခဲ့ သည်။ ရန်ကုန် မြို့သို့ရောက် လျှင် တောရအရပ်၌ ခေတ္တခဏမျှ နေထိုင်၍ သာမဏေပြု ပြန်သည်။ နောက်အမရပူရမြို့ ဗန်မော်တိုက်သို့ ပြန်လည်လာ ပြီးသော် တရားစာ၊ မေတ္တာ စာ၊ ဗေဒင်ဟော ကိန်း၊ လင်္ကာ စသည်တို့ကို ဗန်မော်တိုက်၌ လည်ကောင်း၊ ဇာတိ ရပ်ရွာဖြစ်သော စလင်းမြို့၌လည်း ကောင်း စတင်ရေးသား လေတော့ သည်။

သက္ကရာဇ် ၁၂၀၆ ခုနှစ်တွင် ဦးပုည လူထွက်ပြန် သည်။ ထိုအခါ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် နန်းတက်တော် မူသည့် ပုဂံမင်း၏ ညီတော်များဖြစ်ကြသော မင်းတုန်းမင်း နှင့် ကနောင် မင်းတို့ အိမ်တော်၌ခစားထမ်းရွက်ခွင့်ရခဲ့ သည်။

နောက်သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်းမင်းတုန်းမင်း

နှင့် ကနောင်မင်တို့သည် ရွှေဘိုမြို့မှနေ၍ နောင်တော် ပုဂံမင်း အား လုပ်ကြံအောင်နိုင်သည်နှင့် မင်းတုန်းမင်းနန်းတက်တော် မူလေသည်။ ဤအတောအတွင်း ဦးပုညသည် ဇန်မော်တိုက်၌ သာမဏေပြုပြန်၍ ပုန်းအောင်နေရသည်။ ထိုသာမဏေဘဝ၌ ရှိစဉ်ဗေဒင်ဟောကိန်း-လင်္ကာများ၊ ဆေးကျမ်း-လင်္ကာများကို ရေးသားသည်။

နောက် ဦးပုညသည် လူထွက်ပြန်၍ ကနောင်မင်းထံ ဆက် လက်ခစားပြန်သည်။ ထိုအခါ ကနောင်မင်း၏ တောင်း ပန်ချက် အရ သဂြိုလ်ကိုးပိုင်း သရုပ်-တေးထပ်များ ရေးသား ဆက်သွင်းရပေ၏။

သက္ကရာဇ် ၁၂၁၄-၁၅ ခုနှစ်တွင် "ယိုးဒယား ဇင်းမယ်ကိုနိုင်သည့်အကြောင်း စာဖွဲ့ရမည်"ဟူသော မင်းတရားကြီး၏ အမိန့်တော်အရ ယိုးဒယားနိုင် မော်ကွန်းကို ရေးသား ရလေ သည်။

အိမ်ရှေ့မင်းထံခစားနေစဉ်အတွင်း မင်းတရားကြီး၏ နန်းတွင်းမိဘုရားကြီးအချို့တို့ အကျင့်ဖောက်ပြား လော်လီကြ သဖြင့် တားမြစ်ရန်အနေနှင့် ဦးပုညအား "ပဒုမ ပြဇာတ်" ကို ရေးသားစေလေသည်။ ထိုပဒုမ ပြဇာတ်ကိုညတွင်းချင်း အပြီးရေး ဆက်သောဟူ၏။ ။ပဒုမဇာတ်ကား အကျင့်ဖောက်ပြား လော်လည်သူ မိန်းမယုတ်တို့အကြောင်း ဖြစ်သဖြင့် အဖိုးတန် မိန်းမကောင်းများ အကြောင်းလည်း ဇာတ်တစ်စောင်ဖြင့် အမွှန်း တင်ပေးပါရန် မိဖုရားတစ်ချို့က တောင်းပန်ပြန်သော ကြောင့် မဒ္ဒီမိဖုရားတည်းဟူသော မိန်းမမြတ်ပါဝင်သည့် "ဝေသန္တရာ ပြဇာတ်" ကိုရေးရပြန်လေ သည်။

ထိုမှတစ်ပါးလည်း မြင်ကွန်းစား မင်းသားအပါ အဝင် မင်းတရား၏ သားတော်အချို့တို့ လွန်စွာ ဆိုးသွမ်း ရင်းရှိကြ သည့်အတွက် ဆုံးမရန်အနေနှင့်"ဝိဇယ ပြဇာတ်" ကိုရေးရ ပြန်သေး၏။ ထိုဇာတ်ကိုပါးစပ်က စီရားပေး၍ မောင်သာထွန်း ဆိုသူက ရေးပေးရရာ ၂ ရက်နားနား နေနေပင် ပြီးသောဟူ၏။

ဂင်းဂ်ါမာလခေါ်"ရေသည်ပြဇာတ်" နှင့်ပတ်သက်၍မူ မင်းတုန်မင်းတရားကြီးနှင့် ညီတော်အိမ်ရှေ့ ကနောင် မင်းသား တို့ စိတ်မကြည်ရှိကြရာမှ ပြန်လည်သင့်မြတ်လာ ကြသောအခါ အိမ်ရှေ့မင်းကတောင်းပန်ဝန်ချပါသော ထိုရေသည်ပြဇာတ်ကို ဦးပုညအားရေးသားဆက်သွင်း စေလေသည်။ ထို ပြဇာတ်ကို မင်းတရားကြီး ဖတ်ရှုရလေ သောအခါ ညီတော်အား ပိုမိုချစ်ကြည်ခြင်း ရှိလာရသည့် အပြင် ဇာတ်အိမ်ဇာတ်သားကို အထူးနှစ်သက်တော် မူသဖြင့် လည်း ရှေ့တော်၌ အခါခါ အထပ်ထပ် ဖတ်လျှောက် က, ပြကြရသောဟူ၏။

မင်တုန်းမင်းတရားကြီးသည် ရတနာပုံ မန္တလေးမြို့ နန်း ကို ၄ နှစ်ခန့်ပြီးစီးတော်မူပြီးနောက် စလေ ဆရာကြီးဦးပုည အား စာဆိုတော်အရာ"မင်းလှသခ်ယာ" ဟူသောဘွဲ့ဖြင့်ရွာ စည်းရွာ ကို ပေးသနားတော်မူလေသည်။ လစာတော်ငွေ တစ်နှစ်လျှင် ၆၀၀ိနှင့် ဝင်းမြေ နေအိမ် ဆောက်လုပ် သနား တော်မူခြင်း လည်းခံရသည်။ သူကြီး ရှိးရာ ရာထူးရရန်မူကား ကိုယ်လက် အင်္ဂါချွတ်ယွင်းနေ သဖြင့် မည်သူကမျှ လျှောက် ထား၍ မပေးဝံ့ကြ။

သက္ကရာဇ ၁၂၂၄ ခုနှစ်တွင် ရတနာနဒီ မြစ်တော်ကို တူးဖော်ဖောက်လုပ်၍ ကျုံးတွင်းသို့ ရေသွင်းရလေသည်။ ဦးပုညသည် ထို"ရတနာနဒီမြစ်တော် မော်ကွန်း"လည်း ရေး သား ဆက်သွင်းသေး၏။

သက္ကရာဇ် ၁၂၂၈ ခုနှစ်အတွင်း မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့ပုန်ကန်ထကြွကြကုန်သည်။ ထိုအခါ ဦးပုညအား အခါပေးသည်ဆို၍မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုးထံတွင် အကျယ်ချုပ်ဖြင့် ချထားသည်။ ထိုအတွင်း မှာပင် ဦးသာအိုး၏ မယားငယ်အချို့နှင့် ရင်နှီးရည်ငံမှု ပေါ်ပေါက်လာပြန်၍ ၁၂၂၉ နှစ်ဦးပိုင်းတွင် မြို့ဝန် ဦးသာအိုး က အဆုံးစီရင်လိုက်တော့သည်။

နောက် မင်းတရားကြီးက အမေးအမြန်းရှိတော်မူသော အခါကျမှ သူပုန်ကြံစည်မှုနှင့် မြို့ဝန်မင်းစီရင်ပြီးဖြစ်ကြောင်း နှင့်လျှောက်တင်ကြသောအခါ "ဟင်. . . . လူကို ့ခွေးသတ်လေ ရဲ့" ဟုမိန့်တော်မူပြီးလျှင် လွန်စွာနှမြောတသတော်မူသတည်း။

**ဦးပုည မေဋ္ဌာစာ**
**(စာ ငှ-ည)**

၁။ဦးပုညမွေးသောခုနှစ်မှာ-
(က)၁၁၄၇ ခုနှစ်
(ခ) ၁၁၇၄ ခုနှစ်
(ဂ) ၁၁၉၄ ခုနှစ်
(ဃ)၁၁၄၉ ခုနှစ်
(င) ၁၂၀၆ ခုနှစ်

၂။ ဦးပုည၏အမည်မှာ-
(က)ပုညသမန်းမျိုးရိုးဖြစ်၍ ထိုအမည်ရှိခဲ့သည်။
(ခ)သာယာဝတီမင်းက မောင်ပုတ်စည်ဟုအမည်ပေးရာမှ ဖြစ် လာသည်။
(ဂ)သျှင်ပုညဟူသော သာမဏေအမည်မှ ရရှိခဲ့သည်။
(ဃ)မင်းတုန်းမင်းတရားကြီးပေးသောဘွဲ့အမည်ဖြစ်သည်။
၃။ဦးပုညမွေးသည့်အချိန်တွင်ရောက်လာသည့်ဆရာတော် တစ်ပါးမှာ-
(က)တူမောင်းဆရာတော်
(ခ) ဗန်းမော်ဆရာတော်
(ဂ) ကြက်သွန်ခင်းဆရာတော်
(ဃ)စလေဆရာတော်
၂။ မိဘများ ကွယ်လွန်သည့်အချိန်တွင် ဦးပုည၏ အသက်မှာ-
(က) ၂ နှစ်သား
(ခ) ၆ နှစ်သား
(ဂ) ၈ နှစ်သား
(ဃ) ၂၄နှစ်သား
၅။ ဦးပုညအား သာမဏေပြုပေးသော ဆရာတော်မှာ-
(က)ကြက်သွန်ခင်းဆရာတော်
(ခ) မုံရွေးဆရာတော်
(ဂ) ဗန်းမော်ဆရာတော်
(ဃ)တူမောင်းဆရာတော်

၆။ ဦးပုည၏ ရဟန်းဒါယကာမှာ-

(က)ဦးဒီပ

(ခ) ဦးမြတ်စံ

(ဂ) စလေမြို့သူကြီး

(ဃ)စလေမြို့အုပ်

(င) သာယာဝတီမင်း

၇။ ၁၂၀၃ ခုနှစ်တွင် ဦးပုည ရဟန်းမှထွက်ရသည်မှာ-

(က)ရဟန်းဘဝတွင်မပျော်ပိုက်၍၊

(ခ) သာယာဝတီမင်းနှင့် ရန်ကုန်မြို့သို့လိုက်လို၍၊

(ဂ) ဒါယကာမများလာရောက်အလှူအတန်းများ၍၊

(ဃ)ပဥ္စင်းဒါယကာနှင့် မသင့်မတင့်ဖြစ်၍၊

(င)မြို့အုပ်မင်းက အထွက်ခိုင်း၍၊

၈။ ဦပုည လူဘဝအဖြစ်နှင့်အမှုတော်ထမ်းသည်မှာ-

(က)သာယာဝတီမင်းထံ၌

(ခ) ပုဂံမင်းထံ၌

(ဂ) မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အိမ်တော်၌၊

(ဃ)ဘကြီးတော်ဘုရားထံ၌၊

၉။ နန်းတွင်းမိဖုရားကြီးအချို့ အကျင့်ဖောက်ပြားသဖြင့် ဦးပုညရေးသား ဆက် သွင်းရသည်မှာ-

(က)ရေသည်ပြဇာတ်

(ခ) ပဒုမပြဇာတ်

(ဂ) ဝိဇယပြဇာတ်

(ဃ)ဝေသန္တရာပြဇာတ်

(င) ရတနာနုဒီ မြစ်တော်မော်ကွန်း

၁၀။ ဦးပုညမျက်ကွက်ခံရသည်မှာ-


(က)ပုဂံမင်းအား ပုန်ကန်ရာတွင်အခါပေး၍

(ခ)မြင်ကွန်း၊မြင်းခုံတိုင်တို့ ပုန်ကန်ရာတွင် အခါပေး၍၊

(ဂ)မြို့အုပ် ဦးသာအိုး၏ မယားငယ်များနှင့် ရင်းနှီးရည် ငံသဖြင့်၊

(ဃ)နန်းတွင်းမိဖုရားကြီးအချို့အကျင့်ဖောက်ပြားသဖြင့် (င) ကိုယ်လက်အင်္ဂါချို့ယွင်းနေသဖြင့်၊

ကျေညက်မှုအဆင့်ကို အောက်ပါပုံ သေနည်းဖြင့် တွက်ထုတ်ပါ။ မိမိမှန်ကန် စွာဖြေဆို နိုင်သော မေးခွန်း အရေအ တွက်ကို၁၀နှင့် မြှောက်ပါ။ယင်းမှာ ကျေညက်မှု အဆင့် ရာခိုင်နှုန်းဖြစ်သည်။ယင်း အဆင့်မှာ၇၀% ကျော်ရန်လိုအပ် သည်ထိုထက်အောက်ကျသွားပါက စာတွင်ပါသည့် အရေး ကြီးသော အချက်အလက်များကျန်သွားလိမ့်မည်။




စာကျေညက်မှုအဆင့်

# စာကျေအောင် ဖတ်နည်း

# Reading Comprehension

"As far as I'm consciously aware,I forget everything I read at one ' including my own stuff."

-Henery Green

“ကျုပ်အဖို့တော့ ကျုပ်ဖတ်ထားသမျှ စာတွေချက်ချင်း အကုန်ပြန်မေ့သွားတတ်တယ်။ ကိုယ်တိုင်ရေးထားတဲ့ စာတောင် ပြန်မမှတ်မိဘူး’

-ဟင်နရီဂရင်း

ဤစာအုပ်တွင် ယခုအခန်းမှစ၍ ဖတ်မည်ဆိုလျှင်တော့ မဖတ်ပါနှင့်ဦး။ ပြီးခဲ့သည့်အခန်းနှင့် ပထမစာအုပ်ကိုမဖတ်ဘဲ ဤအခန်းတွင် ဖော်ပြမည့် ဝေါဟာရတွေနှင့် နည်းနိသယတွေကိုနားလည်မည်မဟုတ်။ ယင်းတို့ကိုအရင် ဖတ်ထားမှသာလျှင် အဆင်ပြေမည်။

ယခုအခန်းတွင် ဖော်ပြမည်မှာ အင်္ဂလိပ်စာဘာသာရပ် ကိုဖြေသည့်အခါ ပါတတ်သည့်စာပိုဒ်ပေး၍ မေးခွန်းများဖြေ ခိုင်းသော Reading Compresionဖြစ်ပါသည်။ အလယ်တန်း အထက်တန်း၊ တက္ကသိုလ်နှင့်အခြား စာမေးပွဲများတွင် အင်္ဂ လိပ်ဘာသာမေးတိုင်းReading Comprehension ပုံစံပါမြဲဖြစ် သည်။

ယခင်ကဖော်ပြခဲ့သော **တဖတ်ပြေးလမ်း**များမှာ အင်္ဂ လိပ်စာတွင် မေးလေ့ရှိသောReading Comprehensionပုံ စံသာ ဖြစ်ပါသည်။ သို့ရာတွင် ယခင်ကပေးခဲ့သည့် တဖတ် ပြေးလမ်းများသည် အခြားဘာသာရပ်များ၌ စာတစ်ပုဒ်ကို ကျက်မှတ်၍ မေးခွန်းများကို အခြားဘာသာရပ်များ၌စာတစ်ပုဒ်ကိုကျက်မှတ်၍မေးခွန်းများကို ဖြေတတ်အောင်လေ့ကျင့်သည့်သဘောရည်ရွယ်၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ယခုအခန်းတွင် ဖော်ပြမည့်နည်းမှာ အင်္ဂလိပ်စာ ဖြေ သည့်အခါ ကြုံရတတ်သည့် Reading Comprehension ကိုဖြေနည်း ဖြစ်ပါ သည်။ Reading Comprehensionများ တွင် ပေးထားသည့်စာပိုဒ် များမှာ အကြောင်းအရာက လေး၊ ဝါကျတွေက ရှည်၊ စကားလုံး အသုံးအနှုန်းတွေက ကတ်သီး ကတ်သတ်။ တော်ရုံတန်ရုံ စာဖတ် မကျွမ်းသူဆိုလျှင် အချိန် သာကုန်သွားပြီးဘာမျှနားလည်လိုက်မည် မဟုတ်။

ထိုပြဿနာကိုလွယ်လွယ်ကလေးဖြစ်အောင် လုပ်နိုင်သည့် နည်း ရှိပါသည်။ ကောင်းကောင်းလည်း ဖြေနိုင်စေရမည်။ သို့ရာတွင် Reading Comprehension တွင်စာပိုဒ်ကိုဖတ် သည့်အခါ အခြား သာမန်စာဖတ်နည်းမျိုးနှင့် ဖတ်၍မရ ကြောင်းကိုတော့ သိထားဖို့လို သည်။ ယခုဖတ်နည်းသည် အဆုံးတွင် ပေးထားမည့် မေးခွန်းများကို ဖြေနိုင်ရုံအတွက် သာဖြစ်ပြီး မှတ်မိရန်အတွက်မဟုတ်။

## မကြောက်နှင့်

မေးခွန်းထုတ်သူများသည် ဖျင်းစရာကောင်းသော အိပ်ချင်စရာ တွေကို ရွေးချယ်၍မေးတတ်သည် အင်းဆက်ပိုး ကောင်တစ်ခုကို သုတေသနပြုလုပ်သောအကြောင်းလည်း ပါရဲ့။ လေပြေနှင့် မုန်တိုင်းအကြောင်းတွေလည်း ပါရဲ့။ ကျောင်းသား၏လက် တွေ့ဘဝနှင့် မနီးစပ်သည့်အကြောင်းအ ရာချည်း ဖြစ်သည်။

မေးခွန်းထုတ်သူသည် ထိုသို့အသည်းယားစရာ အကောင် အလေးတွေအကြောင်းတွေကိုမှစိတ်ဝင်စားတတ်သူလားမဟုတ်ပါ။ ထိုအကြောင်းအရာတွေကိုရှာကြံ၍မေးမြန်းခြင်းသာဖြစ်ပါသည်။ (သူ ကိုယ်တိုင် ထိုအကြောင်းတွေကို စိတ်ဝင်စားသူလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဒါကိုတော့ မသိနိုင်ပါ။)

လူတိုင်းနှင့်'စိမ်း'သည့် အကြောင်းအရာတွေကို တမင် ရွေးမေးခြင်းဖြစ်သည်။ သို့မှသာ မည်သည့်ကျောင်းသားကိုမှ မျက် နှာမလိုက်ရာ ကျမည်။ တစ်စုံတစ်ယောက် သိနိုင်သော အကြောင်း အရာဆိုလျှင် ထိုကျောင်းသားအတွက် အခွင့်အရေး ရသွားနိုင်သည်။

ဥပမာ-မော်တော်ကားစက်အကြောင်း စာပိုဒ်ကိုမေး လိုက် သည် ဆိုပါစို့ မော်တော်ကားအကြောင်းကို မသိသော ကျောင်း သားအတွက် နစ်နာသွားနိုင်သည်။ ဘောလုံး အားကစား အကြောင်းမေးသည်ဆိုလျှင်လည်း ဘော လုံးဝါသနာမပါသော ကျောင်းသားများအတွက် တစ်ပန်း ရှုံးနိုင်သည်။ ယောက်ျားကောင်း ရှာနည်းဟူသောအကြောင်းအရာ မျိုးကိုရော ရွေးသင့်ပါသလား။

မည်သည့်ကျောင်းသားနှင့်မည်မျှမနီးစပ်သည့်အကြောင်း ကို ရွေးမှကျောင်းသားတိုင်းလည်းသိပ်မသိကြ၊လူတိုင်းအတွက်အတွက်အသစ် အဆန်းဖြစ်နေကာ သာသူနာသူ မရှိတော့။ အကယ်၍ ထိုသို့သော ကတ်သီးကတ်သတ် အကြောင်းအရာကို မှသိနေသည် ဆိုလျှင်တော့ 'ကော်'သည်ပဲ။ ဤသည်ကတော့ ချွင်းချက်ဖြစ်သည်။

ပေးထားသောစာပိုဒ်ထဲမှအကြောင်းအရာမှာမိမိနှင့်နီးစပ် သည့် အကြောင်းအရာ မဟုတ်ကြောင်းတွက်ထားပြီးဖြစ်လျှင် စိတ်ပူ စရာ မလိုတော့။ကိုယ်မကြားဖူးသေးသည့်အကြောင်းအရာတွေကို တွေ့လိုက် သည်နှင့် ခြေမကိုင်လက် မကိုင်မိ ဖြစ်သွားလျှင် တော့ညံ့ရာကျပေ မည်။ Reading Comprehension ဆိုသည်ကိုက ကျောင်းသား တွေကိုဦး နှောက်ခြောက် အောင်လုပ်သည့်ပုံစံဖြစ်သည်။

မိမိကတော့ထင်ထားသည့် အတိုင်းတွေ့လာ သဖြင့် 'ပျင်းတောင် ပျင်းသေးတယ်' ဟုတွေးနေရုံပင်။ ကိုယ်ဘေးပတ်လည် တွင် ဖြေဆို နေကြသော ကျောင်းသားတွေမှာ ခုံပေါ်တွင် ခေါင်းစိုက်သူကစိုက်၊

ခွင့်တောင်းပြီးအပြင်ထွက်လိုသူကထွက် ချင်၊ တစ်ချို့က အတန်းထဲမှာစာတော်သူတွေကိုလိုက်နောက်ပြောင်ဖို့ရှာလိုရှာလုပ်နေကြမည်။

မိမိမှာမူထိုသို့မဖြစ်စာဖတ်ကျွမ်းကျင်နေသည်မဟုတ်လား။

## အချက်အလက်နှင့်ဦးတည်ချက်

စာပိုဒ်ကိုမဖတ်မီ**မေးခွန်းများကိုကြိုဖတ်ပါ။**မေးခွန်းများတွင် နှစ်မျိုးနှစ်စားပါတတ်သည်။ **အချက်အလက်မေးခွန်း ဦးတည်ချက်မေးခွန်း**တို့ဖြစ်သည်။**အချက်အလက်မေးခွန်း**ဆိုသည်မှာ"မည်သည့်ခုနှစ်တွင် ရုရှားနိုင်ငံသို့ နပိုလီယံသွား ရောက် တိုက်ခိုက်ခဲ့သနည်း။" ဟူသော မေးခွန်းမျိုး၊ သို့မဟုတ်ကလည်း "သမ္မတလင်ကွန်း၏ဖခင်အမည်မှာ မည်သူနည်း"ဟူသော မေးခွန်းမျိုးဖြစ်သည်။ အချက်အလက်မေးခွန်းမျိုးမှာ စာပိုဒ် ထဲတွင်ရှာကြည့်၍ ရနိုင်သည်။

**ဦးတည်ချက်နှင့် ဆိုင်သောမေးခွန်းများ** "ပေးထားသော စာပိုဒ်၏ အဓိကဆိုလိုချက်မှာ"ဆိုသည်မျိုး၊ "စာပိုဒ်တွင် စာရေးသူတင်ပြချင်သည့် အချက်ကို မည်သည့်အပိုင်းက ထောက်ခံထားသနည်း"ဆိုသည်မျိုး မေးခွန်းများဖြစ်သည်။

အချက်အလက်နှင့်ဆိုင်သောမေးခွန်းများကိုဖြေရန်စာပိုဒ်ထဲတွင်လျှောက်ရှာကြည့်လျှင်တွေ့နိုင်သည်။သို့သော်ဦးတည်ချက်နှင့်ပတ်သက်သောမေးဒခွန်းကိုဖြေဆိုရန်မူ ထိုသို့ရှာ၍မရနိုင်။

မေးခွန်းများကိုလျှောက်ဖတ်ကြည့်သည့်အခါ အသေးစိတ်ကြည့်ရန် မလိုသေးဘဲ အချက်အလက်ကိုမေးထားသည်လား ဦးတည်ချက်နှင့်ဆိုင်သည်ကို မေးထားသည်လား ဆိုသည်ကိုသာ ဦးစွာကြည့်ရမည်။ ထိုမေးခွန်းဘေး တွင်ဦးတည်ချက်နှင့်ဆိုင်သော

မေးခွန်းဖြစ်လျှင်'ဥ'ဟုရေးမှတ် ၍ အချက်အလက်နှင့်ဆိုင် သော မေးခွန်းဆိုလျှင်'ခ'ဟု ရေးမှတ် ပါ။ ပြီးတော့ ထိုမေး ခွန်းများကို တစ်ပုံစီရှာ၍ဖြေဆိုရမည်။

## အချက်အလက်ကို အလျှင်ရှာ

အချက်အလက်နှင့်ပတ်သက်သောမေးခွန်းများကိုအလျှင်ဖြေဆို ပါ။ ထိုမေးခွန်းများကိုဖြေရန် သင်ပေးစရာမလို။ အဖြေမှာစာပိုဒ်ထဲ တွင်ရှာကြည့်၍ရနိုင်သည် မဟုတ်လား။ စာ ပိုဒ်ကိုမျက်လုံးတစ်ချက် ဝှေ့ကြည့်လိုက်ရုံဖြင့်အဖြေဘယ်အနား တွင်ရှိသည်ကို တွေ့လိမ့်မည်။ ထိုအဖြေကိုလမ်းပြသော စာလုံး များကို **လမ်းပြမှတ်တိုင်များ** ဟု ခေါ် သည်။ထိုစာလုံးများနေရာတွင်မျက်လုံးကိုရပ်၍အဖြေကိုကြည့်ရ သောကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် "မည်သည့်ခုနှစ်တွင် ရုရှားနိုင်ငံသို့ နပိုလီယံ သွားရောက်တိုက်ခဲ့သနည်း။ "ဟူသော မေးခွန်းမျိုးတွင် 'နပိုလီယံ'၊ 'ရုရှား' ဟူသောစကာလုံးများကိုရှာရမည်။ ပြီးတော့ ခုနှစ်တွေကို ကြည့်ရပါမည်။**ဝါကျကိုဖတ်ရန်ပင်မလို**။ လမ်းပြစ ကားလုံးများကိုသာ ကြည့်ရန်လိုသည်။ ထိုနေရာတွင် အဖြေမတွေ့သေးပါက နောက် အလားတူ စကားလုံးပါသော နေရာများကို ပြောင်းကြည့်ရမည်။

အချက်အလက်နှင့်ဆိုင်သော မေးခွန်းများသည် တိတိ ကျကျ အဖြေရနိုင်သည်။ တန်းတန်းမတ်မတ် ဖြေ၍ရသည်။ လမ်းပြမှတ်တိုင် စာလုံးများကိုရှာ၍ အဖြေကိုတန်းကြည့်ရုံပင်။

## ပြီးတော့ဦးတည်ချက်

အချက်အလက်နှင့်ပတ်သက်သည့်မေးခွန်းများကိုဖြေပြီး နောက်

စာပိုဒ်ကို ပြန်ဖတ်ပါ။ဦးတည်ချက်နှင့်ပတ်သက်သည့်မေးခွန်းတွေကိုလည်းခေါင်းထဲတွင်ထည့်ထားပါ။စာပိုဒ်၏အဓိကဆိုလိုရင်းကိုရှာရမည်။ စာပိုဒ်တွင်နောင်ဆုံးကောက် ချက်ဆွဲ ပုံကို ကြည့်ရမည်။ တင်ပြထားသည့်အကြောင်းအရာ များကို လိုက်ရှာကြည့်ရမည်။ တင်ပြထားသည့် အကြောင်းအ ရာများ ကို လိုက်ရှာရမည် ဖြစ်သော်လည်းအချက်အလက်ကို ရှာရသည်လောက်တော့လွယ်မည်မဟုတ်။

စာပိုဒ်အားလုံးကိုအကုန်ဖတ်ရမည်လား။ မဟုတ်ပါ။ ပထမဆုံးစာပိုဒ်နှင့်ကျန်စာပိုဒ်များတွင် အစဝါကျများလောက်ကိုသာဖတ်ရမည်ဖြစ်သည်။ စာပိုဒ်၏အစဝါကျကို ကြည့်ခြင်းဖြင့် စာပိုဒ်တွင် ဘာတွေဆက်ရေးရမည်ကို သိနိုင်သည်။ စာပိုဒ်က ရှည်နေသည်ဆိုလျှင်တော့အဆုံးဝါကျကိုပါဖတ်ကြည့်ပါ။ ဆို လိုရင်းကို မသိသေးဟုဆိုလျှင်တော့ သိသည်အထိ ဆက်၍ ဖတ်ပါ။

နောက်ဆုံးစာပိုဒ်ကိုလည်းအကုန်ဖတ်ပါ။ ဦးတည်ချက် နှင့်ပတ်သက်၍ဖတ်သည့်အခါနာမည်တွေနေ့စွဲတွေစသည့်အသေးစိတ်တွေကို ဖတ်မနေပါနှင့်။ အယူ အဆတွေတင်ပြချက်တွေ မည်သို့ဦးတည်နေသည်ကိုသာ သတိထားဖတ်ပါ။ ဦးနောက်နှင့် ပတ်သက်သည့်မေးခွန်းကိုဖြေသည့်အခါစာရေးဆရာ၏အယူအဆတင်ပြချက်ကိုရှာ ဖို့အရေးကြီးသည်။

## စာဖတ်ပြေးလမ်း

## (Reading Comprehension)

ပေးထားသောစာပိုဒ်ကိုဖတ်၍ မေးခွန်းကိုဖြေပါ။

LETUS ASSUME you are young ,healthy, clear,and eager, anxious to rise quickly

and easily to the top of the business world.

You can!

If you have education , intelligence, and ability , somuch the better . But remenber that thousands have reached the top withoyt them . You,too , can be among the lucky few .

Just have courage ,and memories the simple rules in the chapter that follow.

**CHOOSE THE RIGHT COMPANY**

This is the first essential, neglected by so may . There are thousands and thousands of "right" companies. Find them . Make sure *your* company fits these easy requirements:

1.*It is be* BIG .In fact, the bigger the better .It should be big enough so that nobody knows exactly what anyone else is doing.

2.*It shouldbe in abig city* . This is not essential, but it helps. New Yorks City is best , but many others will quilify. the reason are too complited to be taken up here . (See"Be a Commuter "under " How to PlanYour Day," )

3.*beware of "service" Companies.* Be sure your is a company that *makes* something,

and that somebody else has to make it. Any company with a factory will do. Beware of organisations offering personal services, whether they be law offices, adversting agencies,or animal hospitals. They will give you r fu ture.

This will leave you a wide field. Remember, you are aboute to embark on the sea of life. It is important to choose men you would like to sail with.

1.To rise quickly and easily to the top of the business world you need to be:

(A) stout

(B) panic

(C) healthy

(E) tall

(F) sharp-eyed

2. If you have education, intelligence andability you can easily be:

(A) Employer

(B) Employee

(C)Company chairman

(D) Director

(E) Managing director

3. Without certain abilities:

(A) One can reach the top

(B) Many have reach the top

(C)Thousand have reach the top

(D) Few can reach the top

(E)Almost everyone has reach the top

4. Essential is to choose the:

(A) Alle Company

(B) Strone Company

(C) Right Computer

(D) Rich Computer

(E) Banrupt Company

5. The company must be:

(A)Large

(B) Wide

(C) Big

(D) Nobody knows it is there.

6.The company must be in:

(A) A rural area


(B) Abig country

(C) A big city

(D) A big state

(E) A big village

7. Beware of the company sush as:
   (A) Telecom companuy
   (B) Railway company
   (C) Production company
   (D) Service company
   (E) Bank
8. In the passage "clear-eyed" means:
   (A) clean eye
   (B) without glasses
   (C) sharp-eyed
   (D) seeing properth what you shout see.
   (E) seye without disease.
9. The passage pointed out:
   (A) To reach the top
   (B) To get a job
   (C) To set up a company
   (D) To be a employer
   (E) To be rich
10. The suitable title for the passage is:
   (A) How to be richer
   (B) How to rise to the top
   (C) How to apply for jo
   (D) How to be honset men
   (E) How to set up company




**တကျေညက်မှုအဆင့်**

ကျေညက်မှုအဆင့်ကိုအောက်ပါပုံသေနည်းဖြင့်တွက်ထုတ်ပါ။ မိမိမှန်ကန်စွာဖြေဆိုနိုင်သောမေးခွန်းအရေအတွက်ကို ၁၀နှင့်မြှောက်ပါ။ ယင်းမှာ ကျေညက်မှုအဆင့် ရာခိုင်နှုန်းဖြစ်သည်။ ယင်းအဆင့်မှာ၇၀%ကျော်ရန်လိုအပ်သည်။ ထိုထက်အောက်ကျသွားပါက စာတွင်ပါသည့် အရေးကြီးသောအချက်အလက်များကျန်သွားလိမ့်မည်။

'ကြိုဖတ်'ခြင်းဖြင့်စာပိုဒ်ကိုဖတ်သည့်အခါပိုမြန်လာပါရဲ့လား။ ကြိုဖတ်ခြင်းမလုပ်လျှင်စာပိုဒ်ကိုဖတ်ပြီးအချက်အလက်နှင့်ပတ်သက်သည့်မေးခွန်းများကိုတွေ့သည့်အခါစာပိုဒ်အားတစ်ကြိမ်ပြန်ကြည့်နေရ သည်ကို တွေ့ရလိမ့်မည်။

ဘာကိုသတိထားကြည့်ရမည်မှန်းမသိဘဲလျှောက်ဖတ်နေခြင်းသည် အချည်းနှီးသာ ဖြစ်ပေသည်။ ယင်းမှာ ဘာမျှမဖတ်ဘဲနေသည်နှင့်အတူတူပင်မိမိဘာကြောင့်ဖတ်နေသည်ကိုသိနေရမည်

ဦးတည်ချက်နှင့်ပတ်သက်သည့်မေးခွန်းများအတွက်အဖြေကိုရှာရသည်မှာ သိပ်မလွယ်လှ။ သို့သော်မဖတ်မီ ကတည်းကထိုမေးခွန်းများကိုသိထားလျှင် ဖတ်သည့် အခါ မည်သည့်အချက်အား ဂရုစိုက်၍ကြည့်သွားရမည် ကို သိနေပေလိမ့်မည်။

## ကောက်ပြီးရွေး

Reading Comprehension တွင် ပေးထားသည့်စာ ပိုဒ်ထဲ၌ အဓိပ္ပာယ်မရှိသောအကြောင်းအရာတွေ ပါတတ်သည်။ မေးထားသည့်မေးခွန်းများ ဖြေသည့်အခါ ထည့်ဖြေ ရန်မလိုသော အကြောင်းအရာများကို ဆိုလိုသည်။ မေးခွန်း တွေကို ကြိုဖတ်ထားခြင်းဖြင့် အဆိုပါ မလိုအပ်သည့် အ ကြောင်းအရာတွေကို ဖယ်၍ဖတ်သွား နိုင်ပေသည်။

နောက်ပြီးနာမည်များ၊ နေ့စွဲနှင့် ခုနှစ်များ၊ အဖွဲ့အစည်း စာရင်းများ၊ နိုင်ငံများ စသည် အသေးစိတ်တွေကို ကျော်၍ ဖတ်သွားရမည်။

နောက်သတိထားရမည့်အချက်မှာ စာပိုဒ်တွင်ပါရှိသည့် စိတ်ဝင်စား စရာ အကြောင်းအရာတွေကို မဖတ်ဘဲ ရှောင်သင့်သည်။ ထို အကြောင်းအရာများသည် မေးခွန်းတွေ နှင့်မဆိုင်လှ။ ထိုသို့သော စိတ်ဝင်စားစရာ ကောင်းပြီး အရေး မကြီးသည့် အကြောင်းအရာနောက်သို့ မျှောမသွားရန် သတိ ပြုပါ။မေးခွန်းထုတ်သူများသည် ကျောင်းသားများအား ဖြေဖျော်ဖို့ လူဖြစ်လာခြင်း မဟုတ်ကြောင်းကိုတော့ သတိပြု သင့်ပေသည်။

## အလှည့်အပြောင်း

အချက်အလက်နှင့်ပတ်သက်သော မေးခွန်းများကို ဖြေဆိုရန် အဖြေကိုရှာသည့်အခါ 'လမ်းညွှန်မှတ်တိုင်' စကား လုံးများရှိကြောင်းနှင့် ယင်းတို့အနီးတစ်ဝိုက်တွင် အဖြေရှိနိုင်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ယင်းအပြင် **အကွေ့ဆိုင်းဘုတ်** ဟူ၍လည်း ရှိသေးသည်။ သဘော ထား အယူအဆ အဆို စသည်တို့နှင့် ပတ်သက်၍ လမ်းကြောင်းပြောင်းသွားကြောင်းပြသသည့်စကားလုံးများကိုဆိုလိုသည်။ **သို့သော်၊တစ်ဖန်၊သို့ဖြစ်စေကာမူ၊သော်လည်း၊**စသည့်တို့ဖြစ်သည်။

ယင်းတို့သည် မတူသည့်သဘောထားကိုတင်ပြ တော့မည်မှန်း သိသာသည်။ ထိုစကားလုံးများပါလာလျှင် ယခင်စာပိုဒ်က တင်ပြခဲ့သည့် အဆိုနှင့် ဆန့်ကျင်သည့် အဆိုမျိုး နောက်စာပိုဒ်တွင်ပါလာတော့မည်မှန်း သိရပေသည်။

အဆိုပါ စကားလုံးများကို မင်ဖြင့်ဝိုင်း၍ မှတ်ထား ခြင်းဖြင့် စာထဲတွင် ဆိုလိုရင်း၏ ဦးတည်ချက်ကို ခန့်မှန်း၍ရနိုင်ပေသည်။

## လမ်းညွှန်မြေပုံ

စာဖတ်နည်းတို့တွင် နောက်ဆုံးတင်ပြမည့် **လမ်းညွှန် မြေပုံသုံးနည်း** အတွက် အကျွေ့ဆိုင်းဘုတ် စကားလုံး များမှာ အလွန်ပင် အရေးပါလှသည်။ပြီးခဲ့သည့်အခန်းတွင် စာဖတ်သည့်အခါ ပုံတွေဆွဲ၍ ဖတ်သင့်ကြောင်း တင်ပြခဲ့ပြီးဖြစ် သည်။ ယခု လမ်းညွှန်မြေပုံ သုံးနည်း ဆိုသည်မှာလည်း ထိုနည်း အတိုင်းပင်ဖြစ်သည်။

ပထမဆုံးစာပိုဒ်ကို ဖတ်ကြည့်ပါ။ ထိုပထမဆုံးစာပိုဒ် တွင် တင်ပြချင်သည့်အဆို၏ အရိုးအမြွက်ကို သဘောပေါက် လာလိမ့်မည်။ ထိုအဆိုကို ဘေးမျဉ်း အတွင်း၌ အတိုချုပ် မှတ်သားထားလိုက်ပါ။ နောက် စာပိုဒ်တိုင်း၏ဘေးတွင်လည်း ထိုစာပိုဒ် သည်မည်သည့် တာဝန်ထမ်းဆောင်နေသည်ကို အောက်ပါ အတိုင်း စေးမှတ်ပါ-

(၁) အဆိုကို ပံ့ပိုးပေးသည်
(၂) အဆိုနှင့် ပတ်သက်၍ ဥပမာပေးထားသည်
(၃) အဆိုကိုတိုက်ခိုက်ထားသည်
(၄) အဆိုနှင့် ပတ်သက်၍ အခြားသဘောထား အမျိုးမျိုးကို တင်ပြထားသည်

စာပိုဒ်တစ်ခုသည် အသုံးကြမည့်အကြောင်းအရာ တစ်ခုမျှမပါ

သည့်အခါ ထိုစာပိုဒ်သည် တာဝန်မကျေ။ ထို့ကြောင့် ထိုစာပိုဒ်ကို အလေးထားဖတ်ရန်မလို။ ထိုသို့ စားမှတ်ထားသည့် လမ်းညွှန်မြေပုံသည် ဦးတည်ချက်နှင့်ဆိုင်သော မေးခွန်းများ၏ အဖြေရှိရာကိုလမ်းညွှန်ပေးလိမ့်မည်။ ယခုကဲ့သို့ လမ်းညွှန် မြေပုံနှင့် ဖတ်ခြင်းသည် ပေးထား သည့် စာမှ သက်ဆိုင်ရာအဆိုကို ထောက်ခံရေးသားထားသည်လား၊ တိုက်ခိုက်ရေးထားသည်လား ဆိုသည် ကိုသိရမည်။

## စိတ်အေးအေးထား

Reading Comprehension နှင့်ပတ်သက်၍ နောက်ဆုံး တစ်ခုတင်ပြလိုသည်။ လူအတော်များများ Reading Comprehension ကိုဖတ်၍ ဖြေဆိုရာတွင် အဆင်မပြေဖြစ်ရ သည်မှာ စာဖတ်နှေး၍မဟုတ်။ ထိုမေးခွန်းမျိုး ဖြေသည့်အခါ စာဖတ်ပုံနည်းစနစ် နှင့်သာဆိုင်သည်။

ထိုလူတွေ စာပိုဒ်ကိုဖတ်သည့်အခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတတ်သည်။ ဖတ်ပြီးသည်ကို ပြန်ဖတ် လိုဖတ်၊ ကျော်သွား၍ ဖတ်လိုဖတ်၊ ခွေးတွေ ကပြန်ငါတော့ ဖြေနိုင်မယ်မထင်ဘူး ဟုသာ စိတ်ထဲက အောက်မေ့ရင်း ဖတ်နေတတ်သည်။ ထိုကဲ့သို့ ဖြစ်တတ်သူများအတွက် အကြံကောင်း ပေးလိုသည်မှာ-

၁။ စာပိုဒ်ကိုဖတ်နေရင်းဂဏှာမငြိမ်ဖြစ်ရခြင်းသည်အခြားအတွေး တစ်ခုတည်းကြောင့် မဟုတ်ဘဲအတွေးပေါင်းမြောက်များစွာကြောင့် ဖြစ်ရခြင်းဖြစ်သည်။စာပိုဒ်ကိုဖတ်နေရင်း စိတ်မတည်မငြိမ်ဖြစ်လာသည်ဆိုလျှင်အလွယ်တကူဖြေဖျောက် ပစ်နိုင်အောင်တစ်ခုခုလုပ်ရမည်။အကောင်းဆုံးမှာအသက်ကိုပြင်းပြင်းရှူရင်းတစ်မှတစ်ဆယ်အထိလက်ချိုး၍ ရေတွက်ပါ။ ပြီးမှ စာကိုပြန်ဖတ်ပါ။

၂။မေးခွန်းထဲတွင်မိမိမဖြေနိုင်သည့်နောက်မေးခွန်းနှစ်ခုလောက်ပါနေ၍ ကတုန်ကယင် ဖြစ်မသွားပါနှင့်။ လူတိုင်းထိုသို့ ဖြစ်တတ်ကြပါသည်။ အခြားမေးခွန်းကို ပြောင်း ဖတ်ပြီးစော စောကမေးခွန်းကိုနောက်မှပြန် ဖတ်ပါ။

**၃။**စာပိုဒ်မှာ ငြီးငွေ့စရာကောင်းနေသဖြင့် ဆက်မ ဖတ်ချင်လောက်အောင် ဖြစ်နေသည်ဆိုလျှင် မပူပါ နှင့်။ အခြားစာဖြေသူများကလည်းထိုသို့ဖြစ်နေ သည်ဟု မှတ်ပါ။'ကြိုဖတ်'ခြင်း၊ လမ်းညွှန်မြေပုံချခြင်းစသည့်နည်းများကိုသုံးခြင်းဖြင့် အခြားစာဖြေသူများ ထက် ကိုယ်ကသာသွား ပေလိမ့်မည်။သို့ဆိုလျှင် ကိုယ်က စိတ်ချမ်းသာ ဖို့ပင်ရှိသည်။ စိတ်ညစ်စရာမဟုတ်။

၄။ မည်သို့မှုလုပ်၍မရအောင် ဖြစ်နေပြီဆိုလျှင် မိမိခြေထောက်ကို ခဲ တံ ဖြင့် ထိုးပြစ် လိုက် ပါ။မိမိ အတန်းထဲ တွင် စာတော်သည့်ကျောင်းသား ထိုးသည်ဟုပြောပါ။ မိမိလည်းဆေးရုံသို့သွားရမည် ထိုကျောင်းသား လည်းကျောင်းအုပ်ဆရာကြီးရုံးခန်းသို့ အပို့ခံရကာ အမှတ်လျှော့ခံရမည်။ အခြားကျောင်း သားများလည်း ဤမျှခက်သောမေးခွန်ကို မဖြေနိုင်သ ဖြင့်မိမိကိုကျေးဇူးတင်ကြမည်။ မိမိကတော့အ တော်နာသွားပေမည်။ (ရာယ်စရာပြောခြင်း ဖြစ်ပါသည်။ ယခုလို ကိုယ့်ကိုယ် ကိုခဲတံနှင့်ထိုးခြင်း ဖြင့် စာဖတ်ရှိန်လည်း တက်မလာနိုင်။ ထိုအတွက် သူငယ်ချင်းတွေ လည်းအ ထင်ကြီးမည်မဟုတ်)

# စာဖတ်ပြေးလမ်း

# (Reading Comprehension)

အောက်ပါဝါးတားဂိတ်အရေးအခင်းသတင်းဆောင်းပါးကို ဖတ်၍ အောက်တွင်ပေးထားသောမေးခွန်းကိုဖြေ ကြည့်ပါ။တင်ပြခဲ့သည့်နည်းစနစ်များကို အသုံးချခြင်းဖြင့် ပိုမိုအ ဆင်ပြေလာလိမ့်မည်ဟု ယူဆပါသည်။ အကြောင်းအရာနှင့် အရေးအသားမှာ သာမန်ကျောင်းသားတစ် ယောက်အဖို့ အနည်းငယ်ခက်ခဲပါလိမ့် မည်။ ထို့ကြောင့် ပို၍လွယ်သွားစေ ရန် ပထမစာပိုဒ်ကို မြန်မာဘာသာပြန်ပေးထားသည်။

## သစ္စာပျက်ပြားမှု

ဝါရှင်တန်မြို့ရှိ ဒီမိုကရက်တစ် အမျိုးသားကော်မတီ၏ ရုံးဖြစ်သော ဝါးတားဂိတ် အဆောက်အအုံအတွင်းသို့ ခိုးဝင်ကာအသံဖမ်းစက်များလျှို့ဝှက်တပ် ဆင်သွားကြောင်း ထင်ရှားသဖြင့် ဖောက်ထွင်းသူ ငါးဦးအား ကိုလံဘီယာ ခရိုင်ရဲတပ် ဖွဲ့က ၁၉၇၂ ခုနှစ် ဇွန်လအတွင်း ဖမ်းဆီးခဲ့သည်။ နိုင်ငံခြား သား ကျူးဘားလူမျိုးသုံးဦးနှင့် အမေရိကန်နိုင်ငံသား နှစ်ဦး ပါဝင်သည့် တရားခံများသည် စီအိုင်အေအဖွဲ့နှင့် အဆက်အ သွယ်ရှိပြီးဋ္ဌင်းတို့ထံမှ ရရှိသည့်သဲလွန်စများအရ အမှုမှာ အစိုး ရအဖွဲ့ဝင်အတိုင်ပင်ခံအရာရှိ အီဟောင်း ဝပ်ဟန့်လည်းပါဝင် ပတ်သက်နေကြောင်းတွေ့ရှိရသည်။ ဟန့်သည် လွန်ခဲ့သည့် ဆယ်နှစ်နှစ်က ဝက်ပင်လယ်အော် ကျူးကျော်မှုတွင် အစီအစဉ် ကို ကူးပေးခဲ့သူဖြစ်ပြီး ယခုလည်း သမ္မတ၏ မဲဆွယ်ပွဲအရာ ရှိ ဂျီဂေါ်ဒွန်လစ်ဒီအား အကူအညီပေးနေသူ ဖြစ်သည်။ တရား ခံခုနှစ်ယောက်စလုံး

ကိုစွဲချက်တင်ထားသည်။ သမ္မတ နစ်ကဆင်၏ မဲဆွယ်ပွဲကော်မတီ တာဝန်ခံလည်းဖြစ်၊ သမ္မတ ၏မိတ်ဆွေလည်းဖြစ်သူ ရှေ့နေချုပ်ဟောင်း ဂျွန်မစ်ရှဲကမူ ထိုကိစ္စနှင့်ပတ်သက်၍ မိမိကြိုတင်သိရှိခြင်းမရှိပါကြောင်း ငြင်းဆိုထားသည်။ တစ်ချိန်တည်းတွင်လည်း ရာထူးမှ နုတ် ထွက်သွားခဲ့သည်။

**Breach of Faith**

In June, 1972, the District of Columbia police took into custody five burglarswho had broken into the offices of the Democratic National Commitee at the fashionable Watergate complex in Washington, apparently to plant a listening device. A trail of clues led incredibly from the perpetrators -- three Cuban emigres and two native -born Americans,all with CIA connections to-- E. Howard Hunt, an administratio consultant who a dozen years earlier had helped plan the Bay of Pigs invasion, and to G. Gordon Liddy, a Republican campaign official. All seven men were indicted. The head of the Nixon campaign committee, the president's close friend, former Attorney General John Mitchell, denied prior knowledge but resigned all the same.

As the Watergate Seven awaited trail that fall, the Demorats attempted unsuccessfully to make an issue of the episode. The American electorate, apparently unwilling to face the prospect of a McGovern presidency, behaved almost as a willing conspirator in the increasigly dubious pretence that the break-in had been the work of a few overzealous underlings. In fact, Nixon himself had secretly allowed his top domestic aide, H.R. Haldeman, to dissuade the FBI froma serious invetigation that would have demonstrated otherwise.

Throughout1973 and into 1974, the cover-up slowly came apart, partly because of pressure from a determined opposition, partly because Nixon and those around him displayed monumental ineptitude and inexplicable irresolution in dealing with a matter of political life and death. The events well known: the conviction of the original Watergate burglars the decision of their leader to implicate hitherto untouched administration figures; an investigation conducted by a special Senate committee headed by Sam Ervin

of North Carolina; indictments of more administration figures; the resignations of FBI director L. Patrick Gray and Attorney General Richard Kleindienst; the appointment of Archibald Cox as special prosecutor; the discovery that the president had taped most of his confidential conversations; the inexorable push to make the taped public; the Saturday Night Massacre firing of Cox and others in October, 1973; the conviction of various administration officials on charages such as perjury and obstruction o f justice; continued pressure from a new special prosecutor, Leon Jaworski; the issuance of some "sanitized" transcripts; court orders mandating full release of the tapes. Along the way, there also occurred the forced resignation of Vice-President Agnew under charges of taking illegal payoffs,and Internal Revenue Service assessment against the presidentfor back taxes, and the revelation that some of the Watergate burglars had been part of a White House "plumbers" unit that had engaged in other illegal activities.During the last week of July 1974, the House Judiciary Commit-

tee recommended impeachment. A few days later, Nixon was forced by his own angry lawyers to release the "smoking gun" transcript of June 23, 1972, proving conclusively that the president long had known about cover-up efforts. On August 8,1974, he became the first chief executive in American history to resign from office.

As with any series of events played out on the level of epic human drama. Watergate was utterly fascinating in itself-- for its human interest, its complexity, and its altera - tion of the course of American history. Be - yound the publiciew of powerful men parading from the Senate committee rooms to the courtrooms and thence to pubilic disgrace, however, there remain compelling questions. How could Watergate have happened in the first place? And how could a trivial surreptitious entry about which a president almost certainly had no advance knowledge be allowed to become a national obsession for nearly a year and a half? And how could this obsession bring down a leader who had been elected by overwhelming

majorities? The answers appear to reside whthin Richare Nixon-- in his own insecure, meanspirited personality andthe responses it aroused.

1. Accordingto the passage,the action initially responsible for the downfall of President Nixon was
   (A) the Bay of Pigs.
   (B) the Watergate break in
   (C) the taping of confidential conversations
   (D) the hiring of E. Howard Hunt
   (E) the firing of the independent prosecutor

2. The term "smoking gun," as used in the passage, implies
   (A) information which led to discovery of the break-in
   (B) information which led to resignation of the FBI director
   (C) the weapon used by Nixon to kill himself
   (D) information which proved Nixon's culpa bility
   (E) information which implicated Nixon's participation in the break-in

3. The name of the *second* special prosecutor was
(A) Leon Jaworski
(B) L.Patrick Gray
(C) Archibald Cox
(D) Sam Ervin
(E) Spiro Agnew

4. The purpose of the initial break-in at the Watergate Hotel was to
(A) spy on the Democrats
(B) plant an Agent at the Democratic National Convention
(C) steal documentation outlining the Demo crats plans for the upcoming election
(D) assasxsinate George McGovern, the Democratic candidate
(E) plant listening devices

5. The special senate committed was headed by
(A) Archibald Cox
(B) Sam Ervin
(C) G.Gordon Liddy
(D) L.Patrick Gray
(E) Richard Kleindienst

6. Which of the following, if ture, most supports the author's position?
(A) The FBI waslater cleared of any complicity in covering up the break-in.
(B) President Gerald Ford Subsequently parduned Richard Nixon.
(C) Richard Nixon grew up insecure and unsure ofhis position in life.
(D) Pat Nixon, Richard's wife, was a Rhodes scholar.
(E) Archibald Cox later suggested that he was fired because he was discovering the truth.


7. Who, according to the passage, was most responsible for the downfall of President Nixon?
(A) E. Howard Hunt
(B) G. Gordon Liddy
(C) John Mitchell
(D) Spiro Agnew
(E) Richard Nixon

8. Which member of the Nixn advisers was integral in the planning of the Bay of Pigs invasion?
(A) Richard Kleindienst
(B) G. Gordon Liddy
(C) Sam Ervin

(D)E. Howard Hunt
(E) L. Patrick Gray

9. The title *Breach of Faith* refers to
(A) the disregard of the President for the electorate
(B) the disregard of the prosecutors for the President
(C) the disregard of members of the cabinet for the President
(D) the disregard of the Republican party for the Democratic party
(E) All of the above

10. The "Saturday Night Massacre" mentioned in the passage refers to
(A) the resignation of major cabinet officials in the face of potential prosecution
(B) the firing of major cabinet officials in the face of potential prosecution
(C) the firing of Archibald Cox and the special prosecutors
(D) the firing Leon Jaworski and the special prosecutors
(E) the resignation of L. Patrick Gray and Richard Kleindienst in the face of potential prosecutionaus




စာကျေညက်မှုအဆင့်

ကျေညက်မှုအဆင့်ကိုအောက်ပါပုံသေနည်း အ တိုင်း တွက်ထုတ်ပါ။

မိမိမှန်ကန်စွာ ဖြေဆိုနိုင် သောမေးခွန်း အရေအတွက် ကို ၁၀ နှင့်မြှောက်ပါ။ယင်းမှာကျေညက်မှုအဆင့်ရာခိုင်နှုန်းဖြစ်သည်။ယင်းအ ဆင့်မှာ ၇၀% ကျော်ရန် လိုအပ်သည်ထိုထက်အောက်ကျ သွားပါကစာတွင်ပါသည့်အရေးကြီးသောအချက်အလက်များ ကျန်သွားလိမ့်မည်။